www.burmeseclassic.com

# သုဝေး

# မီးတောက်ဟောင်းကလေး

# Old Flame

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com

Thu Way

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊ ၃၉လမ်း၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(ဝ၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သူဝေး

(မီးတောက်ပြောင်းကလေး) သူဝေး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၂

စာ-၁၂၅၊ ၁၉.၅ စင်တီ။

(၁) မီးတောက်ပြောင်းကလေး

# မီးတောက်ပြောင်းကလေး

www.burmeseclassic.com

www.burmeseclassic.com

# မိုးတောက်ပေါင်းကလေး

## နိဒါန်း (၁)

"ဗွား . . ."

သစ်ရွက်ဝါတွေအုပ်ဖွဲ့၍ လွင့်ကြွေမျောသွားတာကိုမြင်တော့ သူမ ထိုသို့ အသံပြုမိသည်။ လွမ်းစရာကောင်းသောရှုခင်းလေးကို သူမ သဘောကျမိသည်။ ပြုံးလျက်သားမျက်နှာလေးနှင့် ပြတင်းပေါက်မှာ မေးထောက်ပြီး ငေးနေလိုက်သည်။

ခဏကြာမှ တစ်စုံတစ်ခုကိုသတိရကာ စာကြည့်စားပွဲသို့ သူမ ပြေးလွှားသွားမိသည်။ စားပွဲပေါ်မှာ ဘောလ်ပင်ညှပ်၍ပိတ်ထားသော လက်တစ်ဝါးစာ စာအုပ်လေးတစ်အုပ်။ သူမ၏ ဒိုင်ယာရီစာအုပ်လေး။

သူမဖွင့်ကြည့်လိုက်တော့ ဒိုင်ယာရီထဲမှာ စာတစ်ပိုဒ်တွေ့ရသည်။

"မနက်ဖြန် နံနက်ခင်း(၉)နာရီ သူနှင့်တွေ့ရမည်
မိုးနှင်းပွင့်ကလေး ခဏဖြစ်ခွင့်ရသလို ငါပျော်သည်"

စာအုပ်ထဲမှမနက်ဖြန်ဆိုသည်မှာ အပြင်က,ယနေ့ပင်ဖြစ်သည်။ ကြည့်စမ်း . . . ငါ သိပ်နမော်နမဲ့နိုင်လိုက်တာ။ ညက ဒိုင်ယာရီကို သေ



www.burmeseclassic.com

www.burmeseclassic.com

ချာပြန်မသိမ်းထားမိပါလား။ မီချီအဲများ ဖတ်မိသွားသေးလား၊ ငါ့ကို တော့ စ,နောက်နေတော့မှာပဲ။

သူမ သံသယတစ်ဝက်နှင့် ရုက်စိတ်ဝင်လာမိသည်။ ဒိုင်ယာရီ ကို သေချာသိမ်းပြီးမှ ရေချိုးကိုယ်လက်သန့်စင်ကာ အဝတ်အစားလဲ လိုက်သည်။ မှန်ရှေ့ ကြာကြာထိုင်လေ့မရှိသော သူမ၊ မှန်ရှေ့ ငါးမိနစ် ထက် ပိုထိုင်တာ အချိန်ဖြုန်းတာပဲဟု ယူဆခဲ့သော သူမ၊ ဒီတစ်ခါ မှန် ရှေ့နည်းနည်းကြာကြာထိုင်မိတော့ ကိုယ့်ဘာသာကိုယ် ရှိုးတိုးရှန့်တန့် ဖြစ်နေရှာသည်။

"သူနဲ့တွေ့ပြီးရင် သင်တန်းကို တန်းကူးရမှာဆိုတော့ . . ."

သူမ တွက်တွက်ချက်ချက်နှင့် ဂီတနုတ်စာရွက်လေးတွေကို ကျောပိုးအိတ်ထဲထည့်သည်။ ဂီတသင်တန်းပြီးရင် အားကစားခန်းမသွား ရမည်ဖြစ်၍ သန့်ရှင်းရေးဝတ်စုံကိုလည်း ထည့်သည်။

ဘာလိုသေးလဲ စဉ်းစားပြန်သည်။ အပိုအလိုမရှိ အားလုံးပြည့် စုံပြီဟု စိတ်ချရမှ သူမ အခန်းထဲမှ ထွက်ခဲ့သည်။

သူမအောက်ဆင်းပြီး အိမ်ရှေ့လမ်းရောက်မှ အခုမှ ရေချိုးခန်း ထဲကထွက်လာသော မီချီအဲက ပြတင်းပေါက်ကနေ လက်လှမ်းပြသည်။

"ခေးအိစဆွတ် နို ခခိုမရဲတံအိလု"

ဟု လှမ်းအော်ပြောလိုက်တော့ သူမလည်း ပြုံးရွှင်စွာ ထိုစကား အတိုင်းပင် ပြန်ဖြေလိုက်သည်။ ပြီးတော့ နှစ်ယောက်သား ရယ်မိကြ သေးသည်။

နောက်ထပ် ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ သူမ ဥယျာဉ်က လေးတစ်ခုသို့ ရောက်ခဲ့သည်။ ဥယျာဉ်ကလေးထဲ မဝင်ခင်မှာဘဲ သူမ သတိရသွားသည်။

"အိုး . . . မေ့တော့မလို့"

နဖူးကို လက်နှင့်ရိုက်ကာ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးမိသည်။ ရေခဲမုန့်ဝယ်ရဦးမှာကို သူမမေ့နေသည်။ သူမ ဖိနပ်ဖြူလေးနှင့်ခြေစုံရပ်



[illegible] စဉ်းစားမိသေးသည်။ 'ရယ်ရယ်မောမောနဲ့ ရေခဲမုန့်စားနေတဲ့ သူ့ [illegible]လေးကို ဓာတ်ပုံရိုက်ပြီး သိမ်းထားရမယ်' ဟူ၍။

သူမ အနီးနားကဆိုင်တွေမှာ လိုက်ဝယ်သည်။

"အိုင်းစု အရိမစုကာ"

"မို့ အိုဝက်တရော"

သူမ ရေခဲမုန့်ရှိလားမေးတော့ ဆိုင်ရှင်က မရှိ၊ ကုန်သွားပြီဟု ပြောသည်။ အနီးနားကဆိုင်တွေ အကုန်လိုက်မေးတော့လည်း ထိုသို့သာ ပြောနေကြသည်။

မနီးမဝေးကဆိုင်တွေဆီလည်း သွားဝယ်ကြည့်ရှာသည်။

"အိုင်းစု အရိမစုကာ"

"အိုင်းစုမို့ အိုဝရိမရှိတ"

တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်မေးကြည့်တော့လည်း ရေခဲမုန့်ကုန် သွားပြီဟူသည့် အဖြေကိုသာ ကြားရသည်။

သက်ပြင်လေးခိုးချရင်း သူမ စိတ်ညစ်မိသည်။ ဒီနေ့မှ တိုက် တိုက်ဆိုင်ဆိုင်။ သည်နေ့ တနင်္ဂနွေနေ့။ 'ဟုတ်သားပဲ၊ တနင်္ဂနွေနေ့ဟာ ကမ္ဘာပေါ်မှာ ရေခဲမုန့်စားတဲ့သူ အများဆုံးနေ့ပဲ။ ငါဝယ်တာ နောက်ကျ သွားတာကိုး'။ သူမ ထိုသို့တွေးမိပြီး နှုတ်ခမ်းလေးဆူမိသည်။

တစ်ဆိုင်ပြီးတစ်ဆိုင် နှံ့အောင် ထပ်ရှာဝယ်ကြည့်သည်။ ကံ ကြမ္မာက မျက်နှာထားတည်တည်နှင့်။ သူမအတွက် ရေခဲမုန့်လေးတစ်ခု တောင်ချန်မထား။

သူမ နည်းနည်းထက်ပို၍ စိတ်ဓာတ်ကျသွားသည်။ ငါ ရေခဲမုန့် ဝယ်ခဲ့မယ်လို့ သေချာပြောခဲ့တာ မပါလာရင် ငါ့ဘက်ကလည်းမကောင်း ဘူး။ သူလည်း စိတ်ခုသွားမှာ။ ဆက်ရှာကြည့်ပါဦးမယ်လေ။

မနက်ခင်းတစ်ခုဌ် ရွက်ကြွေဝါတို့လွှင့်ဝဲနေသော လမ်းကလေး ထက်တွင် ရေခဲမုန့်ကလေးတစ်ခုကို ခဲရာခဲဆစ်လိုက်ဝယ်နေသော ကောင် မလေးတစ်ယောက်၏ အဖြစ်အား မြင်ယောင်ကြည့်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

သူမ နာရီကိုငုံ့ကြည့်တော့ (၉)နာရီထိုးဖို့ဆယ့်ငါးမိနစ်။ ချိန်းထားသည့်နေရာကိုလည်း နောက်မကျချင်။ ရေခဲမုန့်လည်း လိုချင်မိသည့်အဖြစ်က မျက်စိလည်းမမှိတ်ချင်၊ နာလည်းချေချင်သလို ဖြစ်နေပြီလား။

တစ်နေရာရောက်တော့ တံခါးပိတ်ထားသော အိမ်တံစက်မြိတ်တစ်ခု၌ ကလေးငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ကလေးငယ်၏ဘေးနားမှာ ရေခဲမုန့်လေးတစ်ခု။ အခွံမချွတ်ရသေး၊ အရည်မပျော်သေး၊ အိမ်နံရံလေးကိုမှီပြီးထောင်ထားသည့် ရေခဲမုန့်လေး။

ကလေးလေးက လက်စွဲ(Piano)လေးတစ်ခုကို ဒူးနှစ်ဖက်ပေါ်တင်ခင်းထားကာ တီးနေခြင်းဖြစ်သည်။ တီးလုံးနုတ်တွေမှားကာ သူလိုချင်သည့်အသံမရဖြစ်နေသည်။ ခေါင်းကို ကုတ်လိုက်၊ မျက်နှာကို ပွတ်လိုက်နှင့်။

ကလေးလေးကိုမြင်လိုက်သော သူမအတွက်တော့ ကောင်းသောမြင်ခြင်းပါ။ နုတ်မှားနေသောတီးလုံးက သူမအတွက် အကြားမတော်စရာဖြစ်နေသည်။ အဆင်မပြေသူများ၊ အခက်ကြုံသူများကို ကူညီပေးချင်စိတ် အမြဲရှိသော သူမ ကလေးလေးအနားသို့ တရွေ့ရွေ့သွားကာ ထိုင်မိသည်။

ကလေးလေးက သူမကို ကြည့်သည်။ သူမက ရေခဲမုန့်လေးကို တစ်ချက်ကြည့်ပြီးမှ ကလေးလေးကိုကြည့်ကာ ပြုံးပြလိုက်သည်။ ကလေးလေးက သူ့တီးလုံးကို ဆက်တီးသည်။ လွဲနေပြန်သည်။ 'ဒို' လား၊ 'ဆို' လား စမ်းတီးကြည့်ပြန်သည်။ မမှန်ပါ။

ကလေးလေး ဘာသီချင်းကို တီးနေမှန်း သူမ ရိပ်မိသည်။ ထို့ကြောင့် ကလေးဆီက(Piano)ကို ခေတ္တတောင်းယူလိုက်သည်။ ကလေးလေးက ကြည်ကြည်ဖြူဖြူ ပေးသည်။ သူမကလည်း ဒူးကွေးထိုင်၍ (Piano) ကိုတင်ကာ တီးပြလိုက်သည်။ ဂျပန်ပေါ့ပ်သီချင်းတစ်ပုဒ်၏ (Chorus) တီးလုံးလေးဖြစ်သည်။ သူမတီးတာကို ကလေးလေးက ပြုံး



ကြည့်နေသည်။ သူမက တေးသွားကို တီးရင်း ကလေးလေးကိုကော ရေခဲမုန့်လေးကိုကော ကြည့်မိသည်။

တေးသွားဆုံးတော့ ကလေးလေးကို (Piano) ပြန်ပေးကာ တီးခိုင်းကြည့်သည်။ ကလေးလေးကလည်း ကျွမ်းကျင်စွာ ပြန်တီးနိုင်သွားသည်၊ သူမက ကလေးလေးခေါင်းကိုပွတ်ကာ တော်ကြောင်းချီးကျူးပြီး ပြန်ထွက်ခဲ့လိုက်သည်။

သူမ ခြေလှမ်းလေးငါးလှမ်းပဲ လှမ်းရသေး ကလေးလေးက သူမရှေ့ကပြေးရပ်ကာ တားဆီးလိုက်သည်။

သူမ နားမလည်စွာကြည့်မိတော့ ကလေးလေးက ချစ်စဖွယ်ပြုံးနေပြီး ကလေးလေး၏လက်က သူ့ကို ရေခဲမုန့်ထိုးပေးနေသည်။

သူမ အံ့သြသွားသလို ပျော်လည်းပျော်သွားသည်။

သူမ အကြိမ်ကြိမ်ခေါင်းညိတ်ကာ . . .

"အရိဂတိုး . . . အရိဂတိုး ဂေါ်ဇိုင်းမတ်စ် . . ."

ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောတော့ ကလေးလေးက တဘုတ်ဘုတ်နှင့် အဝေးကို ပြေးထွက်သွားသည်။

ရေခဲမုန့်လေးကိုကြည့်၍ သူမ ရင်ခုန်မိသည်။ သူ့အတွက် ရေခဲမုန့်ရပြီ။ စိတ်ထဲသိပ်ပျော်ရွှင်၍ အခုမှ ခြေလှမ်းတွေလည်း ပေါ့ပါးသွားတော့သည်။ မြူးတူးစွာနှင့် ဟိုဘက်လမ်းသို့ ပြေးကူးစဉ်မှာတော့ . . .

. . . . . . . . . . . .

**ဖလထဲ လွင့်သွားသော ရေခဲမုန့်လေး . . .**

**တုံ့ခနဲရပ်သွားသော ကားတစ်စီး . . .**

**သွေးရည်စက်လက်နှင့် လဲကျသွားသော . . .**

**ကျောပိုးအိတ်နှင့် ကောင်မလေးတစ်ယောက် . . .**

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

!!! ရှာချလာတာက
ပကတိအမှား
မိုးနှင်းပွင့်လေး ခဏဖြစ်ခွင့် ရချင်သူ
မည်သူမျှ လက်ခုပ်ဖြူဖြူနဲ့ မခံယူခဲ့တော့ . . .
. . . . . . . . . ။



## နိဒါန်း (၂)

### (a) လောင်းကစားသမားနှစ်ယောက်

မီးပွိုင့်ကြီးတစ်ခုအနီး ပလက်ဖောင်းပေါ်တွင် ဆိုက်ကားသမားအချို့ လာဂိတ်ထိုးတတ်သည်။ ဂိတ်ထိုးရင်း ကြွေအံပစ်တမ်း၊ ကျားထိုးတမ်း စသဖြင့် အလွယ်တကူကစားရှုရသည့်အရာများကို ကစားခြင်းဖြင့် ဆိုက်ကားသမားတို့ အပန်းဖြေကြသည်။ ထိုအနားသို့ လောင်းကစားသည့်အမှုကို သည်းခြေကြိုက်ဖြစ်နေသော လူနှစ်ယောက်လည်း အမြဲရောက်လာတတ်သည်။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သူတို့ကတော့ ငွေကြေးလေးပါမှ လောင်းကစားလုပ်ချင်ကြသည်။ သူတို့သည် ဆိုက်ကားသမားများနှင့်အတူ လောင်းကစားဝင်လုပ်သည်။ ဆိုက်ကားသမားများ မရှိချိန်တွင် သူတို့နှစ်ယောက်တည်း လောင်းကြပြန်သည်။ လောင်းကြရာတွင် ကြွေအံပစ်၊ ကျားထိုး၊ အန်စာတုံးလှည့်ရုံတင်မက လူလစ်ရင် အိတ်ကပ်ထဲမှ ဖဲထုပ်လေးကိုထုတ်ကာ နှစ်ယောက်တည်း ခိုးကစားကြသေးသည်။ အခြားထွေလီကာလီ လောင်းကစားနည်းများဖြင့်လည်း ကြုံသလို ကစားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကုန်လည်း အိမ်မပြန်ဘဲ ညနေရောက်မှသာ ပြန်တတ်ကြသည်။

တွေ့သည့်လူကိုဆွဲပြီး လောင်းကစားလုပ်တတ်သောကြောင့် သူတို့အနားသို့ မည်သူမျှမကပ်ရဲ။ ဆိုက်ကားသမားများပင် သူတို့နှစ်ယောက်ရှိလျှင် မလာကြတော့။ ရပ်ကွက်ထဲက နာမကျန်းဖြစ်နေသော ဒေါ်အေးကြီးကိုလည်း သောကြာနေ့သေမည်၊ စနေနေ့သေမည် စသဖြင့် လောင်းကြသေးရာ ဒေါ်အေးအိမ်က မိသားစုက ဝိုင်းရိုက်လို့ ထွက်ပြေးရဖူးသည်။ ဒေါ်အေးကား ကြာသပတေးနေ့တွင်သေ၏။

"ငါတို့ ဒီလောက်လောင်းကစားလုပ်တာတောင် သူ့ကို မမီလောက်သေးဘူး"

"ဘယ်သူ့ကိုလည်း"

"စတုတ္ထမြောက်(Sandwich) မြို့စားကြီး မွန်တေဂုဆိုတဲ့လူကိုပေါ့ကွာ။ အဲဒီငနဲကြီးက ဖဲရိုက်တာ ဝါသနာအိုးကြီးတဲ့။ ဖဲဝိုင်းတည်လိုက်တာနဲ့ မထတော့ဘူးတဲ့။ ဗိုက်ဆာရင်တောင် သူ့တပည့်တစ်ယောက်ကို ထောပတ်သုတ်ထားတဲ့ ပေါင်မုန့်နှစ်ချပ်ကြားမှာ အသားနည်းနည်း ညှပ်ပြီး ယူလာခိုင်းတာတဲ့။ အဲဒီကနေ (Sandwich) ဆိုတဲ့ အသားညှပ်ပေါင်မုန့်ဆိုပြီး တွင်တော့တာပဲတဲ့။ အဲဒီငနဲကြီး ထွင်ခဲ့တာပေါ့ကွာ"

'အစားတောင်မေ့သည်' ဆိုတဲ့အထဲက ဖြစ်မည်။

"အဲဒီလူကြီး အပေါ့အလေးသွားချင်ရင်ကော ထိုင်ရာကထရဲ့လား"

"အေး . . . အဲ့ဒါတော့ မသိဘူးကွ"

(Sandwich) မြို့စားကြီးက သူတို့ထက် ပိုလောင်းကစားလုပ်နိုင်ခဲ့သဖြင့် သူတို့ သိပ်မကျေနပ်တာတော့ အမှန်။

မြို့စားကြီးလောက် အချိန်မပေးနိုင်သော်လည်း စား၊ အိပ်နှင့် ကျန်းမာရေး အပေါ့အပါးကိစ္စမှလွဲ၍ သူတို့သည်လည်း လောင်းကစားမှု၌သာ အချိန်ကုန်၏။



တစ်နေ့ သူတို့ထဲကတစ်ယောက်က ဘယ်ကနေဘယ်လို မှတ်သားလာသည်မသိ။ လောင်းကစားခြင်းအပြစ်(၆)ပါးကို အလွတ်ကျက်ထားသည်။ ပြီးတော့ သူ့ကောင်ကို ရွတ်ပြသည်။

၁။ နိုင်သောသူသည် ရန်များသည်၊ ရန်မီးပွားရသည်။

၂။ ရှုံးသောသူသည် ဥစ္စာအတွက်ပူပန်ရမည်။ မိသားစု စိတ်ဆင်းရဲရမည်။

၃။ ကိုယ်တွေ့မျက်မြင် ပစ္စည်းဥစ္စာဆုတ်ယုတ်သည်။

၄။ တရားရုံး၌ လောင်းကစားသမား၏စကားသည် သက်သေအဖြစ်မတည်။

၅။ အဆွေခင်ပွန်းတို့ မထီမဲ့မြင်ပြုမည်။

၆။ သားမယားကို လုပ်ကျွေးရန်မစွမ်းသူအဖြစ် သတ်မှတ်ကြမည်။ သားပေးသမီးယူ ပြုလိုသူတို့သည်လည်း ငြိုငြင်ကြကုန်၏။

"ကဲ . . . ငါတို့ ဒီအပြစ်(၆)ပါးမခံရအောင် ဘယ်လိုလောင်းကြမလဲ"

"လွယ်လွယ်လေးပါကွာ။ ဒါ လောဘ၊ ဒေါသတွေကြောင့် ဥစ္စာတွေဆုံးရှုံး ရန်တွေများရတာပေါ့။ ငါတို့က လောင်းရရင် ပြီးတာပဲကိုးကွ။ ဒီတော့ ကြေးလျှော့ကစားမယ်။ ညနေကျတော့ ဘယ်သူနိုင်နိုင် လိုက်ဒိုက်ကြေးပေါ့။ ကဲ . . . ဘယ်လောက်မျှတလဲ"

"အဟား . . . မင်းဉာဏ်ကောင်းတယ်"

ထိုသို့ပင် သူတို့အကြောင်းပြချက်နှင့်သူတို့ အဆင်ပြေနေသော လောင်းကစားသမား နှစ်ယောက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆) သူရူး

"ဒါပေါ့ . . . သမီးရယ်။ ဘဝမှာ အောင်မြင်ချင်ရင် အလုပ်တကယ်လုပ်ရမယ်။ ဟုတ်တယ် . . . စာလည်းဖတ်ရမယ်။ လင်ကွန်းဟာ တောအုပ်ထဲက မီးဖိုလေးဘေးမှာ စာဖတ်ခဲ့ရတဲ့သူလေ။

ဪ . . . သမီးတို့ အဲဒီတိုင်းပြည်မှာ နှင်းတွေကျနေပြီလား။ မှန်တယ်၊ ရက်စက်မှုကိုရှောင်ရမယ်။ ကိုယ်ချင်းစာစိတ် မွေးရမယ်။ ဘယ်သူမပြု မိမိမှုတဲ့။ ကိုယ်ညံ့တဲ့လုပ်ရပ်အတွက် ကိုယ်တာဝန်ယူရမယ်။ ရင်ဆိုင်ရဲရမယ်။

ဟုတ်တယ် . . . ။ အများသုံး အနာဂတ်တွေနဲ့ ဘဝကို ရပ်မပစ်နဲ့။ အိပ်မက်ဆိုတာ အိပ်တုန်းမက်ဖို့ မဟုတ်ဘူး။ လက်ဆုပ်လက်ကိုင်ပြဖို့။ ဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ထားတဲ့စိတ်ဟာ လူတွေမှာပဲရှိတာ။ ဟုတ်တယ်။ ဆင်ခြင်တုံတရားက အရေးကြီးဆုံးပဲ။ ရပ်ပြစ်ရှစ်ပါးလွှမ်းမိုးထားတဲ့ ကာလဆိုးထဲမှာရောက်နေပေမဲ့ တရားကိုရှာရမှာပဲ"

အစပထမ နားထောင်ကြည့်လျှင်တော့ စကားလုံးတွေနှင့်ပင် သူ့ကို အသေအထင်ကြီးသွားနိုင်သည်။ ဟုတ်သလိုလို ဘာလိုလိုနှင့်



အောင် မြင်ရေးကျမ်းတွေရေးသည့် စာရေးဆရာကြီးဟုမှတ်ကာ ကိုးကွယ်ချင်စိတ်လည်း ပေါက်သွားနိုင်သည်။

သူက ဖုန်းတစ်လုံးနှင့် စကားပြောနေခြင်းဖြစ်သည်။

သူ့အပြောကိုကြည့်ရတာ ပြည်ပရောက်သမီးလေးနှင့် ပြောနေသည့်ပုံပါ။ သူ့သမီးလေးကို သတိတရားကပ်ဖို့မှာကြားနေပုံ၊ ဘဝဒဿနတွေ ချပြနေပုံ၊ အောင်မြင်ရေးလမ်းတွေညွှန်ပြကာ ချစ်ပြနေပုံတို့ကို စကားထဲမှာ မြင်ရသည်။

သို့သော် သူ့စကားကို နာရီဝက်လောက်ဆက်နားထောင်ရင်တော့ စကားထဲက ဇာတိပြလာတာကို ကြားရပါလိမ့်မယ်။

"ဘာ . . . သမီးဗိုက်ဆာလို့ ဟုတ်လား။ ဒါများသမီးရယ် ငြင် ဆေးခွေတွေ ကြော်စားလိုက်ပေါ့။ ဒါမှမဟုတ် ကြမ်းတိုက်ဝတ်ကို ထင်းချိုလုပ်သောက်လေ။ ဪ . . . စင်ကာပူမှာ ဗိုက်ပူနေတဲ့ ဆင်ကြီးရှိတယ် ဟုတ်လား။ အေး . . . ဖေဖေလည်း အားရင်လာစီးဦးမယ်။

ဧရာဝတီမြစ်က ပန်းနာရင်ကြပ်ဖြစ်နေတာပါ . . . သမီးရဲ့။ ဪ . . . ရပါတယ် သမီးရယ်၊ အဖေက မဟုတ်လည်း ထဘီတန်းအောက် ဝင်အိပ်နေကျပဲ။ နေပါစေ . . . နေပါစေ . . . အမေရိကန်ကနေ သနပ်ခါးတုံးတွေ ဝယ်မလာပါနဲ့"

စသဖြင့် သူ့စကားတွေက ဇောက်ထိုးမိုးမျှော် ကျိုးကြောင်းတလွဲတွေ ဖြစ်နေတော့သည်။

ထို့ကြောင့် အားလုံးက သူ့ကို စိတ္တဇဝေဒနာရှင်အဖြစ် သတ်မှတ်လိုက်ကြသည်။

သူသည် စမတ်ကျကျ အဆင့်မြင့်မြင့် ဝတ်စားတတ်သေးသည်။ အရူးထဲတွင် သူ့လောက်ခန့်ညားတာ မရှိတော့။

သူဘာကြောင့်ရူးသလဲဆိုတော့ လူတွေသေချာမသိကြပါ။ နိုင်ငံခြားထွက်သွားသောသမီးလေးနှင့် အဆက်အသွယ်ပြတ်သွားခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

(သို့)သမီးလေးက နိုင်ငံခြားမှာ တစ်အိုးတစ်အိမ်ထူထောင်ကာ ပြန်မလာတော့သောကြောင့်(သို့)သူ့သမီးလေးသည် တိုင်းတစ်ပါးတွင် ဖိအားဒဏ်မခံနိုင်ကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခြင်းကြောင့် စသဖြင့် သည့်ထက်ဆိုးသည့် အရာများနှင့်လည်း ခန့်မှန်းကာ ပြောဆိုနေကြသည်။

လူသားဆန်စွာ ဝင်ခံစားကြည့်ရလျှင် သူ့အဖြစ်သည် အလွန်နာကျင်စရာကောင်းလှပါသည်။



## (၄) ကားတစ်ပိုင်း လူတစ်ပိုင်း

ကားတစ်ပိုင်း၊ လူတစ်ပိုင်းဆို၍ သူ့ခြေထောက်က ဘီးလုံးကြီးဖြစ်နေခြင်းဟုတော့ မထင်လိုက်ပါနှင့်။ သူသည် လူသားစစ်စစ်တစ်ဦးဖြစ်ပါသည်။ သူငါးနှစ်သားကတည်းက ကားတစ်စီးကို လိုချင်ခဲ့ပါသည်။ သို့သော် သူဆယ့်ငါးနှစ်သားအရွယ် ဆယ်တန်းရောက်မှ သူ့ဖခင်က စက်ဘီးစုတ်လေး ဝယ်ပေးနိုင်ခဲ့သည်။ လက်တွေ့ဘဝနှင့် မျှော်လင့်ရာစိတ်အားက မြေနဲ့မိုးလို တော်တော်ဝေးကွာခဲ့ပေမဲ့ သူ 'ကား'ရူးသည့်စိတ်က ပျောက်ခဲ့ပါ။

သို့နှင့် သူ့အသက်(၃၀)ရောက်တော့ တက္ကစီစုတ်ကလေးတစ်စီးကို စပေါ်ငွေပေး၍ ငှားမောင်းနိုင်ခဲ့ပါသည်။ သူ့ကိုယ်သူလည်း ရန်ကုန်မြို့၏ အကောင်းဆုံးတက္ကစီသမားဟု ကြွေးကြော်ထားသေးသည်။ တကယ်လည်း ရန်ကုန်မြို့တော်၏ လမ်းကြီးလမ်းငယ် အဝင်အထွက်အားလုံးကို သူ ညက်နေအောင် ကျွမ်းကျင်ရှာပါသည်။

ကမ္ဘာပေါ်မှာ အထက်တန်းအကျဆုံး Formula - One ကားမျိုးကိုလည်း မောင်းချင်ပြီး ပြိုင်ပွဲဝင်ချင်စိတ်လည်း တဖွားဖွားဖြစ်ပေါ်နေသည်။

"ပထမဆုံးကားပြိုင်ပွဲကို ၁၈၇၅ ခုနှစ်က ပြင်သစ်မှာစခဲ့တာကွ။ 'ပါရီ'ကနေ 'ဘော်ဒိုး'ကို အသွားအပြန်ပြိုင်မောင်းခဲ့တာ။ အဲဒီတုန်း



www.burmeseclassic.com

www.burmeseclassic.com

က အနိုင်ရခဲ့တဲ့သူနာမည်က ဘာပါလိမ့်။ ကျွတ် . . . ဦးနှောက်ဖျားလေးတင် မေ့နေတာ"

ထိုသို့ သူမှတ်သားထားသည့် ကားပြိုင်ပွဲအကြောင်းတွေလည်း ကြုံတဲ့သူတိုင်းကို ပြောချင်ရှာသည်။ သူက ကားကို မယားလိုကော၊ သားလိုကောချစ်ပြီး လူလိုပေါင်းသူဖြစ်သည်။

ကားပွဲစားတန်းများသူရောက်လျှင် ပွဲတွေပျက်တော့သည်ပဲ။

"ကားက အင်ဂျင်ကျနေတာဗျ"

"အင်ဂျင်ကျတယ်လို့ မပြောရဘူး။ ဇရာထောက်နေပြီလို့ ပြောရတယ်"

"ကားက အခုတလော ဘီးခဏခဏပေါက်တယ်ဗျာ"

"အဲဒါကို ကားစိတ်ကောက်တယ်လို့ ခေါ်တယ်"

"ကားက မီးခိုးတွေလိုက်ပြီး ဘာသံတွေထွက်နေမှန်းမသိဘူး"

"အဲဒါ မတည့်စာတွေစားလို့ ဖြစ်တာဗျ"

ထိုသို့ ကား၏ချွတ်ယွင်းချက်တွေကို လူတွင်ဖြစ်တတ်သည့် ရောဂါများနှင့် ယှဉ်ပြောတတ်သည်။ သူ့ကားမှာလည်း တစ်နေ့ကို ငါးခါလောက် ထိုးရပ်ရပ်သွားတတ်ပြီး မူလီများကိုလည်း မကြာခဏ ပြန်ကြပ်ပေးရလောက်အောင် ဂျုန်းဂျုန်းကျနေပါသည်။

သို့သော် အားလုံးလက်ခံရမည့်အချက်မှာ သူသည် စေတနာကောင်းသည်။ သဘောကောင်းသည်။ ခရီးသည်ကို အချိန်အလေအလွင့်မရှိစေဘဲ ပို့ဆောင်ပေးနိုင်သည်။ လမ်းကျွမ်းသည်။ မတော်လောဘကင်းကာ ဈေးမှန်သည်။ ထို့ကြောင့် သူ့ကို တော်တော်များများက ရန်ကုန်မြို့၏ အကောင်းဆုံးတက္ကစီသမားဟု ခေါ်ကြသည်။

သူသည် ဆေးပေါလိပ်ကိုသိပ်ကြိုက်၍ တိမ်လွှာမို့မို့လွင်သီချင်းကိုလည်း အလွန်နှစ်သက်လေသည်။

✠ ✠ ✠



(d) နိုးဆိုးဓားပြများ

သူတို့လေးယောက် ထောင်ထဲမှာ ဆုံဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ဘစ်ယောက်က ပန်းချီကားခိုးမှုနှင့်ဖြစ်သည်။ ပြခန်းက (၁၀)သိန်းဟု ဈေးကပ်ထားသည့် ပန်းချီကားကြီးကို ခပ်တည်တည်နှင့်ခိုးကာ ခိုးပြီးမှ ဘယ်ပြန်ရောင်းစားရမှန်းမသိ ဖြစ်နေစဉ် အဖမ်းခံလိုက်ရခြင်းဖြစ်သည်။

တစ်ယောက်က ကားတိုက်မှုနှင့်ဖြစ်သည်။ ကားက သူ့ဝင်တိုက်တာလည်းမဟုတ်သလို၊ သူကလည်း ကားကို ဝင်တိုက်တာမဟုတ်ပေ။ ကားက နွားကို တိုက်မိခြင်းဖြစ်သည်။ နွားကို လမ်းမပေါ်လွှတ်ကျောင်းမှုနှင့် သူ ထောင်ကျခဲ့ရခြင်းဖြစ်သည်။

နောက်တစ်ယောက်ကတော့ ဘောလုံးပွဲ လောင်းကစားဒိုင်လုပ်သည့် အမှုနှင့်ဖြစ်သည်။ မန်ယူနှင့်ဘာစီ ချန်ပီယံလိဂ်ဖိုင်နယ်ညက ပွဲအလာကို သူထိုင်စောင့်နေခဲ့သည်။ ပွဲလာခါနီးကျမှ အိပ်ပျော်သွားသည်။

လူတွေ အုတ်အုတ်ကျက်ကျက်နှင့် အတူတူကြည့်ကြသော်လည်း 'ရဲလာပြီ' ဟူသည့်အသံကြားတော့ အားလုံး ပြေးကုန်ကြသည်။ ရေအိုးစင်နားမှာ အိပ်ပျော်နေသည့်သူသာ အိပ်ချင်မူးတူးနှင့် အဖမ်းခံလိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတစ်ယောက်ကတော့ လူသတ်မှုဖြစ်သည်။

ထောင်တွင်းထဲမှာ လူရှိသေ၊ အနူရှိသေခံရသောအမှုမှာ ထို လူသတ်မှုပင်ဖြစ်သည်။ သူကလည်း နယ်နယ်ရရတော့မဟုတ်။ နှစ်လောင်းပြိုင်သတ်ခဲ့ခြင်းဖြစ်သည်။

သေချာ ဂ,ဃ,န,ဏ မသိသူတွေကတော့ သူ့ကို ဖိန့်ဖိန့်တုန်အောင် အထင်ကြီးကြသည်။

တကယ်တော့ သူက မတက်တခေါက် လက်နက်မှောင်ခိုသမား တစ်ယောက်သာ။ အိမ်တစ်အိမ်မှာ လက်နက်အရောင်းအဝယ်လုပ်ရင်း ကျည်ဆန်မပါဘူးထင်၍ ပစ်ကြည့်ရာ ရှေ့ကလူ ထိပ်ပွင့်ပြီး ကြွသွားတော့သည်။

ဒါကိုမြင်သည့် တခြားတစ်ယောက်ကလည်း ကြောက်ကြောက်လန့်လန့်နှင့်ပြေးရာ လှေကားပေါ်ကချော်ကျ၊ သံမံတလင်းနှင့်ရိုက်ပြီး ဦးနှောက်ပွင့် သေသွားခဲ့ခြင်းဖြစ်သည်။ ဒါကို သူက လက်နက်သုံး၍ သတ်မှု၊ ကန့်ကျောက်၍သတ်မှု စသဖြင့် နာမည်ကြီးခဲ့သေးသည်။ ထို အရှိန်အဝါကြီးသော လူသတ်မှုကြောင့် သူတို့လေးယောက်တွင် သူသည် ခေါင်းဆောင်ဖြစ်လာခဲ့သည်။

သူတို့ ထောင်ကအသီးသီးလွတ်လာတော့ နောက်အဖွဲ့ဝင်တစ်ယောက် တိုးလာသည်။

ထိုအဖွဲ့ဝင်မှာတော့ ပွဲရုံတစ်ခုမှာအလုပ်လုပ်ရင်း မလောက်ငသဖြင့် ဂုန်နီအိတ်အစုတ်လေးတွေခိုးရောင်းရာ သူဌေးက သိသွားသဖြင့် ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

"လူကောင်းလုပ်ခဲ့တာကြာပြီ၊ တစ်ခါမှ ထမင်းဆီရွှဲရွှဲ မစားရသေးဘူး။ လူဆိုးလုပ်ရင် ဘယ်နှယ်နေရမလဲမသိ။ အင်း . . . ပွဲပေါက်တိုးရင် တစ်ချီတည်း မီလျံနာဖြစ်သွားနိုင်တယ်"

ဟုတွေးမိကာ ဉာဏ်နည်းစွာဖြင့် လူဆိုးလုပ်တော့သည်။



ခုနကလေးယောက်နှင့် ပေါင်းမိသောအခါ အဖွဲ့သည် အင်အား အတော်အတန် တောင့်တင်းသွားသည်။

သူတို့သည် ခိုး၍၊ လုယက်၍ အဆက်အသွယ်ကောင်းပါက မှောင်ခိုပစ္စည်းလေးရောင်းဝယ်၍နှင့် လည်ပတ်နေကြသည်။ သို့သော် အဖွဲ့တွင် ပညာတတ် တစ်ယောက်မှမပါပေ။

ခြောက်တန်းနှင့် ကျောင်းထွက်ထားသော နှစ်လောင်းပြိုင် လူသတ်သမားကြီးက ဦးဆောင်နေသဖြင့် အမြဲတမ်း တလွဲတချော်ဖြစ်နေသည်။ အဆင်ပြေသည့်အခါပြေသော်လည်း အမြဲတစေ ကတောက်ကဆနှင့် အူကြောင်ကြောင်သာ နိုင်နေခဲ့သည်။

လူဆိုးတွေက သူတို့အဖွဲ့ခေါင်းဆောင်ကို 'ဆရာကြီး'ဟု ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(က)



## (၁)

မင်္ဂလာဒုံလေဆိပ်သည် ပြန်လာသူများ၊ ထွက်သွားသူများနှင့် ရှုပ်ယှက်ခတ်နေပါသည်။ မျက်ရည်များဖြင့် နှုတ်ဆက်နေကြသူများ၊ ဝမ်းသာအားရစွာ ပြေးကြိုထွေးပွေ့သူများနှင့် မြင်ကွင်းမှာ ရသမျိုးစုံနေပါသည်။

ခြေလှမ်းတွေ၊ ခရီးဆောင်အိတ်တွေ၊ လက်တွန်းလှည်းတွေ၊ ဖုန်းခေါ်သံတွေ၊ လူရှာနေသည့်မျက်လုံးတွေ၊ နာရီကြည့်နေသည့်လူတွေ၊ အားလုံး ကိုယ့်အရေးနှင့်ကိုယ်သာ။

သူလည်း ခရီးဆောင်အိတ်ကိုဆွဲကာ သေသပ်သောခြေလှမ်းများဖြင့် လျှောက်လာရာက ရပ်လိုက်သည်။ ဝန်းကျင်ကို ဝေ့ပတ်အကဲခတ်ကြည့်သည်။ လေဆိပ်က အရင်ကထက် ကောင်းလာတာကိုမြင်ရတော့ သူ ကျေနပ်မိသည်။

မီးခြစ်လည်း မသိမ်းတော့။ ပြည်ပခရီးစဉ်ထွက်ခွာရာ ဌာန (Departure) မှာတော့ မြန်မာလူငယ်မနည်းမများကို တွေ့လိုက်ရသေးသည်။ စင်ကာပူသွားမလို့လားမသိဟု သူတွေးမိသေး၏။ လာကြိုမယ့်သူရှိသော်လည်း ဖြတ်သွားဖြတ်လာလူတွေထဲမှာ အသိမိတ်ဆွေများပါလေသလားဟု သူကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရေး . . . "

လက်သီးနှစ်လုံးကို လေထဲတွင် ခုန်၍ပစ်ထိုးကာ သူပျော်မိသည်။ ဘေးနားကလူက ဗလိုင်းကြီး ရုတ်တရက် ထပျော်လာသည့်သူ့ကို 'ဘာလဲဟ' ဆိုပြီး လန့်ကြည့်ကြည့်သေးသည်။ ထိုမှ သူ နည်းနည်းမျက်နှာပိုးသတ်လိုက်သည်။ ဘာဖြစ်လဲ ကိုယ့်ဘာသာကိုယ် ပျော်တာဟုလည်း စိတ်ထဲက ပြန်ခွန်းတုံ့လိုက်သေးသည်။

သူ ဒီနေရာမှ ထွက်ခဲ့သည်။ အထွက်ပေါက်ဝနားရောက်တော့ ရုပ်ကြည့်ဗေးမောနေပြန်သည်။ ရှုခင်းတွေကိုခံစားရင်း သူ ရေရွတ်နေမိသည်။ မြန်မာပြည် . . . ဘာမှမပြောင်းလဲ၊ အရင်အတိုင်းလှဆဲ၊ အားရပါးရ တစ်ချက်လောက်ရှိုက်ရှူကြည့်တော့ လေထဲမှာ သနပ်ခါးရနံ့လိုလို၊ ဇော်ကကနေသည့် ရုပ်သေးရုပ်ရနံ့လိုလို ရသည်။ ဒါဆို သေချာပြီ။ အိပ်မက်မဟုတ်၊ သူ မြန်မာပြည်ကို ပြန်ရောက်ခဲ့ပြီ။

တိုကျိုမြို့၏တိုက်ခန်းကျဉ်းလေးထဲမှာ နေခဲ့ရတုန်းက အချိန်တွေကိုလည်း သူ ခဏပြန်အောက်မေ့မိသေးသည်။ လျှောင်လှုပ်တိုင်း မေ့တော့တော့ဖြစ်နေသည့် သမ္မုဒ္ဒေကိုရွတ်ခဲ့ရတာ၊ အချိန်ရှိတိုင်း ခေါက်ဆွဲပြုတ်ချည်း သောက်ခဲ့ရတာ၊ မိနစ်နည်းနည်းလောက်အချိန်ရမှ ကြက်ဥထဲ မုန်လာဥနီထည့်၍ စားခဲ့ရသည့်အချိန်များ၊ တစ်ညပျမ်းမျှ လေးနာရီဝန်းကျင်သာ အိပ်ခဲ့ရသည့်အချိန်များကို သူ မလိုချင်တော့သည်။ 'လူငယ်ဘဝရဲ့ အကောင်းဆုံးအချိန်တွေကို တိုင်းတစ်ပါးမှာ ရောင်းစားခဲ့ပြီးပြီ မဟုတ်လား' ဟု သူ့ကိုယ်သူ ပျစ်ပျစ်နှစ်နှစ် မေးခွန်းထုတ်မိသည်။

သူသည် အရုပ်အမောင်းကောင်းမွန်၍ ဥပဓိအင်္ဂါပြေပြစ်သော မြန်မာအမျိုးသားတစ်ဦးဖြစ်သည်။ အသက်(၂၀)မပြည့်ခင် ဂျပန်သို့ထွက်ခွာခဲ့ပြီး အသက်(၂၅)နှစ်မှ ပြည်တော်ပြန်ခဲ့ခြင်းဖြစ်သည်။ အမည်ကား 'ခေတ်သစ်'။

ရှေ့တည့်တည့် ခပ်လှမ်းလှမ်းမှ အမျိုးသမီး၏အမူအရာက



တစ်မျိုးဖြစ်နေသည်ဟု ခေတ်သစ်ထင်နေသည်။ နှုတ်ခမ်းနီကို ထူပိန်းနေအောင်ဆိုးထားတာ ဘာသဘောမျိုးပါလိမ့်။

"ဟိုက် . . . "

စိတ်ထဲက ခေတ်သစ် 'ဟိုက်'လိုက်ခြင်းဖြစ်သည်။ အမျိုးသမီးက မျက်စိမှိတ်ပြီး မေးဆတ်ပြလိုက်ခြင်းကြောင့် ခေတ်သစ် ဖျားသွားခြင်းဖြစ်သည်။ 'မဖြစ်ဘူး၊ အကြည့်လွှဲနေမှ' ဟုဆိုကာ သူ မျက်နှာလွှဲလိုက်သည်။ ထိုအချိန်မှာပဲ အမျိုးသမီး၏ခြေသလုံးမှ အမွေးရှည်ရှည်တွေးကွေးကြီးများကို တွေ့လိုက်ရသည်။

"ဝိုး . . . "

ဒါလည်း စိတ်ထဲကပဲ 'ဝိုး' လိုက်ခြင်းဖြစ်သည်။ အခြောက်ကြီး။ ထိုအသိက သူ့ကို ဒီနေရာက ချက်ချင်းခွာစေရန် တိုက်တွန်းတော့သည်။ လေဆိပ်မှာလည်း ဒါတွေရှိတာပဲလား။ ဒီလိုအခြောက်ကြီးကို ရင်ခုန်မည့်အစား စတိုးဆိုင်က အရုပ်မ၏တစ်နေရာရာကို သားရေကွင်းနဲ့ သွားပစ်နေလိုက်တာမှ အရသာရှိဦးမည်ဟု သူထင်သည်။

စိတ်ညစ်ညူးစွာနှင့် သူ ဒီနေရာကထွက်ခွာရန် ပြင်လိုက်သည်။

"ဟ . . . ဟာ . . . အာ . . . "

"ဟိုး . . . ဟိုး . . . ရှင် . . . "

သူ သွားရန်ပြင်လိုက်မှ ခြေထောက်များ ကန့်လန့်ကန့်လန့်ဖြစ်သွားသည်။ ရှေ့လှမ်းမည့်ခြေထောက်မှာ ပီပီပြင်ပြင် မလှမ်းလိုက်ရဘဲ ခြောက်ကွမြောက်ကွဖြစ်ပြီးကာမှ နောက် ပြန်ထောက်လိုက်ရသည်။

သူ့ခြေလှမ်းကို မပီမပြင်ဖြစ်သွားစေသူမှာ ကောင်မလေးတစ်ယောက်။

"ရှင် . . . ရှင် . . . ဖွတ်ဆွဲမနေနဲ့"

ကောင်မလေးက ခပ်စွာစွာပြောပြီး မှော်မှော်ပြူးပြူးကြည့်သည်။

ခေတ်သစ်လွယ်ထားသောအိတ်နှင့် ဘယ်တုန်းက သူ့ဘေးနားလာရပ်နေမှန်းမသိသော ကောင်မလေးလွယ်အိတ်တို့ 'ငြိ'နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါ ဘယ်လိုလုပ် ငြိကုန်တာလဲ"

"ဘယ်သိမှာလဲ"

ကောင်မလေးက စိတ်မရှည်စွာ ပြန်အော်သည်။ ကောင်မလေးကလည်း သူ့လို ခရီးသည်တစ်ဦးပင်ဖြစ်သည်။ ပြန်ရောက်တာလား၊ အခုမှ သွားမှာလားတော့မသိ။ ကောင်မလေး၏ဘေးဘက်မှာတော့ အနီရောင်လက်ဆွဲသေတ္တာတစ်လုံးရှိသည်။ ပခုံးတွင် ချိတ်လွယ်ထားသည်ကတော့ အချောင်လွယ်အိတ်ကလေးပါ။ ယခု ခေတ်သစ်လွယ်ထားသောအိတ်နှင့် ငြိနေသည်မှာလည်း ထိုကချင်လွယ်အိတ်၏ အမွေးအမျှင်များနှင့်ဖြစ်သည်။

"ရှင် . . . ဖွတ်ဆွဲမနေနဲ့လို့၊ အမွေးတွေ ပြုတ်ကုန်မယ်"

"ဗျာ . . ."

"လွယ်အိတ်မွေးတွေကို ပြောနေတာ"

ကောင်မလေးက မျက်စောင်းထိုးရင်း စကားဖြည့်ပြောသည်။

ခေတ်သစ် စဉ်းစား၍မရ။ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး ရပ်နေတာကို သူ့လွယ်အိတ်ကြိုးနဲ့က ဘယ်လိုလုပ်လာငြိတာပါလိမ့်။ မဟုတ်မလွဲရော . . .

"ဒီမှာ မင်း တမင်သက်သက် 'ငြိ'ချင်ယောင်ဆောင်ပြီး ဓာတ်လမ်းလာလုပ်တာမို့လား"

"ဘာ . . ."

ကောင်မလေး၏ 'ဘာ'က ဂျပန်ပြည်မှာ နောက်ဆုံးလှုပ်သွားသော ငလျင်နီးနီး ပြင်းထန်သွားသည်။ နဖူးကြောတွေတွန့်သွားအောင် မျက်မှောင်ကြုတ်သည်။ မျက်လုံးကို ဖြည်းဖြည်းချင်းမှိတ်ကာ ဘာမှ မပြောမိအောင်ကြိုးစား၊ လေပူတစ်ချက်မှုတ်ထုတ်ကာ ဒေါသကို ထိန်းလိုက်သည်။

ကိုယ့်ရဲ့သံသယက နည်းနည်းအသားယူသလို ဖြစ်သွားမှန်း ပြန်ဆင်ခြင်မိမှ ခေတ်သစ်လည်း . . .



"ကဲ . . . ကဲ . . . စိတ်မဆိုးပါနဲ့ကွာ၊ ငြိနေမှတော့ ဖြည်ကြတာပေါ့။ ပြဿနာကို အေးအေးဆေးဆေး ရှင်းတာပေါ့"

ခေတ်သစ်က ပြန်လျှော့ပြောမှ ကောင်မလေးက ရွဲ့သံလေး ဖြင့် . . .

"ဟွန်း . . . အခြောက်မကို ငမ်းနေတဲ့လူကများ လူကို ဓာတ်လမ်းလာလုပ်သလေး ဘာလေးနဲ့ . . . ဝေါ့ . . ."

"ဟော့ . . . ဟော့ . . . ငါ . . . ငါ မငမ်းဘူးနော်။ ငါ ဘာမှ အခြောက်မကို မငမ်းဘူး"

ခေတ်သစ် ကြက်သီးထစွာ ငြင်းမိသည်။ ခပ်လှမ်းလှမ်းမှာလည်း အခြောက်မက ရှိနေတုန်းမို့လား။

"ကဲ . . . ကြာတယ်ရှင့် ကြိုးကိုဖြည်တော့"

အပြောက လွယ်ပါသည်။ လုပ်ရတာတော့ တော်တော်ကို လက်ပေါက်ကပ်ပါသည်။ လွယ်အိတ်ကြိုးတွေက ခေတ်သစ်အိတ်၏ ဇစ်ဆွဲသည့်လမ်းကြောင်း အချောင်းကလေးတွေထဲအထိ ပွေလီလိမ်ယှက်ကာ ဝင်ပြီးငြိနေသည်။ ဘယ်လိုမှ ဖြည်မရဖြစ်နေသည်။

"ဟော့ . . . ဟော့ . . . ဟိုနှစ်ယောက် အပေါက်ဝ ရပ်မနေနဲ့။ မင်းတို့ရပ်နေတာ အများသွားလမ်းဆိုတာ သတိထားဦး"

ခေတ်သစ်တို့အနီးက လေယာဉ်ကွင်းလုံခြုံရေးတစ်ဦးက လှမ်းပြောတာပါ။ လုံခြုံရေးဆိုတော့ လေသံကမာသည်။ လုံခြုံရေးကြီးအနား မှာနေရတာ စိတ်မလုံတော့သဖြင့် ကောင်မလေးက . . .

"လာ . . . လာ . . . အပြင်ထွက်ပြီး ဖြည်ကြမယ်။ ကျွတ်"

တကျွတ်ကျွတ်နှင့် စုတ်ပါသပ်နေသည်။ အပြင်ရောက်တော့ ကောင်မလေးကပဲ ကြိုးကိုဖြည်သည်။ ခေတ်သစ်ဖြည်တုန်းကလိုပဲ မရပေ။

"ဆွဲသာဖြတ်လိုက်ပါဗျာ။ လွယ်အိတ်ကြိုးမျှင်လေး သုံးလေးချောင်းနဲ့ အလုပ်ရှုပ်ခံမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးက ခပ်ပြုံးပြုံးနှင့် မော့ကြည့်ပြန်သည်။ ဒီလိုကြည့်တတ်တာ သူ့ဒီဇိုင်း ဖြစ်လိမ့်မည်ထင်သည်။

"ရှင် ဘာသိလို့လဲ။ ဒီလွယ်အိတ်က ကျွန်မအတွက် သိပ်အရေးကြီးတယ်။ လုံးဝ အပွန်းအပဲ့မခံနိုင်ဘူး"

ကောင်မလေးတွင်လည်း သူ့အကြောင်းနှင့်သူ ရှိပေလိမ့်မည်။ ထို့ကြောင့် စိတ်ချမ်းသာသလိုသာ လုပ်ပါတော့ဟု လိုက်လျောသည့်သဘောနှင့် ခေတ်သစ် ဘာမှမပြောတော့ဘဲ ငုံ့ကြည့်၍သာ နေလိုက်တော့သည်။ ကောင်မလေးမှာ မျက်နှာလေးတွင် ချွေးသီးသေးသေးလေးတွေ စို့လာသည်အထိ အာရုံစိုက်ပြီး ကြိုးကိုဖြည်နေသည်။ အလွယ်မရသည့်အခါ နဖူးကြောရှုံ့၍ နှုတ်ခမ်းလေးကိုက်သည်။

"ကဲ . . . မရဘူးမို့လား"

"ရမှာပေါ့၊ ဘာဖြစ်နေတာလဲ"

အခုထိ မာန်ကမချသေး။ ခေတ်သစ် မဲ့ပြုံးပြုံးပြီး ဆက်စောင့်ကြည့်နေလိုက်သည်။ ဒါပေမဲ့ သိပ်မကြာခင်ဘဲ ကောင်မလေး၏ကြိုးစားမှုကြောင့် ကြိုးစလေးများကို ဖြည်လို့ရသွားပါသည်။

"ဟော . . . တွေ့လား၊ ရပါပြီ"

သူမ သိပ်ပျော်သွားသည်ထင်၏။ ပြုံးလေသည်။ ဖြည်၍ရလာသည့် လွယ်အိတ်ကြိုးလေးတွေကို သပ်ချရင်း ပြုံးနေသည်။

ထိုအချိန်မှာပဲ . . .

"ဝုန်း . . ."

"ဟာ . . ."

"အား . . ."

"အင့် . . ."

ခဏအတွင်းကို အာမေဋိတ်အသံတွေ ကစဉ့်ကလျား ထွက်ကျကုန်သည်။ ခေတ်သစ်ကော၊ ကောင်မလေးကော မြေပေါ် ဖရိုဖရဲလဲကျ



သွားသည်။ ခေါင်းစွပ်ဆွယ်တာအနက်ရောင်နှင့် လူနှစ်ယောက်က ရုတ်ခြည်းရောက်လာပြီး တိုက်ခိုက်လိုက်ခြင်းကြောင့်ဖြစ်သည်။

"ဟာ . . . ခင် . . . ခင်ဗျားတို့ . . ."

"ခွပ် . . . "

ခေတ်သစ်စကားမှ မဆုံးလိုက်၊ 'ခွပ်'ခနဲ ထိုးခံလိုက်ရသည်။

"ပေးစမ်းကွာ"

ကောင်မလေးလက်ထဲက အနီရောင်သေတ္တာကို အနက်ရောင်ဝတ်တစ်ဦးက အတင်းဆောင့်ဆွဲလိုက်သည်။ ကောင်မလေး ပြန်ဆွဲသော်လည်း အားလည်းမမျှ။ လက်လှမ်းလည်း မမီတော့သောကြောင့် 'အင့်' ခနဲညည်းသံနှင့် မြေပြင်ပေါ်ပြန်ကျသွားသည်။

'ဖြောင်း'ခနဲ ခေတ်သစ်လက်ကို အနက်ရောင်ဝတ်တစ်ယောက်က ဖြတ်ကန်ပစ်လိုက်သည်။ ခေတ်သစ်၏ လက်ဆွဲအိတ်ကော၊ လွယ်ထားသော အိတ်ကောကို အတင်းချွတ်ယူသွားတော့သည်။

အဖြစ်အပျက်များသည် စက္ကန့်ပိုင်းမျှသာ ကြာလိုက်ခြင်းဖြစ်သည်။

"အား . . ."

"အင်း . . . ဟင်း . . ."

ညည်းညူရင်းပင် သူတို့ အမြန်ကုန်းရုန်းထလိုက်သည်။

"ဟေ့ . . . လူတွေ၊ ဟေ့ . . . လူတွေ . . ."

"ဟိုလူတွေ . . ."

အော်ဟစ်ကာ သူတို့ ပြေးလိုက်ကြရသည်။ အနီးဝန်းကျင်မှ လူတွေကလည်း ပြဿနာကို အစအဆုံးမြင်လိုက်သော်လည်း ရုတ်တရက် ကြောင်နေကြသည်။ နောက်မှ အသိဝင်ကာ . . .

"ဟာ . . . လိုက်ကြ၊ လိုက်ကြ"

အော်ဟစ်ပြီး သူတို့နောက်က ပြေးလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင်ဝတ်လူများက သေချာစီစဉ်ပြီးမှ လှုပ်ရှားပုံရသည်။ ရှေ့အနည်းငယ် ပြေးပြီးသောအခါမှာတော့ အသင့်စောင့်နေသော ကား တစ်စီးက သူတို့ကို တံခါးအသင့်ဖွင့်၍ ကြိုလေသည်။ သူတို့ ကားပေါ် တက်ပြီးသည်နှင့် 'ဗိုး'ခနဲ အရှိန်မြင့်ကာ မောင်းထွက်သွားတော့သည်။

"ဟော့ကောင်တွေ . . . ခါးပိုက်နှိုက်တွေ"

"ဟော့ . . . လူယုတ်မာကြီးတွေ"

ခေတ်သစ်နှင့်ကောင်မလေး ဘယ်လိုပင်အော်ပါတော့ ကားက ဗိုးခနဲ မောင်းထွက်သွားခဲ့ပြီဖြစ်သည်။ ကံကောင်းရင်တော့ ကား၏မီး ခိုးတန်းလေးကတော့ သူတို့အော်သံကို ကြားလောက်မည်ပေါ့။

သည်နေ့ . . . အင်္ဂါနေ့။

သုတေသနပညာရှင်တွေရဲ့ တွေ့ရှိချက်အရ အင်္ဂါနေ့ဟာ လု ယက်မှု၊ ခါးပြတိုက်မှု အဖြစ်အများဆုံးနေ့တဲ့။

သိပ်မှန်နေပါလား။



(၂)

"ဟာကွာ . . ."

"ကျွတ် . . . ဘာတွေလဲ"

ဗလိုင်းကြီး လုယက်ခံလိုက်ရတာပါလား။ အဖြစ်အပျက်မှာ မြန် ဆန်ရှုပ်ထွေးလွန်းလှသဖြင့် သူတို့စိတ်ထဲမှာ ထုံထုံကြီး ခံစားနေကြရ သည်။ ယုံပင်မယုံချင်။

စိတ်ရှုပ်ရှုပ်နှင့် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ် ယောက် ကြည့်မိကြသည်။ ဘယ်သူ့ကိုဘယ်သူ အပြစ်တင်ရမှန်းမသိ။

"ဟဲ့ . . . ကလေးတွေ၊ ဘာကြောင်နေတာလဲ။ တက္ကစီငှားပြီး အမြန်လိုက်လေ"

"ဟင် . . . "

"အာ . . . ဟုတ်သားပဲ"

စိတ်ကပျာတောက်နေတော့ လက်တွေ့ကျတာကို မစဉ်းစားမိ။ အနီးဆုံးရှိတက္ကစီကိုပဲ ဆွဲငှားကာ အမြန်လိုက်ရတော့သည်။

"ဟိုးက လှမ်းမြင်ရတဲ့ အနက်ရောင်ကားနောက်ကို လိုက်ပေး ပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com

ကားသမားကလည်း ကျင်လည်စွာပင် ကားကို အရှိန်ဖြင့် မောင်းထွက်လိုက်သည်။ ထို့ကြောင့် ကောင်မလေးမှာ အိုး . . . ခနဲ ဆားသို့ လန်ကျသွားသည်။ ကောင်မလေး၏ ပါးပြင်လေးသည် ခေတ်သစ်၏ ရင်ခွင်သို့ လာရိုက်ကပ်မိသွားသည်။

"အိုး . . . ဆောရီး၊ ဆောရီး . . . ဆောရီး . . . "

ကောင်မလေး ရှက်သွေးဖြင့် အိုးအိုးအမ်းအမ်း ဖြစ်သွားသည်။ ခေတ်သစ်ကြည့်မိတော့ ကောင်မလေး၏ပါးပြင်မှာ ပန်းရောင်ကလေး လင်းသွားသည်ဟု မြင်လိုက်မိသည်။

ကောင်မလေး၏ တောင်းပန်ပုံ လေယူလေသိမ်းမှာလည်း တစ်မျိုးဖြစ်သည်။ ပထမ ဆောရီးတစ်ခွန်းပြောကာ ခဏခြားပြီးမှ ဒုတိယ ဆောရီးနှင့် ကျန်တဲ့ဆောရီးကို ခပ်သွက်သွက်လေး ပြောချလိုက်ခြင်းဖြစ်သည်။

ခေတ်သစ်ကတော့ ပါးပြင်ကလေးကို ငေးသက်မိသွားသဖြင့် ထိုလေယူလေသိမ်းကို ဂရုမပြုမိ။

ဟိုးရှေ့ဆီမှ အနက်ရောင်ကားကလည်း မြန်နှုန်းမြှင့်မောင်းနေသဖြင့် သူတို့ မှုန်ပျပျသာ လှမ်းမြင်ရတော့သည်။

"ကားနံပါတ်ကို မှတ်မိလား"

သူက မေးလိုက်တာပါ။ သူမက . . .

"အင်း (. . ./၅ . . ၃)ပဲ ကျွန်မ သေချာမှတ်မိတယ်"

တော်သေးသည်။ ကားနံပါတ်လေး မှတ်မိပေလို့။ စိတ်ပျက်ပျက်နှင့် သူ ဆံပင်တွေကို နောက်လှန်သပ်ပစ်လိုက်သည်။

"တောက် . . . လူတွေအများကြီးရှိတဲ့ လေဆိပ်မှာ ဖြောင်ကြီး လုခံလိုက်ရတာပါလား"

သူ့အဖြစ်ကို သူခံစားရခက်နေသည်။ သူမကလည်း ထိုအတိုင်းပင်။



"ကျွတ် . . . ဂျပန်မှာ လေးနှစ်နေခဲ့တာ ခဲတံတစ်ချောင်းတောင် မပျောက်ဖူးဘူး။ ကိုယ့်ပြည်ကိုယ့်ရွာရောက်မှ အလုခံရတော့တယ်။ ရာဇဝင်ကိုရိုင်းတယ်"

အမယ်လေး . . . သူ့မကျေနပ်သံက ပိုပြင်းနေပါလားဟု ခေတ်သစ် ရှိန်မိသေးသည်။

"ခင်ဗျားက ဂျပန်က ပြန်လာတာလား"

"အင်း . . . "

"ကျွန်တော်ကောပဲဗျ။ ဟာ . . . ဟာ . . . ဟိုမှာ . . . ဟိုကား ကွေ့သွားပြီနော်"

ကောင်မလေးကို စကားပြောနေရင်း တက္ကစီသမားကို ဖြတ်ပြောလိုက်ခြင်းဖြစ်သည်။ တက္ကစီသမားကလည်း ကွမ်းယာပလုတ်ပလောင်းအသံကြီးနှင့် . . .

"မြှင်တယ် . . . မြှင်တယ် . . . စွိတ်ချ"

'မြင်တယ် . . . မြင်တယ် . . . စိတ်ချ' ဟု ပြောခြင်းဖြစ်သည်။

ကောင်မလေးက သူ့ကို တစ်ချက်ကြည့်ကာ . . .

"သြော် . . . ရှင်ကော ဂျပန်က ပြန်လာတာကိုး"

ထိုစဉ် ကားက အရှိန်ပြင်းစွာကွေ့လိုက်သဖြင့် သူတို့ 'ဝုန်း' ခနဲ ခုံအမှီဆီဖာကို သွားမှီမိကြသည်။ အနက်ရောင်ကားကိုတော့ မှုန်ပျပျ တွေ့ရဆဲ။

"နေပါဦး . . . ရှင်ပြန်လာတာ ရှင့်အိမ်ကလူတွေက လာမကြိုကြဘူးလား"

သူ စိတ်မပါစွာ ခပ်လေးလေး ပြုံးလိုက်သည်။ ခေါင်းယမ်း၍သာ ငြိမ်နေလိုက်ပြီးမှ မေးခွန်းဖြင့်သာ ခွန်းတုံ့လိုက်သည်။

"ငါ့ကျတော့ မေးတယ်။ မင်းကျတော့ကော ဘာလို့အိမ်က လူတွေ လာမကြိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက အိမ်ကိုပြန်လာမဲ့အကြောင်းကို အသိမပေးထားတာ။ ရုတ်တရက် အကြောင်းမကြားဘဲပြန်လာတော့ အိမ်ကလူတွေ ဗိုအံ့သြသွားရတာပေါ့"

ကောင်မလေးကလည်း ထိုသို့ သူ့အစီအစဉ်နဲ့သူ။

ထိုအချိန် ကားသမားက သူ့ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

"ဟာ . . . ဘာဖြစ်တာလဲ"

"ဆောရီးပါ . . . ဆရာတို့၊ 'ဂတ်စ်' ကုန်ခါနီးနေလို့ပါ။ ကျွန်တော် ဂတ်စ်ထည့်ဖို့ မေ့နေတာ။ အခုမှ သွားထည့်မလို့"

"ဟာ . . . ဒါဆို ကျွန်မတို့က ဘယ်လိုလုပ်မလဲ"

"အားနာပေမဲ့ ဒီကနေဆင်းပြီး လမ်းလျှောက်လိုက်ပါလားဗျာ"

"ဟာ . . . ခင်ဗျားက လုပ်ပြီ။ ကျုပ်တို့က ဟိုဓားပြတွေနောက် အမီလိုက်နေတာပါဆို"

"ကျွတ် . . . အရေးကို မပါဘူး"

စိတ်မြန်သည့် ကောင်မလေးကပဲ ကားပေါ်က အရင်ဆင်းသည်။ 'ဒုန်း'ခနဲ မကျေနပ်ကြောင်းကို ပြသည့်အနေနှင့် ကားတံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။ ခေတ်သစ်ကလည်း ထိုနည်းလည်းကောင်းပင်။

"ဆရာ . . . ဆရာတို့ တက္ကစီခလေး"

ကောင်မလေးက ခေတ်သစ်ကိုကြည့်ကာ . . .

"ရှင်ပေးလိုက်။ ကျွန်မပိုက်ဆံတွေ ဟိုလူတွေ လုသွားတဲ့အိတ်ထဲ ပါသွားပြီ"

"ဟမ် . . . ကျွန်တော့်ပိုက်ဆံတွေလည်း အဲဒီလူတွေလုသွားတဲ့ အိတ်ထဲ ပါသွားပြီဗျ"

တက္ကစီသမားကလည်း သူတို့နှစ်ယောက်ကို ကားတံခါးပေါက်မှ ခေါင်းထွက်ကြည့်ကာ . . .

"ဂျပန်ပြန်နှစ်ယောက်ကလည်း တယ်မွဲတာပဲ"



ဟု ခပ်တိုးတိုး ပြောသေးသည်။

"ကဲ . . . ကဲ . . . မရှိလည်း သွားကြပါတော့ဗျာ"

"သွားမှာပါ . . . သွားမှာပါ"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ကောင်မလေးက ရှေ့ကလျှောက်သွားသည်။ ခေတ်သစ်လည်း စိတ်ပျက်ပျက်နှင့် နောက်က ပြေးလိုက်ရသည်။ ဟူး . . . မောလိုက်တာ၊ ဘယ်လမ်းတွေ ရောက်နေတာလည်းတောင် မခန့်မှန်းတတ်တော့။

"ဟော့ . . . ဟော့ . . . ဘယ်သွားမှာလဲ"

ခေတ်သစ်ကမေးတော့ ကောင်မလေးက စိတ်ရှုပ်သည့်အမူအရာနှင့် . . .

"ဘာလုပ်ရမှန်း မသိတော့ဘူးရှင့်။ အနက်ရောင်ကားကိုကလည်း မျက်ခြည်ပြတ်တော့မယ်။ ဘာပဲဖြစ်ဖြစ် . . . ဟိုး . . . မီးပွိုင့်နားအထိတော့ လမ်းလျှောက်ရတော့မှာပဲ"

"ရဲတိုင်ရင် ကောင်မလား"

ခေတ်သစ်က အားကိုးရာရှာပြောကြည့်တော့ ကောင်မလေးက ခေါင်းခါသည်။

"အလုပ်ရှုပ်တယ် မတိုင်နဲ့။ ကျွန်မအဖေကလည်း ရဲပဲ။ နောက်ပြီး မြန်မာပြည်ပြန်ရောက်ရောက်ချင်း ဂါတ်ရောက်၊ စခန်းရောက်နဲ့ဆိုတော့ လာဘ်တိတ်တယ်ရှင့်"

"ဒီတော့ ဘာလုပ်မှာလဲ"

"လမ်းလျှောက်မယ်လို့"

သေသာ သေချင်တော့သည်။ ကားကို လမ်းလျှောက်လိုက်လို့ မီပါ့မလား။ ဟိုးအဝေးက အနက်ရောင်ကားကို ဝိုးဝါးမှုန်ရီစွာပင် မြင်ရပါတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

(၃)

မီးပွိုင့်နားသို့ သူတို့ရောက်ခဲ့သည်။

မီးနီနေချိန်မို့ ကားများ စီတန်းရပ်နေကြသည်။

ထိုအထဲတွင် အနက်ရောင်ကားကိုတော့ မတွေ့ရတော့ချေ။ အနက်ရောင်ကား ဘယ်ရောက်သွားပြီလဲ။ ဘယ်ဘက်ကွေ့သွားသလား၊ ညာဘက်ချိုးသွားသလား၊ တည့်တည့်ပဲ မောင်းသွားသလား။

သူတို့ မခန့်မှန်းတတ်တော့ပါချေ။

"လာ . . . ဟိုကလေးတွေကို သွားမေးကြည့်ရအောင်"

လမ်းဘေးပလက်ဖောင်းပေါ်တွင် လွတ်လပ်စွာ ကစားနေကြသော ကလေးတစ်သိုက်ကို တွေ့လိုက်ရသည်။ ကြည့်ရသည့်ပုံအရ ဒီဝန်းကျင်က ကလေးတွေပဲဖြစ်မည်။

"မောင်လေး . . . မောင်လေးတို့ . . ."

ကောင်မလေးက ခေါ်လိုက်တော့ ခြေမှာစီးတဲ့ဖိနပ်ကို လက်မှာဝတ်ထားသည့် ကလေးလေးက ပြေးလာသည်။

"ဘာလဲဗျ . . ."

"ဟိုဥစ္စာလေ . . . မောင်လေး၊ ဒီနားကနေ အနက်ရောင်ကား တစ်စီး ဖြတ်သွားတာ တွေ့လိုက်လား"



"တစ်စီးမဟုတ်ဘူး၊ အများကြီးတွေ့တယ်"

"အမ် . . ."

ကောင်မလေး ကြောင်သွားသည်။ ဟုတ်သား။ ကားအရောင်ပြောပြီးမေးလို့ ဘယ်ရမလဲ။ အနက်ရောင်ကားက တစ်စီးတည်းရှိတာမှ မဟုတ်တာ။

"ကားနံပါတ်က ( . . . /၅ . . . ၃) လေ"

ကောင်မလေးက ထပ်မေးတော့ ကလေးက ခေါင်းခါပြသည်။ ဘယ်သိနိုင်မလဲ။ ကိုယ့်ထမင်းကိုယ်စားပြီး ဘယ်သူက လမ်းပေါ်က ကားနံပါတ်တွေကို လိုက်မှတ်ထားမည်လဲ။

လက်မှာ သားရေကွင်းတွေ အများကြီးစွပ်ထားသည့် ကလေးတစ်ယောက်ကလည်း အနားရောက်လာပြီး . . .

"အစ်မတို့ပြောတဲ့ ကားနံပါတ်ကို ဟိုးနားကလူကြီးနှစ်ယောက်ဆီတော့ သိချင်သိမယ်"

ကလေးညွှန်ပြရာကို ကြည့်လိုက်တော့ မီးပွိုင့်၏တစ်ဖက်တွင် ရပ်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

ကောင်မလေးက သူ့ကိုကြည့်သည်။ သူကလည်း . . .

"သွားမေးကြည့်တာပေါ့ကွာ"

ကလေးတွေကို ကျေးဇူးတင်ကြောင်းပြောကာ လမ်းတစ်ဖက်သို့ ကူးခဲ့သည်။ ကလေးတွေက ဆက်မကစားသေးဘဲ သူတို့ကိုသာ လှမ်းငေးနေကြသည်။

ကလေးတွေညွှန်ပြသည့် လူနှစ်ယောက်အနားသို့ သူတို့ ယောင်လည်လည်နှင့် ရောက်လာသည်။ ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်ပြီး သဘောကောင်းမည့်ပုံစံပဲဟုတော့ ခန့်မှန်းမိသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က 'လေရူးသုန်သုန်' ဒုတိယတွဲစာအုပ်ကြီးကို ပိုက်ထားသည်။ နောက်တစ်ယောက်ကလည်း ဆရာသိန်းဖေမြင့်၏ 'အရှေ့က နေဝန်းထွက်သည့်ပမာ' ကြီးကို ထွေးထား၏။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . စာပေသမားတွေဖြစ်ရမယ်"

ဟု ခေတ်သစ်က တွေးမိသည်။ 'မဟုတ်မှလွဲရော . . . ကဗျာဆရာတွေပဲနေမှာ' ဟု ကောင်မလေးကလည်း ထင်မိလိုက်သည်။

သို့သော် သူတို့စာအုပ်ဖတ်နေပုံက တစ်မျိုးဆန်းနေသည်။ စာအုပ်ကို ဖျတ်ခနဲလှန်ဖွင့်လိုက်၊ ပြန်ပိတ်လိုက်နှင့်။ တစ်ယောက်နှင့်တစ်ယောက် ငွေနစ်ရာတန်တစ်ရွက်ကိုလည်း ဟိုပေးလိုက်၊ ဒီပေးလိုက် လုပ်ကြသေးသည်။ ဘယ်လို စာဖတ်နည်းကြီးပါလိမ့်။

မနေနိုင်တော့သည်နှင့် ခေတ်သစ်လည်း . . .

"အစ်ကိုတို့ အဲဒါ ဘာလုပ်နေတာလဲ"

ဟိုက တစ်ခွန်းတည်း ဖြေပါသည်။

"ပိုက်ဆံကြေး စာအုပ်လှန်နေတာ" တဲ့။

"အမ် . . . "

ထိုအမ်က ခေတ်သစ်ကော၊ ကောင်မလေးကော၏ 'အမ်' ဖြစ်သည်။ သူတို့ကို စာကြီးပေကြီး စာအုပ်ထူထူကြီးကိုင်ထားသဖြင့် အထင်ကြီးနေမိသည်။ အခုတော့ ပိုက်ဆံကြေး စာအုပ်လှန်နေသည်တဲ့။

ခေတ်သစ်တို့ လာရင်းကိစ္စပင် မမေးချင်လောက်အောင်ဖြစ်သွားသည်။ မျက်နှာရိပ်မျက်နှာကဲသိသည့် ဟိုလူတွေကပဲ စမေးလာပါသည်။

"ဘာများစုံစမ်းချင်လို့ ကျွန်တော်တို့အနားမှာ ရစ်သီရစ်သီလုပ်နေတာလဲ"

"အဲ . . . "

ပြောပေါက်ကလည်း ဘယ်လိုကြီးမှန်းမသိ။ ကောင်မလေးက ခေတ်သစ်မျက်နှာကို တစ်ချက်ကြည့်ပြီးမှ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ ဂျပန်ကပြန်လာတာ လမ်းမှာ လွယ်အိတ်ကြိုးငြိတာ၊ ပစ္စည်းတွေ အလုခံရတာ၊ နောက်ကလိုက်လာရင်း ကားဂိတ်စိကုန်လို့ အခုလို လမ်းလျှောက်လာတာဖြစ်ကြောင်းကို ပြည့်စုံမြန်ဆန်စွာ ပြောပြလိုက်သည်။

ကောင်မလေး၏ စကားလည်းဆုံးရော . . .



"လေဆိပ်မှာ ခေါင်းစွပ်အနက်နဲ့လူတွေက လာလုတာ။ ဟင်း ဟင်း . . . အဲဒါ အမေရိကန်ရုပ်ရှင်နေမှာပါ"

"ပြင်သစ် ဘဏ်ဖောက်ကားလည်း ဖြစ်နိုင်တာပဲ။ ဟင်း . . . ဟင်း . . . "

လောင်းကစားသမားနှစ်ယောက်က မယုံသလို ခပ်ပြုံးပြုံးဖြစ်နေကြသည်။ ထိုနှစ်ယောက်အနက် တစ်ယောက်က အကျီလက်ရှည်ကို ဝတ်ထားပြီး ကျန်တစ်ယောက်က အကျီလက်တိုကို ဝတ်ထားသည်။ ထို့ကြောင့် ထိုနှစ်ယောက်ကို လက်ရှည်နှင့် လက်တိုဟု ခေတ်သစ်နှင့် ကောင်မလေး၏စိတ်ထဲမှ ယာယီနာမည်ပေးလိုက်သည်။

"ကျွန်မ တကယ်ပြောနေတာရှင့်။ ရှင်လည်း ဝင်ပြောဦးလေ"

"ဩော် . . . အင်း . . . ဟုတ်တယ်၊ ကျွန်တော်တို့ တကယ်ပြောနေတာပါ။ အဲဒီအနက်ရောင်ကားရဲ့ နံပါတ်က ( . . . /၅ . . . ၃) ပါ"

ခေတ်သစ်က ကားနံပါတ်ပါ ထည့်ပြောပြလိုက်တော့ လောင်းကစားသမားနှစ်ယောက်၏မျက်နှာ တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ သူတို့အချင်းချင်း . . .

"ဟေ့ကောင် . . . အဲဒါ ငါနိုင်တဲ့အလှည့်တုန်းက ကားနံပါတ်မို့လား"

"အေးပါကွာ . . . မင်းကလည်း တစ်ခါလောက်နိုင်တာကို ပြောမဆုံးဘူး"

သူတို့ ခုနက လမ်းပေါ်မှဖြတ်သွားသမျှ ကားများ၏နံပါတ်များကိုကြည့်ကာ လောင်းကစားခဲ့ကြသည်။ ကားနံပါတ်ဂဏန်းများကို စာအုပ်တွင်ချရေးသည်။ ပြီးလျှင် ဂဏန်းအားလုံးကိုပေါင်းကာ အပေါက်ကြည့်သည်။ ကားတစ်စီးလာရင် တစ်ယောက်အလှည့်၊ နောက်ကား တစ်စီးလာရင် နောက်တစ်ယောက်အလှည့်ဖြင့် သူတို့ကစားခဲ့ရာ ( . . . /၅ . . . ၃)နံပါတ်ကို သူတို့တွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်တို (ခေတ်သစ်တို့ ယာယီပေးထားသည့်အမည်)က ချက် ချင်းပင် သူ၏အရှေ့ကနေ 'နေဝန်းထွက်သည့်ပမာ' စာအုပ်ကြီး၏ အနောက်ဖုံးကို လှန်လိုက်သည်။

"ဟုတ်တယ် . . . ဟုတ်တယ် . . . ဒီကားနံပါတ်ပဲ။ ကျုပ် အလှည့်တုန်းက နိုင်တဲ့နံပါတ်ပဲ"

လက်ရှည်က ခေါင်းတစ်ချက်ညိတ်ကာ လက်တိုကိုကြည့် သည်။ ထိုအကြည့်သည် တစ်ခုခုကိုတိုင်ပင်သော အကြည့်မျိုးဖြစ်သည်။

"သိရင် ကူညီပါဦး . . . အစ်ကိုတို့ရာ။ အဲဒီကားနောက်ကို ကျွန်တော်တို့ အမြန်လိုက်မှဖြစ်မှာမို့"

"ဟုတ်ပါတယ်ရှင့် . . . ကျေးဇူးပြုပြီး ကူညီပါလား"

လောင်းကစားသမားနှစ်ယောက်မှာ ကူညီချင်စိတ်တော့ အပြည့် ရှိပုံရသည်။ သို့သော် သူတို့အချင်းချင်းကြည့်နေကြသော တိုင်ပင်အကြည့် များမှာတော့ သိပ်မသင်္ကာစရာ။

အတန်ငယ်ကြာမှ . . .

"ဗမာလူမျိုးအချင်းချင်းပဲကွာ ကူညီရမှာပေါ့ . . . ဟဲ . . . ဟဲ . . . "

ထိုလှိုက်လှိုက်လှဲလှဲစကားကြောင့် ခေတ်သစ်နှင့်ကောင်မလေး ပျော်သွားသည်။ သို့သော် . . .

"ဟဲ . . . ဟဲ . . . ဒါပေမဲ့ ရိုးရိုး ဒီအတိုင်းတော့ မကူညီနိုင် ဘူး"

အမယ်လေး . . . ဗမာလူမျိုးမှန်း ပိုသိသာလာပါလား။

"ကျွန်တော်တို့ ငွေလည်း မပါတော့ဘူးဗျ"

"ဟုတ်တယ်ရှင့် . . . လုခံရတဲ့အိတ်ထဲ အကုန်ပါသွားတာ"

ဟိုလူတွေ မျက်နှာမဲ့သွားသည်။ လက်တိုက စိတ်နည်းနည်း တိုသည့်အသံနှင့် . . .

"ဒီအတိုင်း မကူညီနိုင်ဘူးဆိုတာနဲ့ ငွေထုတ်ပေးဖို့ပြောတာလို့



င်တဲ့အကျင့်ကို နည်းနည်းလောက်ပြင်စမ်းပါဦးဗျာ။ ငါတို့ဆိုလိုတာ မင်းတို့နဲ့ လောင်းကစားတစ်ခု လုပ်ချင်တယ်"

"ဟုတ်တယ်။ မင်းတို့နိုင်ရင် ကားထွက်သွားတဲ့လမ်းကို ညွှန်ပြ ပေး။ ပြီးရင် ရန်ကုန်က လမ်းအကျွမ်းဆုံး၊ အမြန်ဆုံး တက္ကစီသမားကို ခေါ်ငှားပေးဦးမယ်။ ပြီးရင် ရဲစခန်းကိုပါ ငါတို့စိတ်ပါရင် အကြောင်း ကြားပေးဦးမယ်"

လက်ရှည်၏စကားကြောင့် ခေတ်သစ်နှင့်ကောင်မလေး အား တက်သွားသည်။ သို့သော် သူတို့နှင့် လောင်းကစားလုပ်ရမယ်။ ဘာ တွေ လုပ်ရမှာလဲ။ ထိုအတွေးက သူတို့ကို အားပြန်လျော့သွားစေပြန် သည်။

အားလျော့နေလို့လည်း အချိန်ကုန်တာပဲရှိမည်ဟု သိသော ကောင်မလေးက . . .

"ကဲ . . . ဘယ်လိုလောင်းကစား လုပ်ရမှာလဲ"

ကောင်မလေးကမေးလိုက်တော့ လက်တိုနှင့်လက်ရှည် ခေါင်း ချင်းဆိုင်ကာ တိုင်ပင်ကြပြန်သည်။ ပြီးမှ ကောင်မလေးဘက်ကိုလှည့် ကာ . . .

"ငါတို့ မေးခွန်းသုံးခုမေးမယ်။ သုံးခုစလုံးဖြေနိုင်ရင် ခုနပြော ပြတဲ့အတိုင်း အဆုံးထိ ကူညီမယ်။ မဟုတ်ရင်တော့ အင်း . . . မင်းတို့ ရှုံးရင်တော့ ငါတို့နဲ့ တစ်နာရီလောက် ထပ်လောင်းကစားလုပ်ရမယ်"

ခေတ်သစ်ကတော့ ဒီအကြောင်းကြောင် လောင်းကစားသမား နှစ်ယောက်နှင့် ဝေးရာသာ ပြေးသွားချင်တော့သည်။ မကူညီချင်နေပါ စေ၊ အလုပ်ရှုပ်တော့ မခံနိုင်။ သို့သော် ကောင်မလေးကတော့ သူတို့ ၏နိမ်ခေါ်ချက်ကို လက်ခံလိုက်သည့်အနေအထားနှင့် . . .

"ကဲ . . . ဒါဆို မေးခွန်းတစ် စမေးပါ"

မတုန်လှုပ်သည့်အသံနှင့် သူတို့မေးခွန်းကို ကမ်းလှမ်းလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ရှည်က တစ်ချက်သဲ့သဲ့ပြုံးကာ . . .

"ဖြဟ္မာကြီးလေးဦးအကြောင်းတော့ ခင်ဗျားကြားဖူးမှာပေါ့နော်။ လူသားတွေရဲ့ဘဝအစကို ဖြစ်စေခဲ့တဲ့ ဗြဟ္မာကြီးတွေအကြောင်းလေ"

ကြားဖူးပါသည်။ သီချင်းထဲလည်း ပါပါသည်။ မြေကြီးတွေစားကာ အတောင်ပံတွေပျောက်ကွယ်သွား၍ ဗြဟ္မာ့ပြည်မပြန်နိုင်တော့သည့် လူသားတို့၏အရင်းအမြစ် ဗြဟ္မာကြီးလေးဦးအကြောင်း။

"ကြားဖူးပါတယ်၊ မေးစရာရှိတာသာ မေးပါ"

"အင်း . . . အဲဒီဗြဟ္မာကြီးတွေ လူ့ဘုံကမ္ဘာမြေကိုစဆင်းတော့ ဘယ်နေရာကို စဆင်းတာလဲ။ အခု ကမ္ဘာပေါ်က ဘယ်နိုင်ငံဟာ အဲဒီတုန်းက ဗြဟ္မာကြီးတွေစဆင်းခဲ့တဲ့ နိုင်ငံလဲ။ ကဲ . . . ဖြေ"

ဟိုးတုန်းက ဗြဟ္မာကြီးလေးဦး ဆင်းခဲ့တဲ့မြေနေရာဟာ အခုကမ္ဘာပေါ်က ဘယ်နိုင်ငံဖြစ်နေပြီလဲ။ မေးခွန်းက ကျမ်းတစ်ဝက်ပဟေဠိတစ်ဝက်နှင့်။ သူမ စဉ်းစားရသည်။

ခေတ်သစ်ကလည်း ကောင်မလေး ဖြေမှဖြေနိုင်ပါ့မလားဟု စိုးရိမ်နေသည်။ သူကိုယ်တိုင်လည်း မသိမှန်းသေချာသော်လည်း လျှောက်စဉ်းစားနေမိသေးသည်။

လက်တိုနှင့်လက်ရှည်ကတော့ ပြုံးတုံးတုံးဖြစ်နေသည်။ သို့သော် ကောင်မလေးကလည်း ခေသူမဟုတ်ပါချေ။

"အင်ဒိုနီးရှားနိုင်ငံက (Tvban) ဆိုတဲ့ရွာကို ဗြဟ္မာကြီးလေးဦး စဆင်းသက်တဲ့ မြေနေရာအဖြစ် ခန့်မှန်းနေကြတယ်။ ခန့်မှန်းချက်ဟာ တိကျတဲ့ အမှန်တရားမဟုတ်ဘူး။ ဒါကြောင့် ရှင်တို့မေးခွန်းမေးရင် သတိထားမေးပါ"

"ဟင် . . ."

"အင် . . ."

ကောင်မလေးက သူတို့မေးခွန်းကို ဖြေလိုက်သည့်အပြင် သူတို့၏မရေရာသည့်မေးခွန်းကိုပင် ခြိမ်းခြောက်စကားထောက်လိုက်သေးသည်။



လက်တိုလက်ရှည် ကောင်မလေးကို နည်းနည်းဖြုံသွားသည်။ ခေတ်သစ်မှာတော့ ကောင်မလေးဖြေနိုင်သဖြင့် ကြိတ်ပျော်နေတော့သည်။

လက်ရှည်က အခဲမကျေသည့်ပုံနှင့် . . .

"ကဲ . . . ဒုတိယမေးခွန်းမေးမယ်။ နားထောင်"

ကောင်မလေးက ပေကပ်ကပ်မျက်နှာပေးလေးနှင့် နားထောင်ပေးလိုက်သည်။

"ဟင်း . . . ဟင်း . . . ဒီမေးခွန်းကတော့ ပြက္ခဒိန်ကျွမ်းကျင်ခဲ့သူမှရမှာ"

"မေးမှာသာ မေးစမ်းပါ"

ကောင်မလေးက ပြန်အော်မှ လက်ရှည်က ဒုတိယမေးခွန်းကို မေးသည်။

"(၁၅၈၂) ခုနှစ်ကနေ (၂၂၉၉) ခုနှစ်အထိ (၇၁၇) နှစ်အတွင်း တနင်္ဂနွေငါးရက်ပါပြီး တစ်လမှ (၂၉) ရက်ရှိတဲ့ ဖေဖော်ဝါရီလပေါင်း ဘယ်လောက်ရှိမလဲ။ ကဲ . . . ဖြေ . . ."

တစ်လမှာ (၂၉)ရက်ရှိရမည်ဖြစ်ပြီး တနင်္ဂနွေငါးရက်ပါဝင်ရသည့် ဖေဖော်ဝါရီလပေါင်း ဘယ်လောက်ရှိမည်နည်း။ (၁၅၈၂)ခုနှစ်ကနေ (၂၂၉၉) ခုနှစ်အထိ ခုနှစ်လည်း ကန့်မေးထားသေးသည်။

ခေတ်သစ်တော့ ဘယ်လိုမှမစဉ်းစားတတ်။ ကောင်မလေးကတော့ မျက်မှောင်ကြုတ်လျက်။

သူ့ဦးနှောက်ထဲက data တွေကို သူပြန်ခေါ်သုံးနေပုံ။

ကောင်မလေး အတွေးကြပ်နေမှန်းသိတော့ လောင်းကစားသမားနှစ်ယောက် ပြုံးလေသည်။

စိတ်ရှုပ်စွာနှင့် ခေတ်သစ် လမ်းပေါ်က ဖြတ်သွားသည့် ဆပ်ပြာမှုန့်ကားကြော်ငြာမှ မင်းသမီးကိုသာ လှမ်းကြည့်မိသည်။ မင်းသမီးကရှင်ကာမလှဘဲ စကတ်ကတိုနေသည်။

"ဩော် . . ."



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးနှုတ်ခမ်းက တစ်ခုခုကိုသဘောပေါက်သလို အသံ ပွင့်လာသည်။ လောင်းကစားသမားနှစ်ယောက်က ကြည့်လိုက်မှ ဟင့် ခနဲအသံပြုကာ သူမ . . .

"တနင်္ဂနွေငါးရက်ပါပြီး (၂၉)ရက်ရှိတဲ့ ဖေဖော်ဝါရီလပေါင်း"

" . . . . "

"(၂၃)လ ရှိတယ်"

လောင်းကစားသမားနှစ်ယောက် ခေါင်းငိုက်ကျသွားတာကို မြင် ခြင်းဖြင့် ကောင်မလေးအဖြေမှန်သွာ ခုန်း သူသဘောပေါက်လိုက်သည်။ ဝိုး . . . စိတ်ထဲမှအော်ဟစ်ကာ သူပျော်သွားသည်။ ဒီလောက်တော်သည့် ကောင်မလေးမျိုး သူတစ်ခါမှမတွေ့ဖူးဘူး . . . သေချာလား။ မသေချာ။ သူတွေ့ဖူးသည်။ ဒီလိုတော်တဲ့မိန်းကလေးမျိုး ဘဝမှာ သူရင်းနှီးဖူးသည်။

"အဟင်း . . ."

ကောင်မလေးက ပမာမခန့်ရယ်ပြီး ခေတ်သစ်ကို လက်ဝါး ထောင်ပြသည်။ ခေတ်သစ်ကလည်း သဘောပေါက်စွာ ကောင်မလေး၏ လက်ဝါးကို သူ့လက်ဝါးနှင့်ပြန်ရိုက်လိုက်သည်။ သူတို့ ပျော်ရွှင်စွာအောင် ပွဲခံမြှလိုက်ခြင်းဖြစ်သည်။

လောင်းကစားသမားနှစ်ယောက် ရှုံ့မဲ့မဲ့နှင့် ခေါင်းပြန်ထောင် လာသည်။ ပြီး ခေတ်သစ်ကို ခပ်စူးစူးကြည့်သည်။

ပြီး သူတို့အချင်းချင်း တိုင်ပင်ကြည့် ကြည့်သည်။

ပြီး ကောင်မလေးကို ပြန်ကြည့်သည်။

"ညည်း . . . "

ကောင်မလေးကို လက်ညှိုးထိုးပြီး . . .

"မဖြေနဲ့တော့။ မင်း . . . "

ခေတ်သစ်ကို လက်ညှိုးကြီးနဲ့ တင်းတင်းထိုးပြီး . . .

"မင်းဖြေရမယ်"

"ကျွန်တော် . . . "



ခေတ်သစ် ခေါင်းနားပန်းကြီးသွားသည်။ သူက ဒါမျိုးဆို ဉာဏ် က အလိုလိုတုံးတတ်သည်။ ကောင်မလေးကလည်း သူ့အရည်အချင်းကို သိချင်၍လားမသိ၊ ဘာမှဝင်မပြောချေ။ သူ လေပူတစ်ချက်ကြိတ်မှုတ် ထုတ်ပြီး ဟန်ကိုယ့်ဖို့လုပ်လိုက်သည်။

"မေးပါ၊ ကျွန်တော် အဆင်သင့်ဖြစ်ပြီ"

"မေးမယ်၊ သေချာနားထောင်။ နှစ်ခါမမေးဘူးနော်"

မေးခွန်းက သေချာနားစွင့်နိုင်မှ တော်ကာကျမည့် မေးခွန်းမျိုး ထင်သည်။ ခေတ်သစ် အာရုံသေချာစူးစိုက်လိုက်တော့ မေးခွန်းစပြီ။

"ပန်းခြံထဲမှာ . . ."

"အင်း . . ."

"သူ့ရဲ့ကောင်းကြေးရုပ်ကြီးတစ်ရုပ်ရှိတယ်"

"အင်း . . ."

"ကြေးရုပ်ကြီးရဲ့ကျောမှာ မြားကျည်တောက်ဘူး လွယ်ထား တယ်။ မြားတံက (၁၃)ချောင်းရှိတယ်"

ထို မြား(၁၃)ချောင်းကို ခေတ်သစ် သေချာစွာ မှတ်ထားလိုက် သည်။

"ပြီးတော့ ကြေးရုပ်ကြီးရဲ့ခါးမှာ ဓားရှည်တစ်လက်ချိတ်ထား တယ်။ ခါးကြားမှာ ဓားမြှောင်တစ်လက် ညှပ်ထားသေးတယ်"

"အင်း . . ."

ဓားရှည်(၁)ချောင်း၊ ဓားမြှောင်(၁)ချောင်း၊ ခုနက မြားက (၁၃) ချောင်း အင်း . . . သူရေရွတ်ကာ ဂဏန်းအကွာရာတွေကို သေချာမှတ် နေသည်။ ဒါ သင်္ချာမေးခွန်းပဲ ဖြစ်လိမ့်မည်ဟုလည်း ကြိုတွေးနေမိပြီ။

"ပြီးတော့ သူ့ရဲ့ကောင်းကြီးက မြင်းကိုစီးထားတယ်။ မြင်းက မြင်းထီး"

ဟင် . . . မြင်းထီးတဲ့။ ရှုပ်တော့ရှုပ်လာပြီ။

"မြင်းက ခြေတစ်ဖက် လေထဲမြှောက်ထားတယ်။ မြင်းရဲ့သွား တွေကို အပေါ်ကလေးချောင်း၊ အောက်ကလေးချောင်းတွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခေတ်သစ်က သေချာမှတ်ရပြန်သည်။ ခြေထောက်တစ်ဖက် လေထဲမြှောက်၊ သွားက အပေါ်လေးချောင်း၊ အောက်လေးချောင်း။

"ကဲ . . . ပုစ္ဆာရဲ့ပေးထားချက်တွေကို ပေးပြီးပြီဆိုတော့ မေးခွန်း စမေးမယ်။ အဲဒီသူ့ရဲကောင်းကြီးက ဘယ်လိုသေသွားတာလဲ"

"ဟင် . . ."

ခေတ်သစ် အသံကြောင်ထွက်သွားသည်။ မေးခွန်းက မပြီးသေးပါ။

"(၁) သူ့ရဲကောင်းကြီးဟာ တိုက်ပွဲမှာ တိုက်ရင်းခိုက်ရင်း သေသွားတာလား။ (၂) တိုက်ပွဲမှာတိုက်ခိုက်ပြီး ရတဲ့ဒဏ်ရာနဲ့ သေသွားတာလား။ (၃) သူ့ဘာသာသူ တိုက်ပွဲမှာမဟုတ်ဘဲ ရိုးရိုးသေတာလား ကဲ . . . ဖြေပေတော့"

ဘာလဲ။ မေးခွန်းကြီးက ဘယ်လိုကြီးလဲ။

ခေတ်သစ် မျက်လုံးစုံမှိတ်ကာ ခုနက ဦးနှောက်အတွင်းမှတ်ထားတာတွေကို ပြန်ဖော်ကြည့်သည်။ မြားက(၁၃)ချောင်း၊ ဓားရှည်က (၁)၊ ဓားတိုလည်း (၁)၊ မြင်းရဲ့သွားက အပေါ်လေးချောင်း၊ အောက်လေးချောင်း၊ မြင်းက မြင်းထီး၊ ခြေထောက်တစ်ချောင်းက လေပေါ်မှာ။ဒါကြောင့် သူ့ရဲကောင်းကြီးက ဘယ်လိုသေတာလဲ။ ဟင်း . . . ဘယ်လိုကြီးလဲ။ စိတ်ထဲမှာ သူ့ရေရွတ်ရင်း ခေါင်းတွေကိုက်နေပြီ။

စိုက်ပြီး စဉ်းစားလည်းမရ။ ကောင်မလေးဆိုရင်ကော ဖြေနိုင်မလား။ သူ ကောင်မလေးကို ကြည့်မိသည်။

ကောင်မလေးကလည်း စဉ်းစားနေပုံပဲ။ မေးစေ့ဖြူဖြူလေးကို လက်ချောင်းလေးနှင့်ပုတ်ကာ မျက်မှောင်ကြုတ်နေသည်။

"ဟင်း . . . ဟင်း . . .ဒီတစ်ခါတော့ မဖြေနိုင်တော့ပါဘူးကွာ"

"ဟား . . . ဟား . . . ငါတို့နဲ့ တစ်နာရီလောက် လောင်းကစားဖို့ အဖော်ရပြီထင်တယ်"

လက်တိုနှင့်လက်ရှည်က လက်တွေပိုက်လို့ မိန့်မိန့်ကြီးပြုံးကာ ပီတိတွေရွှဲနေပါသည်။ ဒီတစ်ခါ ငါတို့အလှည့်ဆိုသည့် စင်မြင့်ထက်က ရပ်ကြီးတွေနှင့်။



ညှစ်စဉ်းစားရလွန်း၍ ခေါင်းကြီးပေါက်ထွက်ကာ ဦးနှောက်တွေ ဝင် အဖတ်လိုက်ပန်းထွက်ကုန်တော့မည်။ အဖြေရှာမရ။ ကောင်မလေးကို အားကိုးတကြီးကြည့်မိသော်လည်း ကောင်မလေးက ဟိုဘက်လှည့်နေပြီး ခုနကလိုပဲ မေးစေ့ကို လက်ချောင်းလေးနှင့် ပုတ်နေသည်။

"မျက်နှာလွှဲ ခဲပစ်လုပ်လှချည်လား ကောင်မလေးရယ်"

သူ ညစ်ညူးစွာ ညည်းညူမိသေးသည်။ သို့သော် . . .

"ဟင် . . ."

သူ့အတွေး 'လင်း'ခနဲ ဝင်းသွားသည်။ ကောင်မလေးကိုပြန်ကြည့်လိုက်သည်။ ခုနကမေးခွန်းတွေတုန်းက ကောင်မလေးစဉ်းစားတာ ဒီပုံစံမျိုးမဟုတ်။ အခုမှ ဘယ်လိုဖြစ်ရတာလဲ။

ကောင်မလေးပုံကို သေချာပြန်အကဲခတ်တော့ မေးဖျားလေးကို လက်ချောင်းလေးနှင့် နှစ်ချက်ပုတ်လိုက်၊ ရပ်လိုက်၊ ခဏနားကာ နှစ်ချက်ပုတ်လိုက် ခဏနားလိုက် လုပ်နေတာတွေ့ရသည်။ ဒါ ဘာသဘောလဲ။ ဒါ ငါ့ကို အချက်ပြနေတာလား။ မသိဘူး လုပ်ကွာ . . .။

"အဖြေက နံပါတ်(၂)ဗျာ။ သူ့ရဲကောင်းကြီးက တိုက်ပွဲမှာရတဲ့ ဒဏ်ရာနဲ့ တခြားတစ်နေရာမှာ သေတာ"

"ဟာ . . ."

"ဟာ . . ."

လောင်းကစားသမားနှစ်ယောက် ပါးစပ်တွေဟောင်းလောင်းပွင့်သွားသည်။ ကောင်မလေးကလည်း ခုန်ပေါက်ပြီးလှည့်လာကာ . . .

"အိုး . . . တော်လိုက်တာ။ ရှင်ဖြေတာ အမှန်ပဲ"

ဟူး . . . ခေတ်သစ်လည်း အခုမှ အလုံးကြီးကျကာ ပျော်နိုင်တော့သည်။ ပျော်လွန်းလို့ ကောင်မလေးကို ဆွဲဖက်မိမှာကိုပင် စိုးရိမ်နေရသေးသည်။

လက်တို၊ လက်ရှည်က ခံပြင်းသည့်အမူအရာတွေနှင့် 'ဒီကောင် သျှောက်ရှီးပြီးမှန်သွားတာ'ဟူသည့် ယူဆချက်ဖြင့် ချိုကြည့်တွေ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ တစ်စက်မှ ကျေနပ်ပုံမရ။ သို့သော် ဒီလောက် လောင်းကစားခွင့်ရတာ သူတို့ တင်းတိမ်သင့်သည်။

"ကျုပ်တို့က ကျမ်းဂန်ထဲက အပြစ်(၆)ပါးနဲ့လွတ်အောင် လောင်းကစားတဲ့သူတွေဗျ။ လောဘကြောင့် ကစားတာမဟုတ်ဘူး။ အခုရှုံးတော့လည်း ကျေကျေနပ်နပ်ပေါ့။ ဟော့ကောင် . . . မင်း ရန်ကုန်မြို့က အကောင်းဆုံးတက္ကစီသမားရှိရာ ညွှန်ပြလိုက်"

လက်တိုက ရှေ့ကလျှောက်ကာ သူတို့နှစ်ယောက်ကို ခေါ်သွားသည်။

"မင်း . . . မေးစေ့ကို လက်နဲ့နှစ်ချက်နှစ်ချက်ပုတ်တာ ငါ့ကို အဖြေပြောပြနေတာမို့လား"

ခေတ်သစ်မေးမိတော့ ကောင်မလေးက ကမန်းကတန်း 'ရှူး'လုပ်ပြသည်။ ပြီးတော့ ရှေ့ကသွားသောလက်တိုကို လက်ညှိုးထိုးပြကာ ...

"တိုးတိုးပြောပါ။ သူကြားရင် ညစ်တာဆိုပြီး ပြန်လောင်းကစားခိုင်းနေဦးမယ်"

ဒါတော့ ဟုတ်သည်။

ရှေ့ စက္ကန့်သုံးဆယ်လောက်လျှောက်ပြီးတော့ . . .

"ဟိုး . . . အပင်အောက်မှာ တက္ကစီခပ်စုတ်စုတ်တစ်စီးကိုတွေ့လား။ အဲဒီတက္ကစီသမားကို မင်းတို့ဒုက္ခတွေပြောပြလိုက်။ သူ သေချာပေါက် လူဆိုးတွေကို အမီလိုက်နိုင်အောင် ကူညီလိမ့်မယ်။(. . ./၅ . . .၃)က ဒီလမ်းအတိုင်းမောင်းသွားတာ မကြာသေးဘူး"

"ဟုတ်ကဲ့ . . . ကျေးဇူးပါဗျာ"

"ကျေးဇူးပါပဲရှင်"

"မလိုဘူး"

စိတ်ဆိုးနေသည်ထင်၏။

ᨀ ᨀ ᨀ



(၄)

ရှေ့ခန်းကို ကြည့်သည်။ နောက်ခန်းကို ကြည့်သည်။ ဘယ်မှာမှ မတွေ့။

လောင်းကစားသမားနှစ်ယောက် ညွှန်ပြလိုက်သော ကားဆီသို့ ခေတ်သစ်နှင့်ကောင်မလေး ရောက်လာကြပြီဖြစ်သည်။ သို့သော် ကားမောင်းသူကိုတော့ ရှာမတွေ့ဖြစ်နေသည်။

"တောက် . . . ကားသမားကလည်း အိမ်သာသွားတက်နေတာလားမသိပါဘူး"

"အေးလေ . . . အရေးကြီးပါတယ်ဆို။ ကျွတ် . . ."

သူတို့ တစ်ယောက်တစ်ခွန်း ညည်းညူရင်း ကားဘက်ကိုပြန်လှည့်ကြည့်မှ . . .

"အမယ်လေး . . . "

"သောက်ခွေးနဲ့မှ"

တစ်ကိုယ်လုံး စိမ့်တုန်သွားအောင် လိပ်ပြာလွင့်မတတ် လန့်သွားကြသည်။ ကားအောက်ထဲမှ 'ဘွား' ခနဲထွက်လာသော လူတစ်ယောက်ကြောင့်ဖြစ်သည်။ ထိုလူ့တစ်ကိုယ်လုံး စက်ဆီ၊ အညစ်အကြေးများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် တူးချိတ်ညစ်ပတ်နေသည်။ ထိုလူက ဟီးခနဲပြုံးပြမှ ဒါ လူတစ်ယောက်ပဲဟု ခေတ်သစ်တို့ စိတ်ချလိုက်ရသည်။

"ကားငှားမလို့လား"

"ရှင်က ကားသမားလား"

"သိပ်သေချာတာပေါ့။ မြန်မာပြည်ရဲ့မြို့တော်က အကောင်းဆုံးကားသမားဆိုရင် ကျုပ်ကို လက်ညှိုးထိုးလိုက်ပါ"

သူ့ကိုယ်သူတော့ ယုံကြည်ချက်ပြင်းစွာ မိတ်ဆက်လိုက်သည်။ သူ့စုတ်ပြတ်နေသည့် တစ်ကိုယ်လုံးကို အစုန်အဆန်ကြည့်ပြီး ကောင်မလေးမှာ ယုံကြည်ရခက်ခက်ဖြစ်နေသည်။

"ဒါဆို ကျွန်တော်တို့ကို ကူညီပါဦးဗျာ"

ခေတ်သစ်တို့ အမှုအရာတွေကိုကြည့်ပြီး သာမန်ကားငှားသူတွေမဟုတ်။ အရေးကြီးသော အခက်အခဲနှင့် ကြုံလာသူတွေမှန်း ခန့်မှန်းမိသွားသည်။ ထို့ကြောင့် အားတက်သရောနှင့် . . .

"ဆိုစမ်းပါဦး . . . ဘယ်လိုကူညီရမှာလဲ"

"ဟင်း . . . ပြောရရင်တော့ ခပ်ရှုပ်ရှုပ်။ ဒီလိုဗျာ . . ."

လေဆိပ်ကနေ အခုအခြေအနေအထိ အဖြစ်အပျက်တို့ကို အသေးစိတ် အတိုချုံးကာ ပြောပြလိုက်သည်။ ကားသမားက ရေဘူးထဲကရေနှင့် မျက်နှာသစ်ရင်း စိတ်ဝင်စားစွာ နားထောင်နေသည်။

ကောင်မလေးက နာရီကို ငုံ့ကြည့်သည်။ သူတို့ အနက်ရောင်ကားကို မျက်ခြည်ပြတ်ခဲ့တာ (၁၅)မိနစ်ခန့်ရှိပြီ။ ဒီအတိုင်းဆို နောက်ကလိုက်ရင်ကော မီပါဦးမလား။ ဓားပြတွေများ သူတို့စခန်း သူတို့ ပြန်ရောက်နေလောက်ပြီလား။ အခြေအနေအရပ်ရပ်မှာ ရှုပ်ထွေးလွန်းသဖြင့် သူမ ဘာလုပ်ရမှန်းမသိအောင် တွေဝေခဲ့ပြီ။

ခေတ်သစ်စကားဆုံးတော့ ကားသမားက ပလုတ်ကျင်းထားသည့်ရေကို ထွေးထုတ်ကာ ပြုံးသည်။



"ဘာမှစိတ်မပူနဲ့။ သူတို့ကားသာ ရန်ကုန်မြို့ရဲ့ လမ်းမတစ်နေရာရာမှာရှိနေရင် ကျုပ်လက်က ပြေးမလွတ်ပါဘူး။ လွန်ခဲ့တဲ့ (၁၅)မိနစ်လောက်က ဒီလမ်းက ဖြတ်သွားတာဆိုတော့ အင်း . . . ဟိုလမ်းက လိုင်းကားတွေရှုပ်တော့ ကားသေးတွေ မသွားတတ်ဘူး။ အင်း . . . ဟိုလမ်းက ကွန်ကရစ်လမ်းအသစ်ခင်းနေတုန်း။ အင်း . . . ဟုတ်ပြီ၊ အဲဒီလမ်းဖြစ်မယ်။ ဖြတ်လမ်းက လိုက်ရမယ်"

သူ့ဘာသာသူ တွက်ချက်ပြီး လက်ဖျောက်တီးလိုက်သည်။

"ကဲ . . . ဘာမှစိတ်မပူနဲ့။ (၁၃)မိနစ်အတွင်း အနက်ရောင်ကားအနောက်ကို အမီလိုက်ပြမယ်"

ခေတ်သစ်တို့လည်း အားကိုးတကြီးနှင့် ကားနောက်ခန်းထဲ ပြေးဝင်ထိုင်လိုက်သည်။

သူ ဆေးပေါ့လိပ်ကို ခဲလိုက်သည်။ တိမ်လွှာမို့မို့လွင်ကို ဖွင့်လိုက်သည်။ အဲဒီနောက်တော့ . . .

"ဝူး . . ."

စထွက်ကတည်းက ကားအသံမှာ အရှိန်ပါလွန်းလှသည်။

ခေတ်သစ်နှင့်ကောင်မလေးပင် ထိုအရှိန်ကြောင့် နောက်သို့မှီကျသွားသည်။ ဟူး . . . ဆိုပြီး သူက လေပူမှုတ်ထုတ်လိုက်ရသလို ကောင်မလေးကလည်း 'မြတ်စွယ်တော်ဘုရားရေ . . .' ဟု စိတ်ထဲကိုးကွယ်ရာ တ,ယုံလိုက်ရသည်။

တိမ်လွှာမို့မို့လွင်သီချင်းကြီးနှင့် ကား၏အမြန်နှုန်းနှင့်က တော်တော့်ကို ဂဟေစနစ်လွဲနေသည်။ မည်သို့မျှ မလိုက်ဖက်။

"သြော် . . . ခင်ဗျားတို့ကို ကျုပ်ကားအကြောင်း ပြောရဦးမယ်"

" . . . ."

"ကျုပ်ကားမှာ မူလီ(၃၆)လုံးက အရစ်ပြုန်းနေတယ်"

"ဗုဒ္ဓေါ . . ."



www.burmeseclassic.com

www.burmeseclassic.com

"နောက်ကားဘီးနှစ်လုံးက ကျွတ်ချင်သလိုဖြစ်နေတယ်"

"ဘုရားရေ . . . "

"ဘရိတ်က သိပ်မမိချင်သလို ဂီယာကလည်း ညှပ်ညှပ်နေတတ်တယ်"

သူတို့နှစ်ယောက် ချက်ချင်းကို ဆင်းပြေးသေချင်စိတ်တောင် ပေါက်သွားသည်။ အားကိုးချင်စိတ်ပျောက်ပြီး ရတဲ့ဘုရားစာ အကုန်ရွတ်ရမလို ဖြစ်နေသည်။ မပြီးသေးပါ။ သူ့ကားအကြောင်းကို ငို့ကာ ဆက်ချဲ့ပြသည်။

"နှစ်နာရီတစ်ခါလောက် အရစ်ပြုန်းနေတဲ့မူလီတွေ ပြန်ပြန်ကြပ်ပေးရတယ်။ အဲဒီလိုမကြပ်ပေးရင် ကားက တစ်စစီ ဖြစ်သွားလောက်မယ်ထင်တယ်။ ဒါပေမဲ့ စိတ်ချပါ။ ခုနကမှ မူလီတွေကို သေချာ စက္ကူတွေ ဘာတွေခံပြီးကြပ်ထားတာမို့ နောက်နှစ်နာရီလောက် အေးဆေး (ဏ) လို့ ရတယ်"

"အေးဗျာ . . . အဲလိုဆိုတော့ တော်သေးတာပေါ့"

"ဟဲ . . . ဟဲ . . . မစိုးရိမ်ပါနဲ့။ ကျုပ်က ရန်ကုန်မြို့က အကောင်းဆုံး တက္ကစီသမားပါဗျ"

လုပ်ပြန်ပါပြီ။ ဒါချည်းပြောနေတာ။ ကိုယ့်ဘာသာကိုယ် ဇွတ်ခံယူထားသည့် ဘွဲ့ကြီးကိုများ။

"မင်းလွယ်အိတ်ထဲမှာ အဖိုးတန်ပစ္စည်းတွေ ပါသွားတာလား"

ခေတ်သစ်က ကောင်မလေးကို မေးခြင်းဖြစ်သည်။

"အဖိုးတန်ပစ္စည်းတွေက သေတ္တာအနီထဲမှာ ပါသွားတာရှင့်"

"ဩော် . . . မသိပါဘူး။ မင်းအတွက်လွယ်အိတ်က အပွန်းအပဲ့မခံနိုင်တဲ့ အရေးကြီးပစ္စည်းလို့ မင်းပြောဖူးလို့ မေးကြည့်တာပါ"

သူမက လက်သန်းလေးနှစ်ချောင်း၏ လက်သည်းခွံအချင်းချင်းကိုပွတ်ရင်း . . .



"ဂျပန်ကိုသွားခါနီး ကျွန်မအဖေပေးလိုက်တဲ့ လက်ဆောင်မို့လို့ပါ။ မြန်မာဆန်တဲ့ပစ္စည်းလေးမို့ တိုင်းတစ်ပါးကို သွားသူတစ်ယောက်အတွက်လည်း အမှတ်တရဖြစ်စေတယ်လေ"

"ဩော် . . ."

စကားသံတွေ ခဏတိတ်ဆိတ်သွားသေးသည်။ တိမ်လွှာမို့မို့လွှင် ဒုတိယအကြိမ်ပြန်ကျော့ခါနီးမှ သူတို့စိတ်ထဲ အနက်ရောင်ကားကို ပြန်တွေးမိသည်။ အနက်ရောင်ကား ဘယ်ရောက်နေပြီလဲ။ သူတို့မျက်လုံးများသည်လည်း ဘေးဘီဝဲယာကို ကျိုးကန်းတောင်းမှောက် ငေးကြည့်နေခဲ့ကြသည်။

"မင်းက ဟိုဘက်ကို ကြည့်ထား။ ငါက ဒီဘက်ကိုကြည့်မယ်"

နေရာစုံကို ခွဲတမ်းချပြီး ကြည့်မှဖြစ်မယ်။

"အိုခေ . . . အိုခေ၊ အိုခေ . . . "

ကောင်မလေးကလည်း သူ့စကားကိုထောက်ခံရင်း တစ်ဖက်ကို မျက်နှာလွှဲ၍ ကြည့်လိုက်သည်။

"ဟင် . . ."

ခေတ်သစ်စိတ်ထဲမှ တိုးညှင်းစွာ ထွက်သွားသော အာမေဍိတ်သံ။

ခုနကကောင်မလေး၏ အိုခေပြောသံကို ပြန်သတိပြုမိလိုက်သည်။ ပထမအိုခေကိုပြောပြီး ခဏနားကာ နောက်ထပ်အိုခေနှစ်လုံးကို ဆက်တိုက်ပြောချလိုက်သော စကားပြောဟန်မျိုး ဘယ်မှာတွေ့ဖူးပါလိမ့်။ သူ့ရင်ထဲ ရင်းနှီးနေသည်။

"ဘာကြည့်တာလဲ"

"ဩော် . . . အင်း . . . ဘာမှမကြည့်ပါဘူး"

ကောင်မလေးက ရုတ်တရက် လှည့်မေးလိုက်တော့ သူ ကြောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမကြည့်လို့ မရဘူးလေ။ ရှင်က ဟိုဘက်လမ်းဘက်ကို ကြည့်နေမှဖြစ်မှာ။ ကျွတ် . . ."

နှုတ်ခမ်းလေးတစ်ချက်စူ၍ စုတ်သပ်သွားပုံက ချစ်စရာကောင်းလှသည်။ ကျွတ်ဆိုသော အသံလေးထွက်သွားတာကိုက ပန်းရောင်ရေအိုင်လေးထဲမှ ရေပူပေါင်းလေးတစ်ချက် ထပွက်လိုက်သလို သူမြင်မိလိုက်ပါသည်။

ကောင်မလေး၏မျက်နှာမှာ သွယ်သွယ်စင်းစင်းလေးဖြစ်ပြီး နှာခေါင်းဖျားလေးက ချွန်ပြီးနုနေသည်။ ပိန်ပါးကျစ်လစ်သော ခန္ဓာကိုယ်ကြောင့် အရပ်အမောင်းလှပသည်။ ဂျင်းဘောင်းဘီကို အချိုးကျဝတ်ဆင်ထားလိုက်တော့ မြင်သူတိုင်းငေးရုံသာ ရှိတော့သည်။ ခေတ်သစ်လည်း မြင်သည်။ ထို့ကြောင့် ငေးသည်။ ငေးရုံနှင့်မဝ၍ မေးလည်း မေးရသည်။

"ဒါနဲ့နေပါဦး မင်းက လောင်းကစားသမားတွေ မေးသမျှမေးခွန်းကို ဘယ်လိုလုပ် ဖြေနိုင်တာလဲ"

ကောင်မလေးက လှည့်မကြည့်ဘဲ . . .

"ဒီလိုပါပဲရှင် . . . စာတွေလျှောက်ဖတ်ပြီး လျှောက်သိမိနေတာမျိုးပါ။ သူတို့မေးတဲ့ ပထမမေးခွန်းဆိုရင် ကျွန်မ တော်တော်စဉ်းစားလိုက်ရတယ်။ နောက်မှ ကိုယ်ဖတ်ဖူးတဲ့ဟာတစ်ခုနဲ့ ပြန်စမ်းစစ်မိပြီး အဖြေရတာ။ တကယ်တော့ ဖြူဟွာကြီးလေးဦး ဘယ်နေရာမှာ စဆင်းလဲဆိုတာ လျှောက်ခန့်မှန်းလို့လည်း ကောင်းတာမဟုတ်ဘူး။ ခန့်မှန်းလည်း ခန့်မှန်းတာပဲရှိမှာ။ မှန်တာတော့ မဖြစ်နိုင်ဘူး။

အင်ဒိုနီးရှားနိုင်ငံ Tvban ဆိုတဲ့ ရွာကလေးမှာ ရိုးရာမုန့်တစ်မျိုး ရှိတယ်ရှင့်။ အဲဒီမုန့်ကို Ampo လို့ခေါ်တယ်။ အဲဒီ Ampo ကို ရွှံ့နဲ့လုပ်ရတယ်။ အဲဒီတစ်ရွာလုံးကလည်း အဲဒီရွှံ့တွေကို စားကြတယ်ပေါ့ရှင်။ ဖြူဟွာကြီးလေးဦးကလည်း ကမ္ဘာမြေကိုစဆင်းတော့ မြေကြီးတွေကောက်စားခဲ့ကြတာမို့လား။



အဲဒီဖြူဟွာကြီးတွေ မြေကြီးစားတာရယ်၊ Tvban ရွာကလူတွေ ရွှံ့စားတာရယ်ကို ရောထွေးဆက်စပ်ပြီး အဲဒီရွာလေးဟာ ဖြူဟွာ့အမျိုးအနွယ်တွေနေတာ။ ဖြူဟွာတွေ ခြေချခဲ့တဲ့နေရာဆိုပြီး လျှောက်ပြောကြတော့တာပဲ။ ကျွန်မတော့ လုံးဝမယုံဘူး"

ကောင်မလေးက ရှည်ရှည်လျားလျား ရှင်းပြသည့်အပြင် သူ့ယူဆချက်ပါ ထည့်ပြောသေးသည်။

"နောက်မေးခွန်းတစ်ခုကလည်း တော်တော်ခက်မယ့်ပုံပဲ။ ၇၁၇ နှစ်အတွင်း တနင်္ဂနွေငါးရက်ပါပြီး ဖေဖော်ဝါရီ (၂၉) ရက်ဖြစ်တဲ့လ ဘယ်နှစ်လလဲဆိုတာ။ မင်း ဘယ်လိုများတွက်လိုက်တာလဲ။ ဒါကို စက္ကန့်ပိုင်းအတွင်းတွက်နိုင်တဲ့ မင်းကတော့ (great IQ) ပဲ"

ကောင်မလေးက ရယ်ရယ်မောမောနှင့် လှည့်ကြည့်သည်။

"ရှင်ကတော့ စွတ်ရွတ်အထင်ကြီးနေပြန်ပြီ။ ကျွန်မက အီဂျစ်လည်း မဟုတ်ဘူး၊ ဂရိကလည်း မဟုတ်ဘူး။ ဒီလောက်ခေါင်းစားမယ့် မေးခွန်းကြီးကို နှစ်တစ်ရာပြက္ခဒိန်တွေကို ကိုင်ပြီးလည်း မတွက်နိုင်ဘူး။ ကျွန်မ ဘယ်လိုသိလဲဆိုတော့ ရှင်းရှင်းလေးရယ်။ စာအုပ်ထဲမှာသိတာ။ ဘယ်စာအုပ်ထဲကလဲဆိုရင်တော့ ကျွန်မ မဖြေနိုင်တော့ဘူး။

အဲဒီစာအုပ်ကြီးက တော်တော်ကြီးဟောင်းပြီး စုတ်ပြတ်နေလို့၊ အဲဒီပြက္ခဒိန်နဲ့ သင်္ချာကိန်းဂဏန်းများဆိုတဲ့ ခေါင်းစဉ်နဲ့ စာမျက်နှာတစ်ဝက်စာလောက်လေး ဖတ်လိုက်ရတာ။ ဟိုလောင်းကစားသမားနှစ်ယောက် မေးတဲ့အဖြေကိုလည်း အဲဒီတစ်ဝက်စာ စာမျက်နှာလေးထဲကသိတာ"

လောင်းကစားသမားနှစ်ယောက်ကလည်း တကယ့်ကို ပေါ့သေးသေးမဟုတ်။

"ငါ့ကိုမေးတဲ့ သူ့ရဲ့ကောင်းရုပ်ကြီး မေးခွန်းကကော"

"ဟင်း . . . ဟင်း . . . တကယ်ဆို ရှင်ကသာ ခက်နေတာ။ ရှင့်မေးခွန်းက အလွယ်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ မျက်မှောင်ကြုတ်မိတော့ ကောင်မလေးက ဆက်ရှင်းပြသည်။

"ရှင့်ကို မြား(၁၃)ချောင်း၊ ဓားတွေ၊ မြင်းရဲ့သွားတွေ၊ မြင်းထိုးတွေက သက်သက်ဝေဝါးအောင် လျှောက်ပြောနေတာ။ တကယ်က မြင်းရဲ့ ခြေထောက်တစ်ဖက် မြှောက်ထားတယ်ဆိုတဲ့စကားမှာ အဖြေက ပါသွားပြီ။ ပန်းခြံထဲက သူရဲကောင်းမြင်းစီးရုပ်ကြီးတွေကို ထုလုပ်တဲ့အခါ အဲဒီသူရဲကောင်းကြီး ဘယ်လိုသေလဲဆိုတာ သင်္ကေတပြနိုင်အောင် ထုလုပ်ကြတယ်။ မြင်းက ခြေနှစ်ဖက်မြှောက်နေရင် သူရဲကောင်းက တိုက်ပွဲမှာသေတာ။ မြင်းက ခြေတစ်ဘက်မြှောက်နေရင် တိုက်ပွဲရတဲ့ဒဏ်ရာနဲ့ တခြားမှာသေတာ၊ ခြေစုံရပ်နေရင်တော့ ရိုးရိုးသေတာပေါ့ရှင်။ လွယ်လွယ်လေးပါ"

သူမ လွယ်လွယ်လေးလို့ပြောတော့ သူက အသုံးမကျရာ ပိုကျသွားသည်။ ဟင်း . . . ငါ တော်တော်ညံ့သေးတာပါလားဟု အမှန်တရားကို ခေတ်သစ်တွေးမိသည်။

ထိုအချိန် ကားရှေ့ခပ်လှမ်းလှမ်း လမ်းတားနေသူများကို တွေ့ရသည်။ ဓားပြတွေတော့မဟုတ်။ လူကတော့ နှစ်ယောက်သာ။

အရေးကြီးပါသည်ဆို ဘာတွေလာရှုပ်ပြန်ပြီလဲ။



(၅)

"ဟား . . . ဟား . . . ဟား . . ."

"အဟား . . . ဟား . . . ဟား . . ."

"ဝူးဟူး . . . ရေ . . . "

အနက်ရောင်ကားထဲမှ လူငါးယောက်၏ရယ်သံများဖြစ်သည်။

သူတို့ ဒီတစ်ခါလောက် ပွဲပေါက်တိုးတာ မရှိဖူးပေ။ ဘီယာဆိုင်မှာဆိုလျှင် ခွက်ချင်းတိုက်ကာ 'ချီးယား . . .' တွေ ဘာတွေ အော်ကြမည်။ ယခုတော့ ကားပေါ်မှာဖြစ်၍ ပလိန်းကြီးသာ ရယ်နေကြရသည်။

ဆရာကြီးက ငကျွမ်း၏ပခုံးအား တဖျောင်းဖျောင်းပုတ်နေသည်။ ငကျွမ်းဆိုသည်မှာ လူအမည်ဖြစ်သည်။ အမေကျွမ်းကို အားကျသဖြင့်လား၊ ဦးကျွမ်းပုဆိုးကို ကြိုက်လွန်းသောကြောင့်လား၊ ကားဘီးခုသည့်(ကျွမ်းတုံး) ကျွမ်းတုံးကိုပဲ အစွဲပြု၍လား မသိသော်လည်း သူ့အမည်မှာတော့ ငကျွမ်းဖြစ်သည်။ လူကောင်ကတော့ ပိုးဟပ်ကို နှစ်နဲ့မြှောက်ထားသလောက် ပိန်ချိုင့်ချိုင့်သာ။ ဆရာကြီးက အခုလို ပခုံးကို တဖျောင်းဖျောင်းပုတ်တော့ သူ့ခန္ဓာကိုယ်မှာ ပုပုဝင်သွားသလိုပင် ဖြစ်နေသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဆရာကြီးက သူ့ကို ပခုံးရိုက်နေခြင်းမှာ သူ့ကို ဂုဏ်ပြုနေခြင်းဖြစ်သည်။

ထိုဂုဏ်ပြုသည့်ဒဏ်ကို ဂျမ်းမှာ အောင့်သက်သက်နှင့် ပြုံးကာ ခံနေရသည်။ သူ့လက်ထဲမှာဆွဲထားသည်ကတော့ အနီရောင်သေတ္တာ တစ်လုံး။

"ဂျမ်း . . . ငါ့တပည့် မင်းသိပ်တော်တယ်"

ဆရာကြီးက နှုတ်ထွက်ချီးကျူးလိုက်သည်နှင့် ကျန်သည့်အဖွဲ့သားများကလည်း တဝုန်းဝုန်းရောက်လာတော့သည်။ ခေါင်းကို၊ နားရင်းကို၊ ဇက်ပိုးကို ကြုံသလို မီးရာကိုဝိုင်းရိုက်ကာ 'ဂျမ်းကြီး တော်တယ်ကွာ' ဟု ဝိုင်းချီးကျူးကြသည်။ ချီးကျူးဒဏ်ခံရလွန်း၍ ဂျမ်းလည်း မျော့မျော့သာ ကျန်တော့သည်။

တစ်နေ့က ဂျမ်း စိတ်ညစ်ညစ်နှင့် မြို့ထဲထွက်ခဲ့သည်။ သူ့ဘဝကိုလည်း သူပြန်တွေးကြည့်တော့ စိတ်ဓာတ်များသည် လက်နက်ကြီးထိမှန်ထားသည့် လေယာဉ်ပျံတစ်စင်းလို တစ်စစီပျက်ကျနေသည်။ လူကောင်းလုပ်တုန်းကတော်၊ လူဆိုးလုပ်တော့ မဝနှင့် လောကကြီးနှင့် ဘယ်လို အလျားသင့် အနံသင့်နေရမှန်းကို မသိတော့။

ဟိုတလောက သူဌေးအိမ်တစ်အိမ်ကို ဖောက်ထွင်းရန်ဝင်စဉ် ခွေးရူးကိုက်လွှတ်လိုက်သဖြင့် ဆေးထိုးလိုက်ရသေးသည်။ ဆေးဖိုးခြောက်သောင်းကျွတ်သွားသဖြင့် ဆရာကြီးက နားရင်းအုပ်သည်။ ညစာနှင့် အသုံးစရိတ်လည်း ဖြတ်ထားတော့သည်။ တွေးရင်းတွေးရင်းနှင့် ဘဝဆိုတာကြီးကို ယိုးဒယားပတ်ပျိုးကြီး နားထောင်နေရသလို ငြီးငွေ့လာတော့သည်။

ဂျမ်း၏ခြေလှမ်းများမှာ အရိုးမပါသည့် ခြေထောက်များနှင့် လျှောက်နေရသလို ပျော့ခွေနေသည်။ စိတ်ဓာတ်ကျစွာပင် ခေါင်းကလည်း ငိုက်ကျနေသည်။ မျက်လုံးကတော့ ပိုက်ဆံအိတ်များ မတော်တဆကောက်တွေ့ရလေမလားဟူသည့် မျှော်လင့်ချက်နှင့် ခပ်ရှင်ရှင်ထားသေး



သည်။ ပိုက်ဆံအိတ်တော့ မတွေ့ပါ။ အနိုပ်ခန်း ကြော်ငြာစာရွက်တွေပဲ တွေ့ရသည်။

ထိုသို့နှင့် လျှောက်လာရင်း မီးပွိုင့်တစ်ခုအရောက်မှာတော့ . .

"ဟဲလို . . . သမီးလား။ အေး . . . ဆူနာမိဖြစ်တုန်းက သမီးက နယ်ရောက်နေတာလား။ တော်သေးတာပေါ့ကွယ်၊ နျူကလီယားဆိတ်အိုးပေါက်တယ်ဆိုတာကော ဖတ်ပြီးပြီလား။ ဩော် . . . အဲလိုလား။ ဖေဖေတို့ဆီမှာတော့ ဂက်စ်မီးခြစ်ပေါက်ရင် မီးခြစ်ပြင်တယ်၊ ဂက်စ်ညည့်တယ်ဆိုတဲ့ ကောင်လေးကိုခေါ်ပြီး ဖာခိုင်းလို့ရတယ်လေ။ ဩော် အဲဒီလိုလား။ နျူကလီယားအိုးနဲ့ မီးခြစ်ဂက်စ်အိုး မတူဘူးလား . . . ဩော် . . . ဩော် . . ."

ဖုန်းပြောနေသူ လူကြီးတစ်ယောက်ကို ဂျမ်း တွေ့လိုက်ရခြင်းဖြစ်သည်။ လူကြီးက Gemtalmen ဟန်အပြည့်နှင့်။ ကုမ္ပဏီခြောက်ခုလောက်၊ စက်ရုံငါးခုလောက်ကို ပိုင်ထားသည့် ရုပ်ရည်မျိုးလည်း ဖြစ်နေသည်။ ထိုလူကြီးပြောနေသည့် ခုနကစကားတွေအထိတော့ ဂျမ်းစိတ်မဝင်စားပါ။ သို့သော် နောက်ပိုင်းစကားတွေကတော့ ဂျမ်းအတွက် အထူးစိတ်လှုပ်ရှားစရာတွေ ဖြစ်လာခဲ့သည်။

"ဩော် . . . စိန်ဘယက်နဲ့ လက်ဝတ်လက်စားတွေ ပါလာမှာပေါ့လား . . . သမီး . . . ဩော် . . . အေး . . . အေး . . . "

ဂျမ်း မျက်လုံးဝိုင်းစက်သွားသည်။ စိန်ဘယက်ဆိုသည့်စကားသည် ဂျမ်းမျက်ခွံတွေကို ဆွဲဖြဲပစ်လိုက်သလို ဖြစ်နေသည်။ စိန်ဘယက်ဆိုတာ တကယ့်အဖိုးတန် စိန်ဘယက်လား၊ စိန်ဘယက်လေကွဲဆေးလားဆိုတာ မမှားရအောင် ဂျမ်း ဆက်နားထောင်လိုက်သည်။

"သန်ဘက်ခါ သမီးပြန်ရောက်မှာပေါ့။ လေဆိပ်ကိုလား . . . အင်း . . . အဲဒီနေ့က သမီးအဘွား ခွဲစိတ်ခန်းဝင်ရမယ့်ရက် ဖြစ်နေလို့ ဖေဖေ အနားမှာရှိနေမှဖြစ်မှာ။ ဒါကြောင့် ဖေဖေ့တပည့်တွေကိုပဲ လေဆိပ်ကို လာကြိုခိုင်းလိုက်မယ်လေ။ ဩော် . . . ဖေဖေ့တပည့်တွေကတော့ သမီးကို ဘယ်မြင်ဖူးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

သမီး အဲဒီနေ့ကျရင် ဘာဝတ်ခဲ့မှာလဲ။ ဩော် . . . အနီရောင် သေတ္တာတစ်လုံးပါမယ် . . . ဟုတ်လား။ အေးပေါ့ . . . စိန်ဘယက်ကြီး ရယ်၊ လက်ဝတ်လက်စားနဲ့ ငွေတွေကို အဲဒီသေတ္တာထဲ ထည့်ခဲ့ပေါ့။ လုံခြုံတာပေါ့။ အေး . . . အေး . . . ကောင်းတယ်၊ ကောင်းတယ် ဖေဖေက သမီးကို အချစ်ဆုံးပါကွယ်"

ထိုလူကြီးစကား ဆုံးသွားသောအခါ အပျော်ဆုံးလူမှာ ဂျမ်း ဖြစ်နေသည်။ သူ့စိတ်မှာ အကြိမ်ကြိမ်ရေရွတ်နေသည့် စကားလုံး ကတော့ စိန်ဘယက်ကြီးနှင့် လက်ဝတ်လက်စားတွေ၊ အနီရောင်သေတ္တာ နှင့် သန်ဘက်ခါ လေဆိပ်။

ထို့နောက် ဂျမ်း သူ့အဖွဲ့သို့ သတင်းပို့ကာ သူ့ဆရာကြီး စီမံချက်ဖြင့် လှုပ်ရှားတော့သည်။ သန်ဘက်ခါအရောက် လေဆိပ် ကောင်မလေး၏ တပည့်တွေထက်ဦးကာ ကောင်မလေး၏ လက်ထဲ အနီရောင်သေတ္တာကြီးကို အရယူနိုင်ခဲ့သည်။

ဂျမ်း၏ တိကျသောသတင်းကြောင့် အောင်မြင်ခဲ့သောစီမံကိန်း ဖြစ်သဖြင့် ဆရာကြီးက ဂျမ်းကို အထူးချီးကျူးနေတော့သည်။

"ဟား . . . ဟား . . . ဟား . . . ပိုက်ဆံများရှိလို့ကတော့ တစ်ကိုယ်လုံးကို တောက်တဲ့တွေ ကပ်ပစ်လိုက်မယ်"

ကားမောင်းသည့် ဗလကြီးဆိုသည့်လူဆိုးကလည်း ထအော် သည်။ ပြာပုံတိုးနေတာ ကြာပြီဖြစ်သောသူတို့ ယခုမှ ရတနာပုံကိန်းစီး တော့မည်။

လူဆိုးတစ်ယောက်ကလည်း နောက်သို့လှည့်ကြည့်ကာ . . .

"နောက်ကလိုက်လာတဲ့ကားတော့ မတွေ့တော့ဘူး . . . ဆရာ ကြီး။ မျက်ခြည်ပြတ်သွားလောက်တာ သေချာပြီ"

"ဟင်း . . . ဟင်း . . ."

ဆရာကြီးက ခန့်ခန့်မိန့်မိန့်ကြီးပြုံးသည်။ အတော့်ကို ပီတိ ပြည့်ဝနေသည့် အပြုံးကြီး။



"ကဲ . . . ဒါဆို သေတ္တာကို ဖွင့်ကြည့်ကွာ။ ရတနာတွေကို စစ် ဆေးကြည့်တာပေါ့"

"ဟုတ်ကဲ့ . . . ဆရာကြီး"

ဂျမ်းက သွက်လက်စွာပင် သေတ္တာကိုဖွင့်ရန် သူ့ပေါင်နှစ်ဖက် ပေါ် ပွေ့တင်လိုက်သည်။

သူတို့အားလုံး၏ စိတ်များသည် အလှုပ်ရှားဆုံးအခြေအနေသို့ ရောက်ရောက်ချေပြီ။ ဂျမ်းက အရလာယူ၍ သေတ္တာအဖုံးကို တစိမ့်စိမ့် ဖွင့်ရန် ပြင်စဉ်မှာတော့ . . .

"ဟင် . . ."

သေတ္တာက သာမန်သေတ္တာလို ဘယ်ဟုတ်လေလိမ့်မလဲ။ လျှို့ ဝှက်နံပါတ်များနှင့် ဖွင့်ရသည့် သေတ္တာဖြစ်နေသည်။

"ဟင် . . ."

ဆရာကြီးလည်း မျက်လုံးကြီးပြူးကာ 'ဟင်' ပြီ။

သူတို့အားလုံး 'ပျာ'ချေပြီ။

"ဘယ်လိုလုပ်ကြမလဲ"

ဆရာကြီး၏မေးခွန်းက တပည့်များကို အတွေးများစေတော့ သည်။

"လွယ်ပါတယ် . . . ဆရာကြီးရာ။ သေတ္တာကို ဖောက်ခွဲထု ပြီး အထဲကရတနာတွေ ယူလို့ရတာပဲ"

အားလုံးတွေးနိုင်မည့် အတွေးမျိုးကို အချိန်ကုန်ခံကာ လျှောက် နေသေးသည်။

"အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲကွ။ အထဲက စိန်ဘယက်ကြီး ပါသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဟုတ်တယ် . . . တခြားရတနာတွေလည်း ပုံပျက်သွားလိမ့် မယ်။ ငွေစက္ကူတွေလည်း စုတ်ပြဲကုန်ပါ့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . စိန်ဘယက်ကြီး ပုံပျက်ပြီး စိစိညက်ညက်ကြေသွားလို့ တစ်ပြားမှမရတော့ရင် ခက်မယ်ကွ"

"ဟုတ်တယ် . . . ဟုတ်တယ် . . . အဲလိုလုပ်လို့ မဖြစ်ဘူး"

"ဟာ . . . အခုမှတော့ ဒီလိုမလုပ်ရင် ဘယ်လိုလုပ်မှာလဲ"

"ဘာပဲဖြစ်ဖြစ် အဲဒီလိုတော့ လုပ်လို့မဖြစ်ဘူး"

ငြင်းခုန်သံများမှာ ဓာတ်ကြိုးပေါ်က ဆက်ရက်တွေရန်ဖြစ်နေကြသကဲ့သို့ ညံလောင်နေတော့သည်။

"တိတ်စမ်း . . . တိတ် . . . အခုတိတ်ကြစမ်း"

နောက်ဆုံး ဆရာကြီး၏အော်သံက ထွက်ပေါ်လာတော့သည်။ ခုနလေးတင်မှ မိန့်မိန့်ကြီးပြုံးနေသည့် ဆရာကြီးမျက်နှာ၊ အခုတော့ အံကြီးကြိတ်လို့ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်နေသည်။

မျက်နှာကြီးရှုံ့မဲ့ပြီး နဖူးကြောတွေ တွန့်ခေါက်နေပုံမှာ တော်တော်ကြည့်ရဆိုးလှသည်။ ရေမြင်းနှင့်တူသော သူ့မျက်နှာကြီးမှာ ကြံ့၏မျက်နှာလို ဖြစ်သွားသည်။

"ကျွဲကြီး . . . နောက်ကို ထပ်ကြည့်စမ်း၊ ဟိုကား လိုက်လာသေးလားလို့"

ကုလားချိုင်းမွှေး 'ကေ' နှင့်လူဆိုးက နောက်သို့ ပျာပျာသလဲလှည့်ကြည့်ပြီး . . .

"မပါလာတော့ဘူး . . . ဆရာကြီး"

ဆရာကြီးမှာ ဒေါသထွက်ကာ 'တောက်' ခနဲခေါက်၍ ထိုင်ထားသည့်ဆိုဖာခုံကို မနာမှန်းသိလို့ 'အုန်း'ခနဲ ထိုးပစ်လိုက်သည်။

"ပြန်ကွေ့ . . . ကားကိုပြန်ကွေ့"

"ဗျာ . . . ဆရာ"

"ဗျာမနေနဲ့ ကားကိုပြန်ကွေ့။ ဟိုနှစ်ကောင်ကို ပြန်ဖမ်းရမယ်"



(၆)

တဖြည်းဖြည်းနီးလာမှ ကားတားသည့်လူတွေကို သူတို့ ပီပီပြင်ပြင် မြင်ရတော့သည်။ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ လင်မယားဖြစ်ပုံပေါ်သည်။ နှစ်ဦးစလုံး၏ ရုပ်ရည်ရူပကာမှာတော့ စက္ကူနာစရာဖြစ်နေသည်။ ယောကျ်ားလုပ်သူမှာ မည်းချိတ်သောအသားနှင့် မျက်လုံးတစ်ဖက် မှေးနေသည်။ အမျိုးသမီးလုပ်သူမှာလဲ နှုတ်ခမ်းက အထက်အောက်မညီစွာ ရွဲ့စောင်းနေသည်။

ထို့အပြင် ဗိုက်ကြီးမှာ ဘော်လုံးတစ်လုံးကို မျိုထားသလို ဖောင်းအားနေသည်။ လက်တစ်ဖက်ကလည်း ထိုဗိုက်ဖောင်းကြီးကိုဖိကာ . .

"အမယ်လေး . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

ဟု ရှုံ့မဲ့စွာ အော်ညည်းနေသည်။ အမျိုးသားလုပ်သူက အမျိုးသမီး၏ ပခုံးကိုကိုင်ရင်း သူတို့ကားကို လှမ်းတားနေသည်။

ရန်ကုန်မြို့တော်ရဲ့ အကောင်းဆုံးတက္ကစီသမားကလည်း ရုတ်တရက် မဆုံးဖြတ်တတ်သလိုနှင့် နောက်လှည့်ကြည့်ကြသည်။

ခေတ်သစ်နှင့် ကောင်မလေးမှာ . . .

"ရပ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com

"ရပ်ပေးလိုက်"

ဟု အသံပြိုင်တူ ထွက်သွားသည်။

ကားကို ကျွီခနဲအရှိန်ဖြင့် ရပ်လိုက်သည်။ 'ဂျောင်း . . . ဂလောင်း ဂျောင်း' ဆိုပြီး ကား၏နေရာအစုံက အသံတွေအိုင်ထွက်လာသည်။ အရစ် ပြုန်းနေသည့် မူလီ(၃၆)လုံးအနက် (၅)လုံးလောက်ကတော့ ကျွတ်ကျ ရန် နီးနေလောက်ပြီ။

"ကူညီကြပါဦးဗျာ . . . ကျုပ်မိန်းမ . . ."

"အောင်မယ်လေး . . . လေး . . . ကျွတ် . . ."

အမျိုးသားလုပ်သူ၏ပြောစကားကမဆုံးသေး မိန်းမလုပ်သူ၏ ညည်းသံက ထွက်လာသည်။

"ကျုပ်မိန်းမ မီးဖွားခါနီးပြီဗျ။ ဆေးရုံကို အမြန်ကူညီပြီး ပို့ ပေးကြပါလားဗျာ"

ပြောစရာမလိုဘဲ ကြည့်တာနှင့်ပင် အခြေအနေကိုနားလည်ပြီး ဖြစ်သည့် ခေတ်သစ်က ကောင်မလေးကိုကြည့်သည်။ ကောင်မလေးက ခေတ်သစ်ကိုကြည့်သည်။ ခေတ်သစ်နှင့်ကောင်မလေးကို တက္ကစီသမား က ကြည့်သည်။

အမျိုးသားလုပ်သူက သူတို့အားလုံးကို ခြုံကြည့်ကာ . . .

"ကူညီပါ . . . ညီလေးတို့ရာ။ ကိုယ်ကားတားနေတာ ကြာလှ ပြီ။ ဘယ်ကားမှ ရပ်မပေးလို့"

တောင်းပန်တိုးလျှိုးနေသောအသံမှာ ခေတ်သစ်နှင့်ကောင်မလေး ၏ရင်ကို စိတ်မကောင်းဖြစ်စေလာသည်။ လူလူချင်း ဒီအခြေအနေမှာ ဒီလိုတောင်းပန်နေရတာကကို မဖြစ်သင့်။ အမျိုးသမီးမှာလည်း ဗိုက်ကြီး ကိုစမ်းရင်း ခြေထောက်တွေက မရပ်နိုင်တော့သလို ဖြစ်နေပြီ။

"ကဲ . . . ဒါဆို ကားပေါ်တင်ဗျာ"

ခေတ်သစ်ပြောချလိုက်တော့ အမျိုးသားကြီး ဝမ်းသာသွားသည်။ အမျိုးသမီးကတော့ သူ့နှုတ်ခမ်းသူကိုက်ကာ တအင်းအင်း တအဲအဲဖြစ် နေချေပြီ။



"အစ်ကိုကြီး . . . ခင်ဗျားက အပေါ်ပိုင်းက,မဗျာ"

အမျိုးသမီးကို ပွေ့တင်မဖြစ်တော့မည်မဟုတ်လား။

ကောင်မလေးက . . .

"ဖြည်းဖြည်းတင်။ ဦးလေးက အရင်ဝင်လိုက်။ ဒီအစ်မကြီးရဲ့ ခေါင်းကိုထိန်း"

ဦးလေးတွေကော အစ်မကြီးတွေကော အဆင်ပြေသလို ခေါ်နေ တော့သည်။ ကားပေါ်နေရာတကျဖြစ်မှ ကောင်မလေးက အမျိုးသမီး ၏ တစ်နေရာကို အကဲခတ်မိကာ . . .

"ဟာ . . ."

"ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

ကောင်မလေး တန်းမဖြေမိဘဲ နှုတ်ခမ်းသပ်လိုက်ပြီးမှ သက် ပြင်းသံတစ်ဝက်နှင့် . . .

"ရေမြွာပေါက်နေပြီ"

သေစမ်း . . .။ အမျိုးသားလုပ်သူမျက်နှာမှာ ချက်ချင်း စိုးရိမ် သည့်အရောင်များ ဖုံးလွှမ်းသွားတော့သည်။

"ဟာ . . . လုပ်ပါဦးဗျာ။ ဒါ ကျုပ် ငါးနှစ်ခြောက်နှစ်လောက် ကြိုးစားပြီးမှ ရထားတဲ့ ဇနီးလေးပါဗျာ။ ဒီကလေးကလည်း ကျုပ် တော် တော်ကြိုးစားပြီး . . ."

"ဟုတ်ကဲ့ . . . အစ်ကိုကြီး၊ စိတ်အေးအေးထားပါဗျာ။ အားလုံး ကို ကူညီမှာပါ"

အမျိုးသားလုပ်သူက ထညည်းသဖြင့် ခေတ်သစ် ချော့မော့တား လိုက်ရင်းပင် ကောင်မလေးဘက်လှည့်ကာ . . .

"မင်း ရေမြွာပေါက်တယ်ဆိုတာ သေချာလို့လား"

"ကျွန်မ ရေမြွာပေါက်တာ မဟုတ်ဘူးလေ။ ဒီအစ်မကြီးပေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ"

အရေးထဲ။

"ငါလည်း အဲဒါကို ပြောနေတာပဲ"

"သေချာတယ်။ ကျွန်မ သူနာပြုလုပ်ခဲ့ဖူးတယ်"

"ကဲ . . . ကောင်းပြီ၊ ကိုတက္ကစီရေ . . . မောင်းတော့ဗျို့"

တက္ကစီသမားက ဂီယာထိုးရင်း လှည့်မေးသေးသည်။

"ဟိုစားပြဲတွေနောက် အိတ်လိုက်မလုတော့ဘူးလား"

"ဒီမှာ အသက်လုဖို့ အရေးကြီးနေတယ်ဗျ။ အနီးဆုံးဆေးရုံကိုသာ မြန်မြန်မောင်းဗျာ"

ကလေး၏အသက်သည် အရေးကြီးပါသည်။ ထိုကလေးသည် နောင်တစ်ချိန် အိုဘားမားလို မဖြစ်လာဘူးဟု မည်သူပြောနိုင်မည်နည်း။ အင်း . . . အိုစမာဘင်လာဒင်လို မဖြစ်လာဘူးဟုလည်း မပြောနိုင်ဘူးပေါ့။

သံစုံမြည်သည့်ကားတစ်စီး လမ်းပေါ်မှာ ဒုန်းစိုင်းရွေ့နေသည်ကို လူအများက သတိပြုမိကြဖွယ်ထင်သည်။

ကားထဲတွင်တော့ . . .

ကောင်မလေးသာ အလုပ်ရှုပ်နေတော့သည်။ ဘာမှဟုတ်တိပတ်တိမလုပ်တတ်သော ဟိုအမျိုးသားနှင့် ခေတ်သစ်မှာတော့ ကောင်မလေးခိုင်းသမျှကိုသာ လုပ်ရန် နားစွင့်နေသည်။

"အမယ်လေး . . . အား . . ."

နာကျင်စွာ အော်ဟစ်နေသော အမျိုးသမီးကို ချွေးသုတ်ပေးရင်း . . .

"အစ်ကိုကြီး ရှင့်မိန်းမပါးစပ်ထဲ တစ်ခုခုထည့်ထားဦး"

"ဗျာ . . ."

အမျိုးသားကြီး ခပ်တွန့်တွန့် 'ဗျာ'သွားသည်။

"မဟုတ်ဘူး . . . မဟုတ်ဘူး"



ကောင်မလေး ကမန်းကတန်း စကားပြင်ပြောသည်။

"ရှင့်အမျိုးသမီး ညှစ်အားကောင်းအောင် ပါးစပ်ထဲ **လက်ကိုင်**ပဝါဖြစ်ဖြစ် ထည့်ကိုက်ခိုင်းထားလို့ ပြောတာ"

"ဩော် . . . ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ဟိုတစ်ယောက် . . ."

ဒီတစ်ခါ ခေတ်သစ်ကို ခေါ်ခြင်းဖြစ်သည်။

"ရှင်က အင်္ကျီချွတ်"

"ဗျာ . . ."

ခေတ်သစ်လည်း ကြက်သီးထစွာ 'ဗျာ'သွားရသည်။

ကောင်မလေးကလည်း စိတ်ရှုပ်စွာ ခေါင်းကုတ်ပြီး . . .

"ရှင့်အပေါ်အင်္ကျီကို ချွတ်ခိုင်းနေတာ အနီးလုပ်ဖို့။ အရေးထဲ ရှိုးရိုးကို မတွေးကြဘူး"

"ခင်ဗျားလေးကလည်း ခပ်ဆန်းဆန်းတွေ ပြောနေတာကို"

ခေတ်သစ် အပေါ်အင်္ကျီကို ချွတ်ပေးလိုက်သည်။ ကောင်မလေးက အမျိုးသမီးအောက်တစ်နေရာတွင် အနီးအဖြစ်အသုံးပြုကာ အင်္ကျီကို ခင်းလိုက်သည်။

"ဟိုအစ်ကိုကြီး ရှင့်ဇနီးပခုံးတွေကို သေချာထိန်းထား။ ဒီပုံစံအတိုင်း မွေးလို့ကောင်းတယ်၊ ဟန်မပျက်စေနဲ့"

"ဟုတ် . . . ဟုတ် . . ."

အမျိုးသားက သူ့မိန်းမပခုံးတွေကို ချုပ်ကိုင်ထိန်းထားလိုက်သည်။

"ကိုတက္ကစီ . . ."

ဒီတစ်ခါ ကားသမားအလှည့်။

"ဗျာ . . . ဘာလုပ်ပေးရမလဲ"

"အရင်ဆုံး ရှင့်ဆေးပေါ့လိပ်ကြီးကို မီးသတ်လိုက်"

ပြာခွက်ထဲသို့ ထိုးခြေထည့်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"သတ်ပြီးပြီ"

"သတ်ပြီးရင် ရှင့်တိမ်လွှာမို့မို့လွင်ကို တိုးလိုက်"

ပြာရီမှိုင်းကာ မို့မို့ ညို့ညို့ ညိုညို ဆိုသောနေရာမှာ အသံကို အဆုံးထိ တိုးလိုက်သည်။

"တိုးပြီးပြီ"

"တိုးပြီးရင် ကတ်ကြေးပေး"

"ဘာ . . . ကတ်ကြေး"

မောင်းနေရာမှ ခေါင်းလှည့်လာပြီး . . .

"ကတ်ကြေး ဘာလုပ်ဖို့လဲ"

"ကလေးက ရှင့်ကားပေါ်မှာ မွေးချင်မွေးမှာ။ အဲဒါကြောင့် ချက်ကြိုးဖြတ်ရအောင်လို့"

သူ့ကိုက စုံစုံလင်လင် သံတော်ဦးတင်နေရသေးသည်။

"ဟာ . . . ကျုပ်ကားပေါ်မှာတော့ ဖြစ်နိုင်ရင် မမွေးလိုက်ပါနဲ့ဗျာ။ ကျုပ်ကားက လူပျိုလေးရယ်"

"ဘာ . . . "

"ဟင် . . . "

ကိုတက္ကစီကားကြောင့် သူတို့ အံ့သြသံတွေ ထွက်သွားရသည်။ သူတို့နားမလည်မှန်း သိသဖြင့် ကိုတက္ကစီက . . .

"ကျုပ်ကားက ဘယ်ကား 'အမ' နဲ့မှ မတိုက်ရသေးလို့ ကားလူပျိုလေးလို့ ပြောရတာပါဗျာ"

ပိုပြီး နားမလည်သာ ဖြစ်လာရသည်။

"ကားက အထီးအမ ရှိသေးလို့လား"

"ရှိတာပေါ့ဗျ။ ကားနံပါတ်တွေကို ပေါင်းကြည့်လိုက် စုံကိန်းဖြစ်နေရင် အဲဒီကားက အထီးပဲ။ မကိန်းဖြစ်နေရင် ကားက အမပဲ"

"သြော် . . . ဖြစ်ရမယ်"



ထိုပေါက်ပေါက်ရှာရှာ ကိစ္စကြီးကို သူတို့ မှတ်သားလိုက်ရသေးသည်။ သို့ပေမဲ့ . . .

"ဘာပဲဖြစ်ဖြစ် ရှင့်ကားပေါ်မှာပဲ မွေးဖြစ်လိမ့်မယ်ထင်တယ်။ ကတ်ကြေးသာ ပေးစမ်းပါရှင်"

"ကတ်ကြေးမရှိဘူးဗျာ။ ပလာယာပဲရှိတယ်"

"ရှင့်မိန်းမချက်ကြိုးကျမှ ပလာယာနဲ့ဖြတ်။ ဟိုဟာဗ့ာ ရှင်ရှာကြည့်လေ"

"အေး . . . အေးပါကွာ"

ခေတ်သစ် ပြောပြောဆိုဆိုနှင့် ကားသမားကိုမေးကာ ဝှတွေ၊ တူတွေ၊ ကျောက်လှည့်တွေထည့်သည့် သံပုံးကြီးထဲတွင် ကတ်ကြေးကို ရှာသည်။ ကတ်ကြေးကိုရှာနေရင်းက ကောင်မလေးကိုလည်း လှမ်းအကဲခတ်မိသည်။

ကောင်မလေးက ညှစ်မွေးနေသည့် အမျိုးသမီးကို အားပေးနေသည်။

ထိုသို့ ကောင်မလေး၏ လုပ်ရဲကိုင်ရဲပုံ၊ အရာရာကို သိမြင်နေတတ်ပုံတို့ကို သူ ဘယ်နေရာမှာ တွေ့ကြုံမိပါလိမ့်။ သူ ရင်းနှီးသလို ခံစားနေရသည်။

"ကိုဟာဗ့ါ . . . ကတ်ကြေးရပြီလား"

"အေး . . . ရှာနေတယ်"

ကောင်မလေး လှမ်းမေးသံကြောင့် ခေတ်သစ် အတွေးပျက်သွားသည်။ ကတ်ကြေးရှာတွေ့တော့ ထိုင်ခုံကိုကျော်ကာ နောက်ခန်းသို့ ပြန်သွားရသည်။

"အင်း . . . အီး . . . အွန်း . . . "

"အစ်မ . . . အားတင်းထားနော်၊ ဘာမှစိတ်မပူနဲ့ ။ အနားမှာ အစ်မယောကျ်ားလည်း ရှိတယ်။ ကျွန်မတို့လည်း ရှိတယ်"

အမျိုးသမီးက ညည်းသံငယ်ငယ်နှင့်အတူ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုဆန်း . . . ကိုဆန်း . . ."

သူ့ယောက်ျားကို ခေါ်ခြင်းဖြစ်သည်။

"မြ . . . ကိုယ်ရှိတယ်လေ မြ"

"အင်း . . . ကိုဆန်း၊ ကျွန်မကို ပုံပြင်ပြောပြဦးလေ"

"ဟင် . . . ဩော် . . . အေး . . . အေး . . . ပြောပြမှာပေါ့"

အရေးထဲ ပုံပြင်ပြောခိုင်းနေသေးသည်ဟု ခေတ်သစ်နှင့်ကောင်မလေးစိတ်ထဲ အရေးမပါသည့်ကိစ္စတစ်ခုလို ထင်လိုက်မိသည်။

သို့သော် အမျိုးသား (သို့) ကိုဆန်းဆိုသူ၏မျက်နှာမှာတော့ လေးနက်မှုတစ်ခုနှင့် တည်ငြိမ်သွား၏။

"ပုံပြင်အသစ်ပြောပြနော် . . . ကိုဆန်း။ ကျွန်မ မကြားဖူးတဲ့ ပုံပြင်အသစ်ကို ပြောပြ"

"အေး . . . အေးပါ . . . မြရယ်"

ခေတ်သစ်နှင့်ကောင်မလေးမှာ နားမလည်ဖြစ်နေကြရသည်။ သည်လိုအခြေအနေမှာ ပုံပြင်ပြောသည့်ကိစ္စကို သူတို့ ဘာကြောင့် အရေးတကြီး ပြောနေရသနည်း။

သူတို့အချင်းချင်းတော့ ဘာကြောင့် ဒီလိုစကားတွေပြောနေရသည်ကို နားလည်လိမ့်မည်။ ခေတ်သစ်က သိချင်စိတ်ကို ထိန်းမထားနိုင်တော့ဘဲ . . .

"ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ"

ကောင်မလေးကလည်း သိချင်စွာ မျက်လုံးလေးဝင့်ဝင့်နှင့် နားစွင့်လာသည်။

ထိုမှ ကိုဆန်းက သက်ပြင်းတစ်ချက်မှုတ်ချ၍ ရှင်းပြလာသည်။

"ကလေးမွေးခါနီးဆဲဆဲမှာ အဲဒီမိခင်လောင်းကို သီချင်းဆိုပြရင် မွေးလာတဲ့ကလေးက ယဉ်ကျေးလိမ္မာတယ်တဲ့"

" . . . ."



"အဲဒီမွေးခါနီးဆဲဆဲမှာပဲ ကခုန်ပြရင် မွေးလာတဲ့ကလေးဟာ ကျန်းမာပြီး အာဏာရာထူးရှိတဲ့သူ ဖြစ်လာတယ်တဲ့။ အဲဒီမွေးခါနီးဆဲဆဲမှာပဲ မိခင်လောင်းကို ကဗျာရွတ်ပြရင် မွေးလာတဲ့ကလေးဟာ ဉာဏ်ကောင်းပြီး ပညာထက်မြက်တယ်တဲ့"

" . . . ."

ကိုဆန်းက ဆက်မပြောဘဲ ရပ်နေသည်။

"အင်း . . . အီး . . . ကိုဆန်း ပုံပြင်ပြောပြလို့။ အား . . ."

အမျိုးသမီးမှာ နာကျင်စွာ ကော့တက်လာသည်နှင့် ဝိုင်းထိန်းလိုက်ရသေးသည်။

ကိုဆန်းက ဝမ်းနည်းရင်နာသောအသံနှင့် . . .

"မွေးလာတဲ့ကလေးကို ငါတို့လို အကျည်းမတန်စေချင်ဘူးကွာ။ အဲဒါကြောင့် ပုံပြင်ပြောပြခိုင်းနေတာပါ။ မွေးခါနီးဆဲဆဲ မိခင်လောင်းကို ပုံပြင်ပြောပြရင် မွေးလာတဲ့ကလေးက ချောမောလှပတယ်တဲ့။ အခု ငါ့မိန်းမဟာ သူမွေးလာမယ့်ကလေးလေးကို ငါတို့လို အရုပ်ဆိုးစေချင်လို့ ဒီလိုအစွဲအလမ်းတွေကို ယုံကြည့်နေရှာတယ်ကွာ . . . ဟင်း . . ."

ကိုဆန်း၏ တစ်ဖက်ကျဉ်းနေသော မျက်လုံးထဲမှ မျက်ရည်များမှာ လှပ်ခါပြိုစီးကျလာတော့သည်။

ခေတ်သစ်တို့ စိတ်မကောင်းကြ။ ရင်ထဲ အိုမင်းစွာလောင်ကျွမ်းနေမိကြသည်။ မိဘဟူသည့်စကားလုံးကိုလည်း မည်သူမျှမရေးပြဘဲ မြင်ယောင်လာမိသည်။ ဘုရင်မဟုတ်သည့်မိဘတွေမှာလည်း ဘုရင့်သား၊ ဘုရင့်သမီးလေးတွေ ရှိကြပေလိမ့်မည်။

"အား . . . ကိုဆန်း၊ ပုံပြင်ပြောပြတော့လို့။ အင်း . . ."

အမျိုးသမီး၏ညည်းသံထဲမှာ ပုံပြင်တစ်ပုဒ်အား ဆာလောင်မှုတို့ပါ ရှိနေသည်။

"ကျွန်တော့်မှာ ပုံပြင်တစ်ပုဒ်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်သစ်၏စကားကြောင့် ကိုဆန်းကော ကောင်မလေးက ပါ ကြည့်လာသည်။ အားလုံးကို ခွင့်တောင်းသည့်အနေနှင့် ခေတ်သစ်က ပြန်ကြည့်သည်။

ထို့နောက် ငြိမ်သက်သောအသံနှင့် သူ ပုံပြင်ကို စလိုက်သည်။

"တစ်ခါတုန်းက လင်မယားနှစ်ယောက်ရှိတယ်။ ဘဝကို အေးအေးချမ်းချမ်းဖြတ်သန်းခဲ့တဲ့ လင်မယားနှစ်ယောက်ပေါ့။ အသက်အရွယ်ကြီးရင့်မှ မိန်းမမှာ ကိုယ်ဝန်ရလာလို့ သူတို့ပျော်ကြတယ်။ ဒါပေမဲ့ တကယ်တမ်း ကလေးမွေးလာချိန်မှာတော့ ကလေးလေးဟာ လက်တစ်ဖက် တိုနေတယ်။ မိန်းမလုပ်သူကလည်း ကလေးမွေးပြီးပြီးချင်းပဲ ဆုံးပါးသွားပါတယ်"

"ဟာ . . . မင်းကွာ . . ."

"အိုး . . . ရှင်ကလည်း"

ကိုဆန်းက ထောင်းခနဲ ဒေါသထွက်သွားသလို ကောင်မလေးကလည်း စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ နိမိတ်ယုတ်သည့်ပုံပြင်ကိုမှ ပြောလာသည့် ခေတ်သစ်ကိုလည်း နားမလည်သလိုကြည့်မိသည်။

ခေတ်သစ်က ငြိမ်သက်သောအသံဖြင့်သာ ဆက်ပြီး . . .

"ကလေးလေးက လက်တိုနေတော့ ပတ်ဝန်းကျင်က လှောင်ပြောင်ရှုတ်ချကြတာပေါ့။ အဖေလုပ်သူကလည်း ရှက်တာပေါ့။ ကလေးကို ဝတ္တရားအရ ကျွေးမွေးနေရပေမယ့် သူဟာ အမြဲအပြစ်မြင်နေမိတယ်။ ကလေးအပေါ် ဘယ်တော့မှ အမြင်မကြည်ခဲ့ဘူး။

သူက ကားဘော်ဒီတွေကို ပြင်ဆင်ဆေးမှုတ်ပေးတဲ့ လုပ်ငန်းလုပ်တယ်။ တစ်နေ့ သူဟာ အဲဒီလို ကားဘော်ဒီသံပြားတွေကို ထုရိုက်ပြီး အလုပ်ရှုပ်နေတုန်း သူ့သားလေးရောက်လာတယ်။ သူ့သားလေးဟာ လက်တိုလေးနဲ့ တရွေ့ရွေ့လာပြီး သူ့အနားမှာ ဆော့ကစားတယ်"

ပုံပြင်ထဲမှာ စိတ်တွေရောက်နေကြပြီး အသံတွေငြိမ်တိတ်နေကြသည်။ ခေတ်သစ်က ဆက်ပြီး . . .



"ကလေးလေးဟာ သူ့လက်တိုလေးနဲ့ သံချောင်းလေးတစ်ချောင်းကိုယူပြီး ကားဘော်ဒီပြားလေးပေါ်မှာ ဟိုခြစ်ဒီခြစ်လုပ်ပြီး ကစားနေတယ်။ ဒါကို အဖေကမြင်တော့ . . .

"ဟေ့ကောင် ဒီနားလာမဆော့နဲ့၊ သွား . . ."

လို့ အော်လိုက်တယ်။ ကလေးလေးက လှည့်ပြီး ပြုံးပြတယ်။ အဖေလုပ်သူက ခဏလောက်စောင့်ကြည့်ပြီးတော့ ထပ်အော်ပြောတယ်။

"ဟေ့ကောင် . . . မင်းပြောနေတာ မကြားဘူးလား"

လို့ပေါ့။ ကလေးလေးက ခုနကလိုပဲ နွေးနွေးထွေးထွေးလေး လှည့်ပြုံးပြတယ်။ အဖေလုပ်သူက စိတ်အရမ်းတိုလာပြီး ကလေးလေးကို ဆွဲရမ်းတွန်းထုတ်ပစ်လိုက်တယ်။ အဲဒီလို တွန်းထုတ်ပစ်လိုက်တော့မှ . . ."

" . . . "

"အဲဒီလို တွန်းထုတ်ပစ်လိုက်တော့မှ ကလေးလေး သံချောင်းနဲ့ ခြစ်ထားတဲ့အရာတွေကို သူသွားမြင်မိတော့တယ်။ အဲဒါက 'ဖေဖေ့ကို ချစ်တယ်' လို့ စာလုံးပေါင်းထားတာပဲလေ"

" . . . . "

"သူ ချက်ချင်းပဲ မလှမ်းမကမ်းမှာလဲနေတဲ့ သူ့သားလေးကို ပြေးဆွဲထူလိုက်တော့ ကလေးလေးက မလှုပ်မယှက်ဖြစ်နေခဲ့ပြီလေ။ ခေါင်းနဲ့ကျောက်တုံးတစ်ခုနဲ့ ဆောင့်မိပြီး ကလေးလေး ပွဲချင်းပြီး သေဆုံးသွားရှာပြီပေါ့"

" . . . "

ကိုဆန်း ငြိမ်သက်လျက် ခေါင်းမော့ထားသည်။ ကားသမားများလည်း တိတ်ဆိတ်စွာ သက်ပြင်းချသည်။ ကောင်မလေးကတော့ သူ့ကိုသို့ ဝှက်စွာထူးခြားသည့် မျက်လုံးတစ်စုံနှင့် စူးကြည့်နေသည်။

ခေတ်သစ်က ကိုဆန်း၏ပခုံးကိုဖျစ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"မွေးလာတဲ့ကလေး ဘာဖြစ်ဖြစ် ဒါ ကိုယ့်သားသမီးလို့တော့ လက်ခံပြီး မေတ္တာထားရမှာပေါ့။ ဘာမှတွေးပူစိုးရိမ်မနေပါနဲ့။ ခင်ဗျား တို့ကလေးက ချောမောလှပမှာပါ"

ကိုဆန်း မျက်ရည်လည်လျက် ပြုံးသည်။ ခေါင်းလည်း တဆတ် ဆတ်ညိတ်သည်။ ထိုစဉ် . . .

အမျိုးသမီးထံမှ ထွက်လာသောညည်းသံ ဒီတစ်ခါ တော်တော် ကျယ်လာသည်။

"အား . . ."

အားလုံး ရင်ထိတ်သွားကြသည်။ ကားကလည်း ရပ်သွားသည်။

ခြေမကိုင်မိ၊ လက်မကိုင်မိ ဇောချွေးတွေစို့လာကြသည်။ ကိုဆန်း အင်္ဂုလိမာလသုတ်ကို ကတုန်ကယင် ရွတ်လာသည်။ ခေတ်သစ် ကတ် ကြေးကိုကိုင်လျက် ကောင်မလေးမျက်နှာကိုတစ်လှည့်၊ အမျိုးသမီးမျက်နှာ ကိုတစ်လှည့် ကြည့်နေသည်။

ထိုအခြေအနေအတိုင်း အနည်းငယ်ကြာသောအခါတွင်တော့

"အား . . . . . . . "

အမျိုးသမီး၏အော်သံက ရှည်လျားသွားခဲ့ပြီ။

"မွေးပြီ . . . မွေးပြီရှင့်။ ရှင့်အမျိုးသမီး မွေးပြီ"

"ယောကျ်ားလေးပဲ"

"ခြေတွေလက်တွေစုံသလား ကြည့်ပါဦး"

ကောင်မလေးက ချက်ကြိုးကို သပ်ရပ်စွာဖြတ်ကာ ဗိုက်မှာကပ် နေသည့်ချက်ကြိုးကို ကြိုးတစ်ခုနှင့် ခေတ္တချည်ထုံးထားလိုက်သည်။ ကလေးကို အနီးနှင့်(ခေတ်သစ်အင်္ကျီနှင့်) ထုတ်ကာ ချီမြှောက်ကြည့်လိုက် သည်။

ကလေးက ကျောရိုက်စရာမလိုဘဲ 'ဗြဲ'ခနဲ ထငိုသဖြင့် အား လုံး စိတ်ပူပင်မှုတစ်စ လျော့သွားရသည်။



ကလေး၏ခြေချောင်းလေးတွေ၊ လက်ချောင်းလေးတွေကို ရေ တွက်ကြည့်သည်။ ကလေး၏မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်း၊ နားရွက် စသည်များကို ကြည့်ကြသည်။

ကလေးသည် ကိုဆန်းလိုလည်း မျက်လုံးတစ်ဖက်မကျဉ်း၊ အမျိုး သမီးကဲ့သို့လည်း နှုတ်ခမ်းရွဲ့မနေပါချေ။

"ဟေး . . . ဒါ . . . ဒါ ငါ့သားလေးကွ။ ဟေး . . ."

ကိုဆန်းက ပျော်ရွှင်စွာ သူ့အမျိုးသမီးကို ငုံ့ကြည့်သည်။ အမျိုး သမီးကလည်း မျက်ရည်တွေစီးကျလျက် သဲ့သဲ့လေး ပြန်ပြုံးကြည့်နေ သည်။

ခေတ်သစ်နှင့် ကောင်မလေးလည်း အကြည့်ဆုံကာ ပြုံးမိသည်။ သူတို့ရင်ထဲ ပီတိများဖြင့် လှိုက်ဖိုနေကြသည်။

"ဟား . . . ဟား . . . ကျုပ်ကားပေါ်မှာ မင်္ဂလာအရှိဆုံးနေ့ ပဲဗျို့ . . . ရေ့ . . ."

ကိုတက္ကစီကလည်း ထပျော်သည်။ သူလည်း အတိုင်းမသိကြည် နူးနေရပြီပေါ့။

"ကဲ . . . ကဲ . . . ဆေးရုံကိုသာ မောင်းပါတော့ရှင်"

လမ်းပေါ်တွင်ပြေးလွှားနေသော တက္ကစီတစ်စီးပေါ်မှာ မင်္ဂလာ ရှိသော ကလေးငိုသံကို ကြားနိုင်ကြပါစေ။

ဆေးရုံထဲတွင် အရှိန်ပြင်းစွာဝင်လာသောကားကြောင့် အများ စု အရေးပေါ်လူနာဟု တန်းခန့်မှန်းမိကြသည်။

ဆရာဝန်နှင့် သူနာပြုဆရာမတွေ ပြေးလာကြသည်။ လူနာတင် လှည်းတွေလည်း တွန်းလာကြသည်။ ကားပေါ်ကဆင်းလာသော လူတစ် ဦးလက်ထဲမှ ချက်ကြိုးတန်းလန်းနှင့် ကလေးလေးကိုမြင်တော့ ဆရာဝန် တွေ မျက်လုံးပြူးသွားသည်။

"ကားပေါ်မှာ မွေးခဲ့တာ"

ဟုပြောတော့ အားလုံး လက်ဖျားခါကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးကို လူနာတင်ယာဉ်ပေါ် တင်ကြသည်။

ကိုဆန်းက ခေတ်သစ်နှင့်ကောင်မလေးကို မျက်ရည်လည်ရွဲနှင့် ကျေးဇူးတင်စကားတွေ အထပ်ထပ်ပြောနေရှာသည်။

"ကျေးဇူးပဲ . . . ညီလေးနဲ့ ညီမလေးရာ။ တဒင်္ဂအတွင်းကူညီခဲ့တဲ့ မင်းတို့ကျေးဇူးက . . . ဟို . . . ဟိုတောင်ကြီးလောက် မကပါဘူးကွာ"

မြင်းမိုရ်တောင်ကို အမည်မေ့နေပုံပေါ်သည်။

ခေတ်သစ်တို့လည်း ပြောမပြတတ်သည့်ပီတိမျိုးဖြင့် ပျော်နေရပါသည်။

"ကဲ . . . အစ်မနောက်ကို လိုက်သွားပြီး အားပေးပါ . . . အစ်ကိုရာ"

"အေး . . . အေး . . . သွားတော့မယ်နော်။ မင်းတို့နှစ်ယောက်အလှည့်ကျရင်လည်း အစ်ကို ကြုံတဲ့နေရာမှာ ပြန်မွေးပေးပါ့မယ်ကွာ"

"ရှင် . . . "

"ဗျာ . . . "

ပြောပြီး ဟိုလူက ထွက်သွားပြီ။

ခေတ်သစ် ကြည့်လိုက်တော့ ကောင်မလေးခမျာ မျက်နှာကိုရဲလို့။

✻ ✻ ✻



ကားနောက်ခန်းထဲမှာ ထိုင်ရင်း သူတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ ခုနက အဖြစ်အပျက်များကို ပြန်တွေးကာ ငိုင်ငိုနေမိသည်။ အိပ်မက်လိုလို၊ စွန့်စားခန်းတစ်ခုလိုလို။ ပြီးတော့ ကိုယ့်လုပ်ရပ်ကိုယ် တစ်ပါးသူအကျိုးကို ဆောင်ရွက်ခဲ့နိုင်မှုအတွက် စိတ်မှာ ချမ်းမြေ့ကျေနပ်နေမိသည်။

ခဏကြာတော့ ကောင်မလေးက ငြိမ်နေရာက ခေတ်သစ်ကို ဝေါ်ခနဲ လှည့်ကြည့်လာသည်။

"ဘာလဲဗျ . . . "

ခေတ်သစ် လန့်သွားသည်။

"ဖြည်းဖြည်းကြည့်လည်း ဒီရုပ်ပဲမြင်ရမှာပါ"

"ရှင့်ကို မေးစရာရှိလို့။ ခုနကပုံပြင်ကို ကျွန်မ ကြားဖူးသလို - . . . ဗုဒ္ဓေါ . . ."

ကျောင်းခနဲ ကားက ထိုးရပ်သွားသောကြောင့် ကောင်မလေး ပြောလက်စစကား ရပ်သွားပြီး ထ,ယောင်မိခြင်းဖြစ်သည်။

ရန်ကုန်မြို့၏ အကောင်းဆုံးတက္ကစီသမား၏ကားက ဘာဖြစ်နေပြီလဲမသိ။

"ဘာဖြစ်ပြန်ပြီလဲ ခင်ဗျားကားက"

"မသိဘူးဗျ . . . ဆင်းမေးကြည့်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုတက္ကစီက ကားရှေ့ဖုံးကို သွားဆင်းဖွင့်သည်။ ခေတ်သစ်က ကောင်မလေးကို တိုင်ပင်ကြည့်တော့ ကောင်မလေးက စိတ်ပျက်လက်ပျက်ပြုံး၍ ပခုံးတွန့်ပြသည်။

"ကျွန်မလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ ကျွန်မတို့အိတ်တွေလည်း ဒီအတိုင်း စမ်းတဝါးဝါး နောက်ကလိုက်ရုံနဲ့ ပြန်မရလောက်တော့ဘူး"

"ဟူး . . . မြန်မာပြည်ရောက်ရောက်ချင်းနေ့ပဲ ကြုံခဲ့ဖြစ်ခဲ့တာတွေနဲ့ လာတွေ့နေရတယ်"

ကိုတက္ကစီက လှမ်းပြောသည်။

"ကျုပ်ကားက သူ့ပေါ်မှာ ကလေးတက်မွေးလို့ ရှက်သွားတာနေမှာဗျ"

"လာပြန်ပြီ . . . ခင်ဗျားက။ ကားက ရှက်မလားဗျ"

"ဟာ . . . ကားကလည်း ရှက်တတ်တာပေါ့ဗျ။ ဘာဖြစ်မှန်းရောဂါစမ်းသပ်မရဘဲ ကားက မောင်းမရတော့ရင် အဲဒါကို ကားရှက်တာလို့ခေါ်တယ်။ အခု ကျုပ်ကားလည်း ဘာဖြစ်မှန်းမသိဘူး။ အင်ဂျင်ဟိုမှာ နောက်ဘီးလည်း ပေါက်တာလား၊ လေလျော့နေတာလား မသိဘူး။ လဲရဦးမယ်"

ကောင်မလေးက ကားတံခါးကိုဖွင့်ကာ အရင်ဆင်းလိုက်ပြီး —

"ကဲ . . . ကိုတက္ကစီ၊ ကျွန်မတို့ကို အခုလို စေတနာအပြည့်နဲ့ လိုက်ကူညီပေးတာ ကျေးဇူးပါပဲ။ အခု ကျွန်မကို ဘတ်စ်ကားခ ငွေလေးငါးရာ ထပ်ချေးပါဦး။ ဘတ်စ်ကားနဲ့ပဲ အိမ်ပြန်တော့မယ်။ ကျွန်မတို့ လုခံလိုက်ရတဲ့ အိတ်တွေ၊ သေတ္တာတွေလည်း နောက်မှ ရဲတိုင်ပြီး လိုက်တော့မယ်။ ရလည်း ကံ၊ မရလည်း ခံလိုက်တော့မယ်"

ကိုတက္ကစီက သဘောကောင်းစွာပင် ညနေခွက်ပုန်းဖိုးထဲက ငါးရာ ထုတ်ချေးလိုက်ပါသည်။ ကောင်မလေးသွားမှာဆိုရင်တော့ ခေတ်သစ်လည်း မနေခဲ့ချင်တော့။



ချက်ချင်းပဲ ကားပေါ်ကဆင်းကာ . . .

"ကိုတက္ကစီ ကျွန်တော့်ကိုလည်း . . ."

"သိတယ် . . . မပြောနဲ့။ ပေးမယ်"

ခေတ်သစ်ကိုလည်း ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်ပါသည်။

ခေတ်သစ် ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သည့် ကောင်မလေးနောက်ကို ပြေးလိုက်ကာ ဘေးချင်းယှဉ်လိုက်သည်။

ကောင်မလေးက နံဘေးရောက်လာသည့်သူ့ကို မော့တစ်ဝက်၊ …ည့်တစ်ဝက်ကြည့်သည်။

"ဘာလိုက်လုပ်တာလဲ"

သူတို့လျှောက်နေသည့်လမ်းကလေးက ဆိတ်ငြိမ်၍လူရှင်းနေသည်။

"မင်းလိုပဲ ငါလည်း အိမ်ပြန်မလို့ပေါ့။ မင်းအနားက လိုက်လျှောက်လို့ အသားပွဲ့မပါသွားပါဘူးကွာ။ ကပ်စေးမနည်းပါနဲ့"

"လမ်းချင်းတူမှာကျလို့"

ဟု တီးတိုးလေးပြောကာ မျက်စောင်းထိုးလေသည်။ ထိုမျက်စောင်းလေးထိုးတာကိုခံရင်း ခေတ်သစ်ရင်ထဲ တစ်မျိုးလေးခုန်မိသည်။ ဖြည်းဖြည်း လျှောက်လာရင်း . . .

"ဟိုရှေ့လမ်းမပေါ်ရောက်ရင် ရှင် ကိုယ့်လမ်းကိုသွားတော့"

မှုန်ပျပျလှမ်းမြင်ရတဲ့ ဟိုးလမ်းမကိုညွှန်ပြရင်း ကောင်မလေး ပြောတာပါ။

"အဲဒါကို 'လမ်းမ'လို့မခေါ်ဘူး။ 'လမ်းထီး' လို့ခေါ်တယ် :. ကောင်မလေးရဲ့"

"ဘာရယ် . . . "

"ဟုတ်တယ်လေ . . . လှမ်းကြည့်လိုက်ပါလား။ လမ်းရဲ့ ဖလက်ဖောင်းပေါ်မှာ ရောင်စုံထီးကြီးတွေနဲ့ ပြည့်နေတယ်လေ။ အဲဒါ 'လမ်းထီး' လို့ ခေါ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေး ခေါင်းလေးသွဲ့သွဲ့ယမ်းပြီး ရယ်ရှာသည်။ ပြီးမှ . . .

“ရှင်လည်း ဟိုတက္ကစီသမားနဲ့ပေါင်းပြီး အရည်မရ၊ အဖတ်မရ ပေါက်တတ်ကရတွေ တော်တော်ပြောတတ်နေပြီပဲ”

“ဟင်း . . . ဟင်း . . . မင်းနဲ့ပေါင်းပြီး ကလေးလည်း မွေးတတ်နေပါပြီကွ”

“ဘာရှင့် . . . ”

“အဲ . . . ”

ခေတ်သစ် ကိုယ့်စကားကို ပြန်ခေါက်သိမ်းပြီး ဆင်ခြင်လိုက်ရသေးသည်။

“မဟုတ်ဘူးလေ . . . မင်းနဲ့ပေါင်းပြီး တခြားသူတွေကို ကလေးမွေးပေးတတ်ပြီလို့ ပြောတာပါ”

“ဟင်း . . . အခြောက်မကို ငမ်းတဲ့လူကများ”

“အာ . . . ”

ခေတ်သစ် ဘာပြန်ပြောရမှန်းမသိဖြစ်သွားတော့ ကောင်မလေးက ခေါင်းမော့ရယ်ပြန်သည်။ ညနေသည် ပကတိလေညင်းနှင့် ဖြိန့်ခင်းသာယာနေသည်။ အနက်ရောင်ကားတစ်စီးသာ ဝင်မလာရင်ပေါ့။

“ဟင် . . . ”

သူတို့ ရှေ့ကိုကြည့်မိစဉ်မှာတော့ တစ်ဟုန်ထိုး တိုးဝင်လာသောကားတစ်စီးကို တွေ့လိုက်ရတော့သည်။

ကားက အနက်ရောင်။ နံပါတ်က ( . . . /၅ . . .၃)။

သူတို့ ဘာလုပ်ရမှန်းမသိ ရပ်ငေးနေမိစဉ်မှာပဲ ကားက သူတို့နံဘေးသို့ အရှိန်ဖြင့် ထိုးရပ်လာခဲ့ပြီ။

‘ဒုန်း’ခနဲ ကားတံခါးတွေကို ကြမ်းကြမ်းဆောင့်ပိတ်ကာ ကားပေါ်မှ လူငါးယောက်ဆင်းလာသည်။



ငါးယောက်စလုံး ကိုယ့်အသိတွေမဟုတ်မှန်း ခေတ်သစ်နှင့်ကောင်မလေး သိလိုက်သည်။ ကိုယ့်အသိထဲမှာ ဒီလောက်ရုပ်ဆိုးတာတွေမရှိ။

မျက်မှန်အမည်းဝိုင်းကြီးတပ်ထားသည့် လူကြီးက ပြုံးရာကနေ တဟားဟား ထ,ရယ်လာပြီး . . .

“ဟား . . . ဟား . . . ဟား . . . ပြန်မတွေ့ရတော့ဘူး မှတ်နေတာ။ ရာသီဥတုက ငါ့ဘက်ပါသား”

ရာသီဥတုတွေကော မိုးကြိုးလျှပ်ကြောင်းတွေကော ပါသွားသင့်သည်။ ခေတ်သစ်နှင့်ကောင်မလေး ပခုံးချင်းထိအောင် တိုးကပ်နေမိကြသည်။

“ခင်ဗျားတို့ ဘာလုပ်ချင်လို့လဲ”

“တစ်ခုခုလုပ်ချင်လို့တော့ သေချာတာပေါ့ကွာ။ ဟား . . . ဟား . . . ဟား . . . ”

မျက်မှန်အမည်းဝိုင်းကြီးနှင့်လူက ရယ်တော့ သူ့နောက်လိုက်တွေကပါ လိုက်ရယ်ကြသည်။ ရယ်စရာလည်း မပါဘဲနှင့်။

“ကဲ . . . ဖမ်းကြစမ်းကွာ”

ယှဉ်ဖိုက်လျှင် မနိုင်မှန်းသိပေမယ့် ခေတ်သစ်က ရုန်းကန်ကြည့်မိသေးသည်။ ကောင်မလေးက တည်ငြိမ်စွာပင် . . .

“အင်အားတွေမဖြုန်းပါနဲ့ အေးဆေးပေါ့”

ဟုပြောမှ ခေတ်သစ် ရုန်းလက်စလက်တွေကို ချလိုက်သည်။

နောက် သူတို့ချုပ်နှောင်ရာကားပေါ်သို့ တက်လိုက်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

"ဝင် . . . အထဲကိုဝင်"

သူတို့နှစ်ယောက် မဝင်ချင်ဝင်ချင်နှင့် ဝင်လိုက်ရသည်။ လူဆိုးငါးယောက်ကလည်း လိုက်ဝင်လာပြီး တံခါးပိတ်လိုက်သည်။

"အလယ်ကတိုင်မှာ နှစ်ယောက်စလုံးကို ကျောချင်းကပ်ပြီး လက်ပြန်ကြိုးတုပ်လိုက်"

"ဟုတ်ကဲ့ . . . ဆရာကြီး"

ကုလားချိုင်းမွေးကေနှင့် ကျွဲကြီးဆိုသည့် လူဆိုးရယ်၊ တခြားတစ်ယောက်ရယ်က သူတို့ကိုချုပ်ကိုင်ကာ အခန်းအလယ်မှတိုင်မှာ ထိုင်ခိုင်းလိုက်သည်။

ခေတ်သစ်က တစ်ခန်းလုံးကို ဝေ့ကြည့် အကဲခတ်နေလိုက်သည်။ ကားဂိုဒေါင်အဟောင်းကြီးဖြစ်မည်။ ကားအစိတ်အပိုင်း သံတိုသံစတွေနှင့်။ အခန်းထောင့်မှာ ဆီပေပါပုံးအဟောင်းကြီးကိုလည်း တွေ့ရသည်။ အထဲမှာ ဓာတ်ဆီတွေဘာတွေ ရှိမရှိတော့မသိ။

ကောင်မလေးက သူတို့ကို လက်ပြန်ကြိုးတုပ်နေသော လူဆိုးတို့ အကဲခတ်နေသည်။ ကြိုးချည်နေပုံကိုလည်း သေချာကြည့်နေသည်။



"ကဲ . . . ကောင်မလေး၊ မေးနေတာကို မှန်မှန်နဲ့ မြန်မြန်ဖြေစမ်း"

နှေးနှေးနဲ့ မှားမှားလည်း မဖြေပါ။

ဘာမှကို အရေးလုပ်၍ ပြန်မပြောပါ။

ဆရာကြီးက သူ့စကားကို အရေးမလုပ်သော ကောင်မလေးကို ကြည့်ကာ နည်းနည်းမက ဖြုံမိသည်။

ဂျေမ်းက အနီရောင်သေတ္တာ၏ လျှို့ဝှက်ကုတ်နံပါတ်များကို ယောက်လှည့်ကြည့်နေသည်။ မတော်တဆပွင့်သွားမလားဟူသည့် မျှော်လင့်ချက်နှင့်။

"ကောင်မလေး . . . မေးနေတာကို ဖြေရင်ကောင်းမယ်။ ငါတို့က လူဆိုးဓားပြတွေဆိုပေမယ့် တစ်ဖက်သားကို အလွယ်တကူ ရက်ရက်စက်စက် မဆက်ဆံတတ်ဘူး။ ဒါပေမဲ့ လိုတာမရရင်တော့ ဟင်း . . . ငါတို့ကို ဆိုးတယ်မပြောနဲ့"

ကောင်မလေးက အေးအေးဆေးဆေး အမူအရာနှင့်ပင် ခြိမ်းခြောက်မှုကို လားလားမှ မကြောက်သည့်နှယ်။

ခေတ်သစ်ကလည်း . . .

"ခင်ဗျားတို့ သတ်ရင်သတ်ပစ်လိုက်။ ကျုပ်တို့က ဘယ်တော့မှ ခင်ဗျားတို့လက်အောက်မှာ ဒူးထောက်မှာမဟုတ်ဘူး။ ထွီ . . ."

ဟု ဌာန်နဲ့ဟန်နဲ့ လုံးဝမပြောပါချေ။ နှုတ်ပိတ်၍သာ နေနေပါသည်။ ကောင်မလေး ဘယ်လိုလှုပ်ရှားမလဲဟူ၍ အခြေအနေကို အကဲခတ်နေခြင်းဖြစ်သည်။ ကောင်မလေးတွင် အကြံအစည်တစ်ခုခုရှိမည်ဟုလည်း သူထင်နေသည်။

"ရှင်တို့ကို ပြောရဦးမယ်"

"အေး . . . ပြော၊ လျှို့ဝှက်နံပါတ်လား"

ကောင်မလေးက လူဆိုးတွေကိုကြည့်ပြီး သဘောကျစွာ တစ်ချက်ရယ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး။ ဘဏ်တွေကို ဓားပြတိုက်တဲ့အမှုတွေကို မှတ်တမ်းလုပ်ထားတာရှိတယ်။ အဲဒါလေးကို ပြောပြမလို့ပါ။ ဘဏ်ဓားပြမှုအများစုမှာ တိုက်ကြခိုက်ကြပြီဟေ့ဆိုရင် အမြဲတမ်း ဘဏ်ဓားပြတွေကပဲ အများဆုံး သေသေတတ်ကြတယ်တဲ့"

ဆရာကြီးလုပ်သူက မတုန်လှုပ်သည့်အသံနှင့် . . .

"အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ရှင်တို့မှတ်သားထားရအောင်လို့ပါ။ အခုလည်း ကျွန်မတို့နဲ့တိုက်ခိုက်ရင် ရှင်တို့ဘက်က အသေအပျောက်များနေဦးမယ်"

ကောင်မလေးက သူကြီးတုပ်ခံထားရသည်ကို မေ့နေသယောင် လူဆိုးတွေကို ပြန်ခြိမ်းခြောက်လိုက်သေးသည်။

လူဆိုးများမှာလည်း ကောင်မလေးစကားကြောင့် တွေတွေဝေဝေနှင့် အူကြောင်ကြောင်အတွေးတွေ ဝင်ကုန်ကြသေးသည်။

သူမက လေသံအေးအေးနှင့်ပင် ဆက်ပြီး . . .

"ဩော် . . . အဆိုးဝါးဆုံး စမ်းသပ်မှုတွေအကြောင်း ပြောပြရဦးမယ်။ အဆိပ်ရှိတဲ့ရေထဲမှာ အချိန်အကြာကြီး စိမ်ခိုင်းထားတာမျိုးတွေ၊ နောက်ပြီး ဆင်တွေကို သင်းကွပ်ခိုင်းတာတွေ၊ အမှိုက်ပုံထဲမှာ တစ်ကိုယ်လုံးမြှုပ်ပြီး နေခိုင်းတာတွေ၊ အင်း . . . ဆွဲငင်အားနဲ့ပတ်သက်ပြီး စမ်းသပ်ထားတာ ရှိသေးတယ်။ (၂၁)ရက်လုံးလုံး လူကိုဇောက်ထိုးဆွဲထားတာလေ။ နောက်ပြီး ရှိသေးတယ်၊ သေပြီးသားလူတွေထဲက ရှစ်တက်ထွက်လာတဲ့ ပိုးတွေလောက်တွေကို ကိုင်တွယ်ပြီး စမ်းသပ်တာတွေ၊ ပြီးတော့ ဝေလငါးရဲ့မစင်ကို . . ."

"တော်တော့ . . . တော်တော့ . . ."

နားထောင်ရတာကို တော်တော်တဲ့တွေးပွလာသည်။

ပုလင်းပြားကို ခိုးမော့နေသည့် ဗလကြီးတောင် အရက်က မျို မကျတော့ဘဲ 'ထွီ'ခနဲ ထွေးထုတ်ပစ်လိုက်သည်။



ခေတ်သစ်လည်း 'ဒီကောင်မလေး ဘာတွေလျှောက်ပြောနေပါလိမ့်'ဟု တွေးမိသည်။

ကောင်မလေးက တဟာစ်ဟာစ်နှင့် ခပ်အစ်အစ်ရယ်တော့ ဆရာကြီး ဒေါပွလာတော့သည်။

"တော်တော့ . . . ဘာမှအပိုတွေ ပြောမနေနဲ့တော့"

"အပိုတွေမဟုတ်ဘူးရှင့်။ ရှင်တို့အတွက် လိုအပ်လို့ပြောနေတာ။ ရှင်တို့လို ဓားပြမှုကျူးလွန်ပြီး ဖမ်းမိတဲ့သူတွေကို အဲဒီလိုစမ်းသပ်တဲ့နေရာတွေမှာ အသုံးချတာရှင့်"

လူဆိုးတွေစိတ်ထဲ ထိတ်ထိတ်ပျာပျာနှင့် ငြိမ်သွားကြပြန်သည်။ အဆိုးဝါးဆုံး စမ်းသပ်မှုတွေထဲ ကိုယ့်မျက်နှာကိုယ်မြင်ယောင်ပြီး ကြည့်မိကြမည်ပင်။

"ဒါ အနောက်နိုင်ငံတွေမှာပဲ စမ်းသပ်တာပါ။ ကျုပ်တို့နိုင်ငံမှာတော့ ဒါမျိုး မရှိလောက်သေးပါဘူး။ ဖမ်းမိရင် ထောင်ပဲကျလောက်မှာပါ"

အူကြောင်ကြောင် လူဆိုးတစ်ယောက်က ထပြောတာပါ။

ဆရာကြီးက အဲဒီလူဆိုးကို နားရင်းပြေးရိုက်ပြီး . . .

"ဖွီ . . . ထွီ . . . ဘာမှ ဖမ်းမမိဘူး။ ဘာမှ ထောင်မကျဘူး။ ကဲ . . . ကောင်မလေး မင်းအပိုတွေပြောတာ သိပ်များနေပြီ။ လျှို့ဝှက်နံပါတ်ပြောတော့"

ကောင်မလေးက အေးအေးလူလူအထာနှင့် စင်းထားသည့်ခြေထောက်လေးကိုပင် လှုပ်နေသေးသည်။

"ဆရာကြီး . . . သူတို့ကို လေဆိပ်လာကြိုမယ့် သူတို့အိမ်ကလူတွေက မတွေ့လို့လိုက်ရှာစုံစမ်းရင် ကျွန်တော်တို့ကို ခြေရာခံမိသွားရင် ခက်မယ်။ နောက်ပြီး ကျွန်တော်တို့ သူတို့ကို ဖမ်းခေါ်လာတဲ့အထဲ သည်း တစ်ယောက်ယောက် မမြင်သွားဘူးလို့ မပြောနိုင်ဘူး။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်မလေးက တစ်ယောက်ယောက်လာကယ်မှာကို စောင့်ရင်း အချိန်ဆွဲတဲ့အနေနဲ့ စကားတွေလျှောက်ပြောနေတာပဲ။ အချိန်နှောင့်နှေးလို့ မဖြစ်ဘူး . . . ဆရာကြီး။ လုပ်စရာရှိတာ လုပ်သင့်ပြီ”

အတွေးအခေါ် အမြင်မဆိုးလှသည့် လူဆိုးတစ်ယောက်က ဆရာကြီးကို ဝင်သတိပေးခြင်းဖြစ်သည်။ သတိပေးမှ သတိဝင်လာပြီး ဆရာကြီးက အချိန်ကို ကျစ်ကျစ်လစ်လစ်အသုံးချရန် ပြင်တော့သည်။

“ကဲ . . . မင်း လျှို့ဝှက်နံပါတ် ပြောမှာလား၊ မပြောဘူးလား”

သူမ ငြိမ်လျက်ပင်။

“ကဲ . . . ကောင်းပြီ။ ဒါဆို သူ့ရည်းစား ဟိုကောင့်ကို သင်ခန်းစာ ပေးလိုက်စမ်းကွာ”

ကုလားချိုင်းမွေးကေနှင့် ကျွဲကြီးက သူရှင်းမည်ဆိုသည့်သဘောနှင့် ပါးစပ်ထဲက ဆေးလိပ်တိုကို ထွေးချကာ ရှေ့တိုးလာတော့သည်။

“ဗလကြီး . . . မင်းလက်စွမ်း ကြည့်ချင်တယ်ကွာ”

ဆရာကြီးက ဗလကြီးကို အမည်တပ်ခိုင်းစေလိုက်သဖြင့် ကျွဲကြီးလည်း နောက်ပြန်ဆုတ်သွားသည်။

ဗလကြီးက လက်စွမ်းပြရန် ရှေ့ထွက်လာသည်။ ရိသဲ့သဲ့မျက်နှာပေးနှင့် တဟက်ဟက် ရယ်သေးသည်။ ရေးတုန်းက အာဏာပါးကွက်သားတွေ ရာဇဝတ်သားကို ခေါင်းဖြတ်ခါနီး ရဲဆေးတင်သည့်အနေဖြင့် သေရည်မော့ကြသလို သူကလည်း အခွင့်ကောင်းယူကာ ပုလင်းပြားလေးကို မော့ချလိုက်သေးသည်။

ပြီး ခေတ်သစ်ရှေ့မှာ ခပ်ကုန်းကုန်း လာရပ်ပြသည်။ ဗလကြီး၏ လက်သီးတွေက မာကျစ်ကြမ်းထော်နေသည်။ ကြွက်သားများမှာလည်း ပန်းပုရုပ်လုံးတစ်ခုလို ကြွရွတင်းမာနေသည်။ စွပ်ကျယ်ကလေးကို ဝတ်ထားသောကြောင့် ထွားမောက်နေသော ရင်အုပ်ကြီးကိုလည်း အတိုင်းသား မြင်သာနေသည်။



ခေတ်သစ်နဖူးမှာ ချွေးနည်းနည်းတော့ စို့လာသလိုလို။

“ဟင်း . . . ဟင်း . . . ဒီလက်တွေက ငါ ငယ်ငယ်ကတည်းက အနှံးပင်ထိုးပြီး လေ့ကျင့်ထားခဲ့တဲ့ လက်တွေနော်”

အလကားပါ။ နိဗ္ဗာန်မရမယ့် အလုပ်တွေ။

ခေတ်သစ် ထိုသို့ စိတ်ထဲကပြန်ပြောပြီး အကြောက်ဖြေမိသည်။

“ကဲ . . . ကောင်မလေး၊ တစ်ကနေ သုံးအထိရေမယ်။ အဲဒီအချိန်အတွင်း မင်းသေတ္တာရဲ့ လျှို့ဝှက်ကုတ်နံပါတ်ကိုမပြောရင် မင်းကောင်လေးအတွက် စိတ်မကောင်းပါဘူး”

ထိုစကားကို ဆရာကြီးက ပြောလိုက်ခြင်းဖြစ်သည်။ ဗလကြီးကလည်း ပုလင်းပြားလေးကို တစ်ချက်မော့ကာ လေထဲ လက်သီးတွေဘာတွေ ဝှေ့ယမ်းထိုးကာ ဟန်ရေးပြနေပြီ။

“တစ်”

ဆရာကြီးဆီက အသံထွက်လာသည်။ ခေတ်သစ်က မျက်လုံးမှိတ်ထားသည်။

“ဟား . . . ဟား . . . ကောင်လေးရေ၊ ကောင်မလေးက မင်းကို သိပ်မချစ်ဘူးထင်တယ်။ ဒီလိုအချိန်မှာ မင်းအတွက် မကြည့်ပေးရှာဘူး။ မင်းတော့ ရည်းစားရတာ ကံဆိုးသွားပြီ”

သူက ကိုယ့်ရည်းစားမဟုတ်ပေမယ့် ခေတ်သစ် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ကောင်မလေးကလည်း သူနဲ့ကျွန်မ ဘာရည်းစားမှ မဟုတ်ဘူးဟု ထပြောရန်ပြင်လိုက်ပြီးမှ နှုတ်ခမ်းကို ပြန်ထိန်းလိုက်သည်။ မပြောတာ ကောင်းပါတယ်လေ။

“နှစ်”

ဆရာကြီး၏နှုတ်ခမ်းမှ ရေရွတ်သံ။

ဗလကြီးက အရွယ်အစားကောင်းသည့် တုတ်တစ်ချောင်းကို ထိုင်ကာ ခေတ်သစ်၏နဖူးမှာ တေ့ထားပြီ။ ခေတ်သစ်မျက်လုံးမှိတ်ထားသော မျက်နှင့် မျက်ခွံတွေက လှုပ်နေသည်။ ကောင်မလေးလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်း အေးလာသည်။ 'သူက ငါနဲ့ဘာဆိုင်တာမှတ်လို့။ သူ အနာတရဖြစ်လည်း ငါဖြစ်တာမှမဟုတ်တာ၊ ငါ ဘာလို့ ကာကွယ်နေရမှာလဲ . . . ဟင့်အင်း . . . ဒါပေမဲ့ ငါ့စိတ်တွေက သူ့ကို စိုးရိမ်နေသလိုပဲ။

အင်း . . . လူဆိုးတွေက ငါ့သေတ္တာရဲ့ လျှို့ဝှက်နံပါတ်ကို သိချင်လို့ ဒီလိုလုပ်တာပဲ။ သူတစ်ခုခုဖြစ်ရင် ငါ့ကြောင့်ပဲ။ အိုး . . . ဘာပဲဖြစ်ဖြစ် သူနဲ့ငါ ဒီနေ့တစ်နေ့လုံး တစ်လေ့တည်းစီး တစ်ခရီးတည်းသွားလို့ အတူတူစွန့်စားခဲ့တာပဲ။ လေ့မှောက်ရင်လည်း အတူတူခံရမှာပေါ့။' သူမစိတ်နှင့် သူမ စကားတွေပြောနေမိသည်။ စကားလုံးတွေက တွေဝေမှုထဲမှာ လွန်းထိုးနေသည်။

ထိုအချိန်မှာပဲ . . .

"သုံး"

တစ်ခန်းလုံး ငြိမ်သွားသည်။

တုတ်ကိုင်ထားသော ဗလကြီး၏လက်အစုံက လေထဲမှာ မြောက်တက်သွား . . .

ခေတ်သစ် မျက်လုံးကို အတင်းစိုက်မှိတ်ထား . . .

"ရပ်လိုက် . . ."

ကောင်မလေး၏အသံက ထွက်လာသည်။

မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာ၍ ဆရာကြီး၏မျက်နှာထား ငါးရှူပြုံး ပြုံးသွားသည်။

"ဟိုဗလကြီး . . . ရှင့်လက်ထဲက တုတ်ကို အရင်လွှတ်ချလိုက်"

ဗလကြီးက ဆရာကြီးကိုကြည့်သည်။ ဆရာကြီးက ခေါင်းညိတ်ပြမှ ဗလကြီးက တုတ်ကိုလွှတ်ချလိုက်ကာ . . . 'ဟင်း'ဟု အသံပြု၍ အနောက်ပြန်ဆုတ်ကာရပ်သည်။

ကောင်မလေးက သက်ပြင်းကို အသံတိုးတိုးဖြင့်ချကာ အသံပြတ်နှင့် . . .



"လျှို့ဝှက်နံပါတ်က (6032) ပဲ"

ဆရာကြီးက ဂျမ်းကို မျက်ရိပ်ပြလိုက်သည်။ ဂျမ်းက ရွေ့ထားသည့်သေတ္တာကြီးကို အောက်ချကာ လျှို့ဝှက်နံပါတ်များကို လှည့်လိုက်သည်။

'ချလောက်' ဆိုသည့် လော့ဂ် (Log) ပွင့်သွားသံကို ကြားလိုက်ရသည်။ သေတ္တာအဖုံးကို ဖွင့်ကြည့်လိုက်တော့ အားလုံး မျက်လုံးများ ဝင်းသွားကြသည်။ သေတ္တာထဲမှာ ငွေစက္ကူတွေ အထပ်လိုက်၊ အထပ်လိုက်။

"ဆ . . . ဆ . . . ရာကြီး . . . ငွေတွေအပြည့် . . . ပဲ . ."

လောဘအရှိန်ဖြင့် ဂျမ်းအသံတွေ တုန်နေသည်။ ဆရာကြီးတလည်း သေတ္တာအနား ပြေးကပ်ပြီး . . .

"စိန်ဘယက်နဲ့ ဟိုဟာတွေကော . . . "

ဟိုဟာတွေကောဆိုတာ တခြားရတနာတွေကို ပြောခြင်းဖြစ်သည်။

"ဟင် . . ."

ထိုမှ 'ဟင်' ပြီး ဂျမ်းလည်း သေတ္တာ၏ဟိုကြားဒီကြား အောက်ထဲ၊ ချောင်ထဲတွေ လှန်လှောနှိုက်ရှာတော့သည်။ အလျား (၂) ပေ၊ အနံ (၁½) ပေရှိသည့် သေတ္တာထဲကို လိုတာထက်ပိုအောင် နေရာအနှံ့ ရှာကြည့်သည်။ မတွေ့။

ဆရာကြီး ဆတ်ခနဲ ခေါင်းလှည့်ကာ ကောင်မလေးကိုကြည့်လိုက်သည်။ ကောင်မလေးက မျက်မှောင်ကြုတ်လျက် ပြန်ကြည့်နေပြီးအားဖြစ်သည်။ ခေတ်သစ်က သူတို့အခြေအနေကို ကျောခိုင်းကြိုးတုပ်ခံထားလျက်မို့ မမြင်ရပေ။ ထို့ကြောင့် နားသာစွင့်နေသည်။

"စိန်ဘယက်နဲ့ တခြားရတနာတွေကော"

ကောင်မလေးက ခေါင်းအသာယမ်း၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ပြောနေတာကို ကျွန်မ နားမလည်ဘူး။ ဘယ်က စိန်ဘယက်လဲ။ ဘယ်က ရတနာတွေလဲ"

ကောင်မလေး၏အမူအရာတွေကြောင့် လူဆိုးတွေလည်း အူကြောင်ကြောင်မျက်နှာတွေ ဖြစ်ကုန်သည်။

"ရှုးချင်ယောင် ဆောင်မနေနဲ့။ ငါပြောတာ စိန်ဘယက်နဲ့ လက်ဝတ်လက်စားတွေ"

"ကျွန်မ တကယ်မသိဘူး"

စိတ်မရှည်စွာ ကောင်မလေးကလည်း ပြန်အော်သည်။ ကြိုးနှင့်တုပ်ခံရပြီး လူငါးယောက် ဝိုင်းထားခံရတာတောင် ဒီလောက်သတ္တိကောင်းနေသည့်ကောင်မလေးကို ခေတ်သစ်စိတ်ထဲမှ ကြိတ်၍ချီးကျူးနေမိသည်။

"ကျွန်မအိတ်တွေ၊ သေတ္တာတွေအားလုံး ရှင်တို့ဆီမှာပဲ။ ရှင်တို့ ရှာကြည့်ပေါ့။ ကျွန်မ ဘာစိန်ဘယက်မှ မသိဘူး"

ငကျွမ်းနှင့် လူဆိုးတစ်ယောက်က တခြားအိတ်တွေထဲ ရှာကြည့်ပြန်သည်။ မက်လောက်စရာ ဘာအဖိုးတန်ပစ္စည်းမှ မတွေ့တော့။

တပည့်တွေအားလုံးက ဆရာကြီးကို ကြည့်သည်။ ဆရာကြီးလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

နည်းနည်းအမြင်ရှိသည့် ဟိုလူဆိုးတစ်ယောက်ကပဲ . . .

"ဆရာကြီး . . . စိန်ဘယက်တွေဘာတွေက သူတကယ်မသိတဲ့ပုံပဲ။ ဆက်မေးနေရင်လည်း အချိန်ကုန်ပြီး ကျွန်တော်တို့အတွက် အန္တရာယ်များနိုင်တယ်။ သေတ္တာထဲမှာပါတဲ့ ငွေကလည်း မနည်းပါဘူး ဆရာကြီးရ။ ကျွန်တော်တို့အတွက် မခါးပါဘူး"

"အင်း . . . "

"အခုက,ကတော့ ဒီနေရာကခွာပြီး လစ်ကြဖို့ပဲ"

"အင်း . . . အင်း . . . "

ဆရာကြီးက ခေါင်းတညိတ်ညိတ်နှင့် သူ့တပည့်စကားကို သုံးသပ်နေသည်။ ခဏအကြာမှ ဆုံးဖြတ်ချက်ချပြီးသည့်အသံနှင့် . . .



"ကဲ . . . ငါတို့အားလုံး တပ်ဆုတ်ကြမယ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဆရာကြီး"

လူဆိုးတွေအားလုံး ထိုနေရာမှ ခွာရန်ပြင်ကြတော့သည်။

ဆရာကြီးက ထောင့်မကျိုးသည့်ဂိုက်နှင့် သဲ့သဲ့ရယ်ပြီး . . .

"ကဲ . . . ကောင်လေးနဲ့ကောင်မလေး ဒီဂိုဒေါင်ကြီးထဲမှာ နေခဲ့ပေတော့။ ဒီနေရာက မင်းတို့ အသံကုန်အော်လည်း လာကယ်မယ့်သူရောက်လာမှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကံကောင်းပါစေကွာ။ ဟား . . . ဟား . . . "

လူဆိုးတွေ ကုပ်ကုပ်သုတ်သုတ်နှင့် ထွက်သွားကြသည်။ ဂိုဒေါင်တံခါးကိုလည်း သေချာပြန်ပိတ်သွားသည်။

"ကျွန်မတို့ကို ဒီအတိုင်းမထားခဲ့ပါနဲ့။ လွှတ်ပေးပါ တောင်းပန်ပါတယ်"

ဟု ကောင်မလေးက အော်ဟစ်ရန် စိတ်ကူးပင်မရှိသည့်ပုံစံဖြင့် ဆွင့်နေသည်။

မကြာမီ ကားတစ်စီးစက်နှိုးသံ၊ ထွက်ခွာသံတို့ကို ကြားလိုက်ရသည်။

လူဆိုးတွေ ထွက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

(၈)

သူမ အခန်းအတွင်းသို့ နေရာစုံ ကြည့်လိုက်သည်။ ဓား (ဘယ်လိုဓားမှ မဟုတ်) တခြား ထက်ရှမာကျောသည့် အရာတစ်ခုခုကိုရရန် လိုအပ်နေသည်။ မြင်ရသလောက်ကတော့ အခန်းထဲတွင် အားကိုးရလောက်သည့် ပစ္စည်းကိုမတွေ့။ သံတိုသံစတချို့တော့ တွေ့သော်လည်း ခြေဖြင့် လှမ်းဆွဲညှပ်ယူရန် အလှမ်းကွာလွန်းနေသည်။

အတင်းရုန်းကြည့်သည်။ လက်ကောက်ဝတ်တွေသာ နီမြန်းပြီး နာကျင်လာသည်။ ဘယ်လိုလုပ်ရမလဲ။ ဒီကြိုးလေးတောင် မဖြည်နိုင်ဘူးလား။ သူမ ကိုယ့်ကိုယ်ကိုယ် ဖိအားအတင်းအကြပ်ပေးကာ စဉ်းစားခိုင်းမိသည်။ သို့သော် သုံးစားရလောက်သော အကြံကမထွက်။

"ရှင်ကော . . . ရှင့်ဘက်မှာ ဘာပစ္စည်းတွေ့လဲ"

ခေတ်သစ် ပခုံးတွန့်ပြလိုက်ဖို့ စိတ်ကူးပေါ်သေးသော်လည်း လက်ပြန်ကြိုး တုပ်ခံထားရ၍လည်းကောင်း၊ သူမ မမြင်နိုင်မှန်းပြန်တွေးမိ၍လည်းကောင်း မလုပ်ဖြစ်တော့ပေ။

"ဘာမှမတွေ့ဘူး။ ဪ . . . ဟိုနားမှာ နို့ဆီခွက်အစုတ်လေးတော့ တွေ့တယ်"



"အဲဒါက ဘာလုပ်ရမှာလဲ"

ခပ်စွာစွာပြန်အော်သော ကောင်မလေးအသံကြောင့် **ခေတ်သစ်** ရယ်ချင်မိသေးသည်။

ခေတ်သစ်စိတ်ထဲ ဘယ်လိုကြီး ဖြစ်နေမှန်းမသိ။ လေဆိပ်မှာ အလုခံရတုန်းက ကိုယ့်ဥစ္စာပစ္စည်းတွေကို အမြန်ပြန်လိုချင်မိသည်။ ထို့ကြောင့် စိတ်လောပြီး ပျာယာခတ်မိသည်။ အခုတော့ ကိုယ့်ပစ္စည်းတွေ ပြန်လိုချင်သေးသော်လည်း စိတ်ကမလောတော့။ ကောင်မလေးပါသွားသည့် ငွေတွေအတွက်သာ နှမြောနေမိသည်။ နောက်ပြီး ကောင်မလေးနဲ့ အတူတူရှိနေရတာကိုလည်း ပျော်သလိုလို ဖြစ်နေမိသည်။

အိမ်အိုဟောင်းကြီးတစ်အိမ်၏ အနောက်ဘက်ရှိ ကားဂိုဒေါင်ထဲ၌ သူတို့ကို ချုပ်နှောင်ခံခဲ့ခြင်းဖြစ်သည်။ လမ်းမနှင့် အိမ်ကြီး၏တည်နေရာ အတန်ငယ်အလှမ်းကွာသလို ခြံဝန်းကလည်း ကျယ်ဝန်းသဖြင့် သူတို့အော်သံကို မည်သူမှ မကြားချေ။

'ကူညီကြပါ'၊ 'ကယ်ကြပါ' 'လူရှိလား' 'တစ်ယောက်ယောက်ရှိလား' စသည်ဖြင့် အော်ဟစ်ကြသော်လည်း တုံ့ပြန်သံ ဘာမှမကြားရ။ မျက်နှာကြက်က အိမ်မြှောင်တွေက သူတို့ကို ကြောင်တောင်တောင်မျက်လုံးပြူးများနှင့် ငြိမ်သက်ငုံ့ကြည့်နေကြလေသည်။

အော်လို့ လူလည်းမော၊ လျှာလည်းမောမှ ပါးစပ်မှိုင်ချမိတော့သည်။

"ဟူး . . ."

စိတ်အလိုမကျတော့ ဒေါသက အလိုလိုထွက်လာသည်။ ကျောချင်းကပ်နေသည့် အနီးဆုံးလူကိုပဲ သူမ စိတ်ဖြေရတော့မည်။

"ခုနက ဟိုလူဆိုးတွေက ရှင်နဲ့ကျွန်မကို သမီးရည်းစားလို့ ပြောနေတာ ရှင်က ဘာလို့မငြင်းတာလဲ"

ကောင်မလေး စိတ်ပေါက်ပေါက်နှင့် သူ့ဘက်မဲလာမှန်း **ခေတ်**



www.burmeseclassic.com

www.burmeseclassic.com

သခ်သိသည်။ ကျောချင်းကပ် ကြိုးတုပ်ခံထားရသဖြင့် မမြင်ရသော်လည်း စိတ်ဆိုးနေသည့် ကောင်မလေးမျက်နှာမှာ သိပ်လှပနေမည်ဟု သူထင် သည်။ ဒေါသငွေ့လေးတွေနှင့် ချစ်စရာကောင်းနေမည့် ကောင်မလေး မျှတ်နှာကို မြင်ယောင်ရင်း . . .

"ငါငြင်းလိုက်ရင် မင်းနဲ့ငါ့ကို ဘာမှမဆိုင်မှန်း သိသွားမှာပေါ့။ အဲဒီအခါ ငါ့ကိုဘာမှမလုပ်တော့ဘဲ မင်းကိုပဲနှိပ်စက်ပြီး မေးကြမြန်းကြ ရင် မင်းနာကျင်ရမှာပေါ့။ ငါ့ကို သူတို့နာကျင်အောင်လုပ်ရင်တော့ အနည်း ဆုံး မင်းအနေနဲ့ ကင်းလွတ်ခွင့်ရနေနိုင်တယ်လေ။ ဒါကြောင့် သူတို့အထင် ထဲ မျှောနေပေးလိုက်တာပါကွာ။ မင်းထင်သလို အသားယူချင်တဲ့သဘော ဆိုး မရှိပါဘူး"

ဒီလူ ဒီလိုကျတော့ မဆိုးသားပဲ။ ငါ့ကို ကာကွယ်တဲ့အနေနဲ့ သူက ငြိမ်နေပေးတာပဲ။ သူမစိတ်ထဲမှာ စကားပြောကြည့်ရင်း သူ့ အကောင်းပြန်မြင်မိသည်။

"ဒါနဲ့ မင်းကကျတော့ ဘာလို့မငြင်းတာလဲ။ မင်းငြင်းလည် ရ တာပဲကို"

သူမ ငြိမ်သွားသည်။ သူမ ဘာကြောင့် မငြင်းမိလိုက်တာ မသိ။ ပါးပြင်နှစ်ဖက်မှာ အလိုလိုနွေးလာသည်။ ရင်အလယ်မှ ရှိန်းဝေ အငွေ့လေးတွေ ပျံ့သန်းပြန့်ထွက်လာသလို ခံစားရသည်။

အိုး . . . မျက်နှာပူလိုက်တာ။ သူမ ရှက်နေတော့သည်။

ကိုယ်ရှက်နေကြောင်း သူသိပြီး လူမိသွားလျှင် ပိုရှက်စရာ ကောင်းမည်။ တစ်ခုခုတော့ ပြန်ပြောမှဖြစ်မည်။

"အဲ . . . အဲဒီအချိန်တုန်းက ကျွန် . . . ကျွန်မက ငြင်းဖို့ မအားတာ။ အဲဒီလူဆိုးငပေါတွေလက်ထဲက လွတ်ဖို့ အကြံထုတ်နေတာ ကိုး"

ဒီလောက်ထိန်းပြောတာတောင် အသံတွေက ထစ်နေသေး



သည်။ ကိုယ်အမူအရာပျက်နေတာကို သူရိပ်မိပြီး ထ,မရယ်လို့ တော် သေးသည်။

ခေတ်သစ် လက်မှာချည်ထားသောကြိုးကို လှည့်ငုံ့ကြည့်ပြီး မျက်နှာရှုံ့မိသည်။

"တောက် . . . ချည်ထားတာကလည်း ရှုပ်ထွေးပြီး အထုံးလိုက် ပဲ။ ဘယ်လိုရုန်းရမှန်းတောင် မသိဘူး"

"ရုန်းလို့တော့ မရဘူး၊ ဖြတ်မှပဲရမှာ။ ဒီကြိုးချည်နည်းကို 'ဆံ ထုံးနှစ်ဆင့်ချည်နည်း' လို့ခေါ်တယ်။ 'ကချေသည် ဆံထုံး,ထုံးနည်း' လို့ လည်း တချို့ကခေါ်ကြတယ်။ ကြည့်ရတာ ရှုပ်ထွေးသလိုရှိပေမယ့် ကြိုး ဖြည်ရတာ သိပ်လွယ်ပါတယ်။ ရှင်ကြိုးအထုံးကို တစ်ချက်ကြည့်လိုက်"

ခေတ်သစ်လှည့်ကြည့်လိုက်မှ သူမက ဆက်ပြီး . . .

"အောက်ကအထုံးရဲ့ အပေါ်ကကြိုးကို ဖြတ်နိုင်ရင်ရပြီ။ အဲဒီ ကြိုးဖြတ်ပြီးတာနဲ့ အားနဲ့ ဆောင့်ရုန်းလိုက်ရုံပဲ"

"ဩော် . . . ဩော် . . ."

ခေတ်သစ်လည်း ဩော် . . . ဩော် . . . ဟုသာ ရေရွတ်နိုင် တော့သည်။ ပြီးမှ မနေနိုင်သဖြင့် . . .

"မင်းက ဒါလည်းသိတာပဲလား"

"ကျွန်မက မျက်လှည့်အဖွဲ့တွေမှာ ကပြဖူးတယ်ရှင့်။ မျက်လှည့် ပညာမှာ ကြိုးဖြည်ကြိုးဖြုတ်အတတ်တွေ သင်ရတယ်။ ရှုပ်ထွေးအောင် ချည်နှောင်ထားတဲ့ ကြိုးအထုံးတွေထဲက စက္ကန့်ပိုင်းလေးနဲ့ ရုန်းပြထွက် သွားတာတွေ မျက်လှည့်တွေထဲ ရှင်တွေ့ဖူးမှာပေါ့"

ဘယ်လိုကောင်မလေးပါလိမ့်။ ပဟေဠိလည်း ဖြေနိုင်လိုက်တာ သူ့နာပြုလည်း ကောက်လုပ်လိုက်တာပဲ။ အခု မျက်လှည့်လည်း ပြ တတ်သေးသတဲ့။

"မင်းက ဘာမဆို အကုန်သိနေပါလား"



www.burmeseclassic.com

www.burmeseclassic.com

သူ့ချီးကျူးမှုကို ကောင်မလေးက ဝမ်းမသာပါ။ ပျင်းရိသည့် လေသံနှင့် . . .

"ဘယ်လူမှ အရာရာကို အကုန်မသိနိုင်ပါဘူး။ လိုလည်း မလိုဘူးလို့ ထင်ပါတယ်။ ကျွန်မ မသိတာတွေလည်း အများကြီးပေါ့။ ဥပမာ တောက်တဲ့တွေ ဘာစားလဲ ကျွန်မမသိဘူး။ 'လီယိုနာဒိုဒါဗင်ချီ' ဟာ တကယ်အခြောက်ကြီး ဟုတ်မဟုတ် ကျွန်မ မသိဘူး။ ခန္ဓာကိုယ်အဖုအထစ်တွေ လှတာကို ဆုချီးမြှင့်ဖို့ မြန်မာမင်းသမီးတွေအတွက် လိုအပ်သလား ကျွန်မ မသိဘူး။ လူတွေနဲ့ကိုယ်နဲ့ အမြဲနီးပါးအဆင်ပြေဖို့ ဘာလိုသလဲ ကျွန်မမသိဘူး။ အဆိုးဆုံး . . ."

ခဏနားပြီးမှ . . .

"ကျွန်မချစ်ရတဲ့ အူတူတူကောင်လေးတစ်ယောက်တောင် ဘယ်နားမှာရှိနေလည်း ကျွန်မ မသိပါဘူး"

ထို နောက်ဆုံးပြောသောစကားတွင် သူမ၏အသံများသည် ညှိုးဖျော့ဝေးကွာနေပါသည်။

သူမပြောရတာ မောသွားဟန်တူသည်။ ငြိမ်၍သွား၏။

ခေတ်သစ်လည်း ဘာမှမပြောမိ။ တိတ်ဆိတ်။ စိတ်ထဲမှာတော့ 'ဩော် . . . သူ့မှာလည်း ချစ်ရတဲ့သူ ရှိတာပဲတဲ့လား' ဟုတွေးကာ သူ့ရင်ထဲ တစ်စုံတစ်ယောက်ကို လွမ်းညွတ်မိလာသည်။

အလွမ်းသည် လူကို ကျောရိုးမဲ့စေသလားမသိ။ သူ ခေါင်းငိုက်ကျသွားသည်။

"ဟင် . . ."

---

Foot note : (အထက်ပါ underline တားထားသော ဒိုင်ယာလော့ အတွက် 'နန်းခင်ဇေယျာ'သည် ခြွင်းချက်ဖြစ်သည်။ 'တချို့'ကိုသာ ပြောခြင်းဖြစ်သည်။)



သူ့ကျောကုန်းနောက်နားက ခိုးလိုးခုလုနှင့် ဘာဖြစ်တာပါလိမ့်။ သူစဉ်းစားသည်။ တစ်ခုခု ခုနေသည့်ပုံပင်။ လက်နှင့်စမ်းမရသဖြင့် ကျောကုန်းကိုနောက်ဆုတ်ကာ တိုင်းလုံးနှင့်ထိကပ်ပြီး ခါးနှင့်ဘောင်းဘီကြားမှာ ခုနေညပ်နေသည့်အရာကို စမ်းကြည့်သည်။

"ဟင် . . ."

သူ မျက်လုံးဝင်းကာ မင်သက်သွားသည်။ နောက် သူ ထခုန်မိမတတ် ဝမ်းသာသွားတော့သည်။

"ဝိုး . . ."

ကောင်မလေးကလည်း မေးလေးလှည့်လာပြီး . . .

"ဘာဖြစ်တာလဲရှင့် . . ."

"ဝိုးအိုး . . . ငါ . . . ငါ့ခါးကြားမှာ . . . ကတ်ကြေး"

"ရှင် . . ."

"ကားပေါ်မှာ ကလေးမွေးတုန်းက ချက်ကြိုးပြတ်ပြီး ခါးကြားမှာ ညပ်ထားမိပြီး ပြန်မထုတ်ထားမိတဲ့ ကတ်ကြေးလေ"

"အိုး . . ."

ကောင်မလေးလည်း အရမ်းပျော်သွားတော့သည်။

"ရေ . . . ခေးအိစဆွတ် နိ ခရိမရဲတအိလု . . . ခေးအိစဆွတ် နိ ခရိမရဲတအိလု"

ကောင်မလေး ပျော်ရွှင်စွာအော်လိုက်သောစကားက ခေတ်သစ်၏နားထဲ တိုးဝင်သွားသည်။

"ဟင် . . ."

ဦးနှောက်တွေ ချာလပတ်ရမ်းသွားအောင် သူ လှုပ်ရှားသွားသည်။ လုံးသွေးတွေ ပွက်ခနဲ အန်ထုတ်ပစ်လိုက်သလို။

ဒါ . . . ဒါ . . . သူ . . . သူ . . . ရင်ထဲမှာ အသံတွေ ပျံ့သာ ောင်ခတ် . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်း . . . မင်း . . . "

" . . . "

"မင်း . . . 'ပျိုး' လား"

"ရှင် . . ."

ကောင်မလေး၏ မျက်လုံးအစုံမှာ ဝိုင်းစက်သွားသည်။ ချက်ချင်းပဲ **နှုတ်**ခမ်းဖျားက သိမှုတစ်ခုနှင့် တုန်ယင်လာကာ . . .

"ရှင် . . . ရှင်က . . . ခေတ် . . . ခေတ်သစ်လား"

မျက်ရည်စက်များ . . .

ထို့နောက် မျက်ရည်စက်များ . . .။

ရေစိုခဲ့သောအတိတ်ကို နေရောင်မှာ ထောင်ကြည့်ရလျှင် . . ။



## အပိုင်း (၈)



www.burmeseclassic.com

www.burmeseclassic.com

(၁)

တုန်ယင်၍ အလောတကြီးဆန်နေသော လက်ချောင်းများသည် ကွန်ပျူတာခလုပ်များပေါ်တွင် မြှောက်လိုက်ပြန်ကျလိုက်ဖြစ်နေသည်။ ခလုတ်များဖိလိုက် ပြန်ကြွလိုက်ဖြစ်ခြင်းကြောင့် ထွက်ပေါ်လာသောအသံ တဖျောက်ဖျောက်သည် တိတ်ဆိတ်နေသော အခန်းလေးကို ခြောက်လှန့်နေလျက်။

မျက်နှာကြက်မှ မီးလုံးအိုကြီးမှာ မှိန်ဖျော့စွာ လင်းလျက်။

ဟော . . . တွေ့ပြန်ပြီ။ အမေရိကန်တစ်ယောက်။

ကျား၊ ခြသေ့်တွေအပါအဝင် မွေးထားသည့်တောရိုင်းတိရစ္ဆာန်တွေ အကုန်လွှတ်ပေးလိုက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသတဲ့။ ခပ်ဆန်းဆန်းပဲ။

ထပ်တွေ့ပြန်ပြီ။ ကမ္ဘာကျော် ဂိုးလ်ဒင်းဂိတ်တံတားကြီး။ ၁၉၃၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ထိုတံတားကြီးပေါ်မှ ခုန်ချသေသူပေါင်း ၁၃၀၀ ခန့်ရှိပြီတဲ့။ တံတားအောက်မှာက အေးစက်နေသည့် ဆန်ဖရန်စစ္စကို ပင်လယ်အော်။ တံတားပေါ်ကခုန်ချလျှင် တစ်နာရီမိုင် (၇၀)နဲ့ (၈၀)ကြား အလျှင်ရှိသတဲ့။ ခုန်ချသူများအနက် (၉၈%) သေဆုံးသတဲ့။ ပေ၂၂၀ မြင့်သည့် ဒီတံတားကြီးက ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများတွင် နာမည်အကြီးဆုံးဖြစ်နေသည်။



"ငါ အဲဒီတံတားကြီးဆီသွားရင် ကောင်းမလား"

စိတ်ကလွှတ်ပြီး ဘာကိုရေရွတ်မိမှန်းမသိ။ နှုတ်ခမ်းကို လက်နှင့် ပြန်အုပ်မိသည်။ သူအခုရောက်နေတဲ့နေရာက ဒီတံတားကြီးနှင့် ဘာမှဆိုင်သည့်နေရာပဲ။ ဒါကို သူဘာလို့ ကြောင်နေမိတာလဲ။

နောက် ကြွပ်ကြွပ်အိတ်ခေါင်းစွပ်ပြီး သတ်သေသူများ၊ ဓာတ်ငွေ့ရှု၍ သေသွားသောသူများ၊ လက်အကြောဖြတ်၍ သေသွားသူများအသဖြင့် သူ တွေ့ရသည်။

နောက်ဆုံး သူတွေ့သည့်နည်းစနစ်က 'ဟာရာကီရီ'။ ထိုင်ပုံထိုင်နည်းကအစ စနစ်တကျထိုင်ရသည်။ ခါးမတ်မတ် ထားရသည်။ ဓားကို ချက်၏ဘယ်ဘက်သို့ ထိုးသွင်းပစ်ရသည်။ ပြီးလျှင် ချက်၏ညာဘက်ဆီရောက်အောင် ဓားကိုဆွဲပစ်၍ ဓားသွားကို အပေါ်သို့ပြန်ဦးမော့ကာ 'ချွစ်'ခနဲ မ,တင်ပစ်ရသည်။ ချက်ချင်းလဲသေသွားမည့် ကိုယ့်ကိုယ်ကိုယ် သတ်သေနည်းပင်။ သို့သော် ကိုယ့်ဗိုက်ကို ကိုယ်ဓားတစ်ချောင်းနှင့် အစိမ်းလိုက် ထိုးမွှေနှောက်ပစ်ရဲ့သည့်သတ္တိ သူ့မှာမရှိ။

အနားမှာ သေနတ်တစ်လက်ရှိလျှင် ကောင်းမည်။ နားထင်ကိုချိန်ရွယ်မောင်းဖြုတ်လိုက်ရင် သုတ်ခနဲ သေသွားမည်။

"ဟူး . . ."

သူသက်ပြင်းကို မှုတ်ချလိုက်သည်။ သက်ပြင်းတွေလည်း ပြတင်းပေါက်မှခုန်ဆင်းကာ ဟိုးသောက်သောက်စားစားလူတွေနှင့် ပြည့်နေသည့် ပေါက်ဆွဲဆိုင်လေးဆီသို့ ရောက်လျှင်ရောက်သွားလိမ့်မည်။

ပြတင်းပေါက်ကမြင်ရသည့် ဂျပန်ပြည်၊ တိုကျိုမြို့ညလမ်းများသည် မီးရောင်အနီ၊ အဝါများ ပြေးလွှားနေသောယာဉ်များနှင့် ရှုပ်ထွေး



www.burmeseclassic.com

www.burmeseclassic.com

ပျားပန်းခတ်နေသည်။ မြန်မာပြည်ကော ဘယ်နားမှာလဲ။ သူ မခန့်မှန်းတတ်။ သို့သော် သူ အနောက်တောင်စူးစူးကို လက်အုပ်ချီရှိခိုးလိုက်ပါသည်။ ပူနွေးသောစီးကြောင်းက ပါးပြင်တစ်လျှောက် လိမ့်ကျလာသည်။

အိပ်ရာထောင့်မှာ မှောက်လျက် လဲကျနေသော (ခုနက သူလွှင့်ပစ်ထားသော) ဖုန်းလေးဆီကြည့်ရင်း သူ ငိုချမိတော့သည်။

ဒီစရောက်တုန်းက သူအရာရာကို ကြောက်ခဲ့သည်။ (Fare of unknown) မသိတာကို ကြောက်သောစိတ်ကော၊ သိသိလျက်နှင့် မပြောရဲ၊ မဆိုရဲ၊ မလုပ်ရဲသော စိတ်များဖြင့် သူ့မှာ ဖိအားတွေပိခဲ့သည်။ တစ်လနှစ်လဆို အသားကျသွားမှာပဲဟု ထင်ခဲ့သော်လည်း တိုင်းတစ်ပါးမှာ ... သည့်အသိက သူ့စိတ်ကိုထိုးနှက်၊ သုံးလကျော်သည်အထိ အသားမကျခဲ့ပါ။ အထီးကျန်စိတ်၊ ကြောက်စိတ်၊ တွေဝေလေလွင့်စိတ်များနှင့် သူ ရူးချင်လာသည်။

ကိုယ့်နိုင်ငံမှာကိုယ် ရတဲ့အလုပ်လေးလုပ်နေခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်။ ဘွဲ့ရပြီးသားပဲ ကိုယ့်စရိတ်ကိုယ် လောက်ခါနီးအလုပ်လောက်တော့ ရမှာပဲဟု နောင်တတွေလည်း သူ့ခေါင်းထဲ တွန်းထိုးခဲ့တာ နေ့ရော ရက်ဆက်။ တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ်ပင် ဂေါက်သွားပြီလားဟုပင် ထင်မိသည်။ အိမ်လွမ်းစိတ်များ၊ ကြောက်ရွံ့စိတ်များနှင့် လူလစ်တိုင်း ငို၊ ချောင်တွေ့တိုင်း ဝင်ငိုခဲ့ရသည့်နေ့တွေ . . . သူ အရူးတစ်ပိုင်း ဖြစ်သန်းခဲ့ရ။

ခုနက သူ့ထံ ဖုန်းဝင်လာသည်။ သူ့ဦးလေးထံမှဖြစ်သည်။ အိမ် လွမ်းနေသောသူက ဖုန်းလာသည်နှင့် အပြေးကိုင်မိသော်လည်း . . .

"မင်းတို့တစ်အိမ်လုံး ကားမှောက်ပြီးဆုံးသွားပြီ . . . ကောင်လေး . . . "

သူ ထိုအဖြစ်အပျက်ကို လက်ခံနိုင်ရန် နာရီများစွာ အချိန်ယူခဲ့ရသည်။ ဒါ တကယ့်အဖြစ်အပျက်မှန်း သိသောအခါ ဖုန်းကို လွှင့်ပစ်သည်။ မီးအိမ်ကို ရိုက်ခွဲသည်။ နံရံကို ပြေးထိုးသည်။ ခေါင်းနှင့်နံရံ တဒုန်းဒုန်းတိုက်သည်။



ဘဝမှာ မိသားစုလည်းမရှိ၊ ဘာမှမရှိမှတော့ ဘာလုပ်ဖို့နေနေဦးမှာလဲ။ ဝိညာဉ်ရိုင်းက သူ့ကို အောင်မြင်စွာ သွေးဆောင်ခဲ့ပြီ။ မနေဘူး၊ သေမယ် . . . ။ သူ ဆုံးဖြတ်သည်။ ရဲရဲဝံ့ဝံ့တော့မဟုတ် . . . ရူးရူးသွပ်သွပ်သာ။

ဘယ်လိုသေနည်းနှင့် သေရမလဲ။ သူ ရှာဖွေကြည့်သည်။ နောက်ဆုံးတော့ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် သေရင်ပြီးရောမဟုတ်လား။ ပြတင်းပေါက်နားသို့ ခုန်ချရန် သူလျှောက်သွားမိတာလည်း ဘယ်နှစ်ကြိမ်ရှိပြီမှန်းမသိ။ ပြတင်းပေါက်မှကြည့်လိုက်လျှင် အောက်ကလူတွေကို မွှားမွှားကလေးသာ မြင်ရသည်။ ခုန်ချဖို့ စိတ်ကို စုစည်းလို့မရ။ နောက်ဆုံးတော့ အလွယ်ဆုံးနှင့် လူသိနောက်ကျနိုင်သောနည်းကို သူ ရွေးချယ်ခဲ့သည်။

သူ မျက်နှာကျက်ကို မော့ကြည့်လိုက်သည်။ အခန်းထုပ်တန်းမှ တွဲလောင်းကျနေသည့် ကြိုးကွင်းတစ်ချောင်း။

ခုနက သူကိုယ်တိုင်ပြင်ဆင်ခဲ့သည့် ကြိုးစင်။

သူ ခုံပေါ်တက်လိုက်သည်။ ကြိုးကွင်းကို ခေါင်းဝင်လို့ရအောင် နည်းနည်းချဲ့လိုက်သည်။ ပြီးလျှင် ခုံကလေးကို ကန်လှဲချလိုက်ရင် ဘဝဟာ ဆုံးပြီပေါ့။

"ဖေဖေနဲ့မေမေ . . . သားလိုက်ခဲ့မယ်နော်။ ညီမလေးရေ . . ကိုကို လိုက်ခဲ့မယ်နော်"

သူ လက်အုပ်ချီပြီး နှုတ်ထွက်ပြောမိသည်။

တစ်ကိုယ်လုံး ဘဝမှာ တစ်ခါမှမဖြစ်ဖူးသည့် တုန်လှုပ်မှုမျိုးနှင့် ရှိန်းစပ်လာသည်။ နေရာအနှံ့မှ ချွေးစေးတွေထွက်လာသည်။ ကြိုးကွင်းကို လည်ပင်းမှာ စွပ်လိုက်သည်။ ခြေဖျားထောက်လိုက်သည်။ နောက် ခုံကို ကန်ထုတ်ရတော့မည်။ မျက်လုံးကို ကျစ်နေအောင် မှိတ်ထားသော်လည်း ခုံကို မကန်ရဲသေး။

မြန်မြန်လုပ်လိုက် . . . စိတ်ကို လွှတ်လိုက်တော့။ သူ ခုံကို ကန်လှဲဖို့ ခြေကိုလွှဲပြီး ပြင်လိုက်ချိန်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

" . . . တောင်တောင် . . ."

" . . . တောင်တောင် . . ."

သူ့ကွန်ပျူတာ ဖန်သားပြင်တွင် (Box)တွေ တရိပ်ရိပ်၊ ရိပ်ခနဲ ရိပ်ခနဲ . . . တက်လာတာကို သူ မြင်လိုက်ရသည်။ (Chat-Box)ကလေးများဖြစ်သည်။ ဘာတွေပါလိမ့်။

" . . . "

သူ ခြေထောက်ကို ခုံမှာပြန်ထောက်လိုက်သည်။ ဘယ်သူပို့လိုက်တဲ့စာလဲ။ သူ့မှာ အွန်လိုင်းမိတ်ဆွေမရှိ။ အရင်ကတည်းက မိတ်ဆွေသူငယ်ချင်း နည်းပါးလွန်းသောသူ့မှာ ဘာ (online friend) မှလည်း မရှိခဲ့ပါ။ သူ့ (G- talk) အကောင့်ထဲတွင် တခြားသူများ၏ အကောင့် သုံးလေးခုရှိသော်လည်း ထိုသူများကိုလည်း သူမသိပါ။ 'ဟိုင်း'တို့၊ 'ဟေး' တို့ပင် မလုပ်ဖူးပါ။

ဒါဆို ဘယ်သူလဲ။

သူ စဉ်းစားနေစဉ်မှာပင် 'တောင်'ခနဲ နောက်ထပ်(box) တစ်ခု ထပ်ပေါ်လာသည်။

" . . . "

သူ လည်ပင်းမှကြိုးကို ချွတ်ပစ်လိုက်မိသည်။ ပြီး ခုံပေါ်က ဆင်းကာ ကွန်ပျူတာရှေ့ ပြေးဝင်ထိုင်လိုက်သည်။

"ဟင် . . . "

ထိုခုံကို ထိုင်လျက်သားနှင့်ပင် သူ နောက်လန်ကျမတတ်ဖြစ်သွားသည်။

Chat- box ထဲမှစာများကို သူဖတ်ကြည့်တော့ သူ သိပ်အံ့သြသွားရတော့သည်။

'ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခါနီးလူများ ဖတ်ရန်' တဲ့။

ချက်ချင်း ဆောင်းဘီကို လှည့်ကြည့်မိသည်။ ယောင်ယမ်းပြီး အိပ်ရာအောက်ကိုပင် လှန်ကြည့်မိသေးသည်။ ပြတင်းပေါက်နားပြေးသွားကာ အောက်ကိုငုံ့ကြည့်သည်။ အပေါ်ကိုကြည့်သည်။ အဝေးကိုကြည့်သည်။ အခန်းထဲပြန်ကြည့်သည်။ အူကြောင်ကြောင်နှင့် ရေချိုးခန်းကိုပြေးဖွင့်ကြည့်သေးသည်။

ရေတွေလိုရှုပ်စိုနေသည့် မျက်နှာပေါ်ကချွေးတွေကို လက်နှစ်ဖက်နှင့် လုံးထွေးသုတ်လိုက်သည်။ ပြီးလျှင် အခန်းတံခါးကိုပြေးဖွင့်ကာ ခေါင်းထွက်ကြည့်လိုက်သည်။

ဂျပန်လူငယ်စုံတွဲတစ်တွဲ လှေကားချင်းခွာလိုက်တာကို တွေ့လိုက်ရသည်။ သူ အားနာသလို ခေါင်းအသာညွှတ်ပြပြီး စင်္ကြံလမ်းအတိုင်းကြည့် မိသည်။ မသင်္ကာစရာ ဘယ်သူမှမတွေ့။

သူ အခန်းထဲ ပြန်ဝင်ခဲ့သည်။ သူ့ကို တစ်နေရာရာမှ တစ်ယောက်ယောက် လှမ်းကြည့်နေသည်ဟု သူထင်နေသည်။ ထို့ကြောင့် သူဘာလုပ်နေသည်ကိုသိပြီး ထိုသို့ စာရိုက်ပို့လိုက်ခြင်းဖြစ်မည်ဟု သူ ထင်နေသည်။

ကွန်ပျူတာရှေ့တွင် သူပြန်ထိုင်ကာ ခုနကစာကို ဖတ်လိုက်သည်။

'ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူများ ဖတ်ရန်'

၁။ ကိုယ့်ကိုယ်ကိုယ် အသက်ရှင်စွာ နေထိုင်ရန် အရည်အချင်း မပြည့်စုံသူအဖြစ် ဝန်ခံလိုက်ပြီလား။

၂။ ဘုရားသခင်သည်လည်းကောင်း၊ သင့်မိသားစု၊ သူငယ်ချင်း၊ ချစ်သူနှင့် သင်မွေးထားသော ခွေးကလေးနှင့် ကြောင်ကလေးများသည်လည်းကောင်း၊ သင် ထို့သို့ မိုက် မဲစွာ ပြုမူသည်ကို ကြိုက်နှစ်သက်ကြမည် ထင်ပါသလား။ သင်ကိုယ်တိုင်ကော နှစ်သက်ပါသလား။ မည်သူမျှ မနှစ်သက်သောအမှုကို သင်ဘာကြောင့် ပြုမူလိုသနည်း။



www.burmeseclassic.com

www.burmeseclassic.com

၃။ သင် ထိုသို့ပြုမူဖို့ ဆုံးဖြတ်သည်ဆိုကတည်းက သင့်
တွင် သေသွားမှ ပြေလည်မည်ဟုယူဆသော အခက်
အခဲ၊ ဝမ်းနည်းစရာ၊ နာကျင်စရာများ ရှိလိမ့်မည်။ သို့
သော် သေခြင်းသည် ဖြေရှင်းခြင်း၊ ရင်ဆိုင်ခြင်းမဟုတ်
သည်ကို သင်တွေးမိပါသလား။ သင့်လိုဒုက္ခမျိုး တစ်ထ
သူများ မကြုံဖူးဘူး၊ မကြုံနိုင်ဘူးဟု ထင်မိပါသလား
ရင်ဆိုင်ပါ။

၄။ မိမိကိုယ်ကိုယ် ဘယ်နေရာမှ အသုံးမကျဟု ထင်နေ
သလား။ ထင်နေပါလျှင် ထိုအထင်သည် လုံးဝအသုံး
မကျပါ။ သင့်တွင် လက်တစ်ဖက်ရှိက သစ်ပင်တစ်ပ
စိုက်နိုင်သည်။ မျက်လုံးတစ်လုံးရှိက အလှတရား
ခံစားနိုင်မည်။ မရှိတာကိုကြည့်သလို ရှိနေတာကိုလည်း
ကြည့်ပါ။ သင်သည် အသုံးကျသူဖြစ်သည်။

၅။ စိတ်ပညာစာအုပ်များ ဖတ်ပါ။ အတွေးကို တစ်နေရာ
တည်းတွင် လည်မနေပါစေနှင့်။

၆။ သတ်သေခါနီးဆဲဆဲ ဖြစ်နေရင်တောင် အာရုံလွှဲပစ်
အဖိုးတန်ပစ္စည်းများကို ရိုက်ခွဲပစ်ပါ။ တီဗီ၊ ရေခဲသေတ္တာ
စသဖြင့် . . . ။ အာရုံပြောင်း သွားပါလိမ့်မည်။ သ
အသက်လောက် ဘယ်အရာမှ အဖိုးမတန်ပါ။

ဖတ်ပြီးသောအခါ သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ခုနက
ကိုယ့်ကိုယ်ကိုယ် စီရင်ဖို့ တွန့်ဆုတ်ဝန်လေးသွားတာတော့ အမှန်
သို့သော် ထိုစာလေးခြောက်ကြောင်းလောက်နှင့် သူ့ဆုံးဖြတ်ချက်
မပြင်ချင်။

ထိုစာတွေပို့သည့် (Account)ရှင် အမည်ကိုကြည့်လိုက်တော့
Flameဆိုသည့် စာတမ်းလေးကို တွေ့လိုက်ရသည်။



"မင်း ဘယ်သူလဲ"

ဟု စာရိုက်လိုက်သည်။ ဟိုဘက်က တစ်ခွန်းတည်းဖြေသည်။

"လူ . . . "

ပေါ့ရွှတ်ရွှတ်ဖြေမှုကြောင့် သူစိတ်ပျက်သွားသည်။ ထားတော့

"မင်း ဘယ်ကနေ ချောင်းကြည့်နေတာလဲ ငါ့ကို"

"ရှင် . . . ဘာကိုလဲ"

'ရှင် . . . ' ဟု ထူးခြင်းကြောင့် တစ်ဖက်လူမှာ မိန်းကလေး
မှန်း သေချာသွားသည်။

"မင်း ဘယ်သူလဲ၊ ငါ့(Account) ထဲ ဘယ်လိုလုပ်ရောက်နေ
တာလဲ"

"အဲဒါ ကျွန်မကတောင် မေးချင်သေးတယ်။ ကျွန်မ (Account)
ထဲ တွေ့ကရာလူ လက်ခံလေ့မရှိဘူး။ ရှင်က ဘယ်လိုလုပ် ရောက်နေ
တာလဲ"

တစ်ဖက်မိန်းကလေးကလည်း သူ့ (Account) ကို သိပုံမပေါ်။
ဒါဆို . . .

"ငါအခု သတ်သေဖို့လုပ်နေတာကို မင်း ဘယ်လိုလုပ်သိလဲ"

"ဘာရယ် . . . ဘာကို သတ်သေတာ"

"ငါ့ကိုယ်ငါ သတ်သေဖို့လုပ်နေတာကို မင်း ဘယ်ကချောင်း
ကြည့်ပြီး သိနေတာလဲ"

တစ်ဖက်လူဆီမှ စာတန်း တန်းမပေါ်လာပါ။ တခြား အလုပ်
ရှုပ်နေတာလား၊ ငြိမ်သွားတာလား မသိ။

"ကျွန်မ ကြည့်လည်းမကြည့်ဘူး၊ သိလည်းမသိဘူး"

"ဒါဆို ဟိုစာတွေက ဘာလို့လာပို့တာလဲ"

"ဘယ်စာတွေလဲ"

တစ်ဖက်ကပြန်မေးတော့ ခုနက သူဖတ်ခဲ့သည့်စာ၏ ခေါင်းစဉ်
ကို ပြန်ရိုက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခါနီးလူများဖတ်ရန် ဆိုတဲ့ စာလေ"

"ဩော် . . ."

တစ်ဖက်က ခဏငြိမ်သွားသေးသည်။ ပြီးမှ . . .

"အဲဒါ လူတိုင်းဖတ်သင့်တယ်ထင်လို့ ကျွန်မ (Account) ထဲမှာရှိတဲ့ လူတွေအကုန်ကို လိုက်ပို့နေတာပါ"

ဒီလောက် တိုက်ဆိုင်နိုင်သလား။

"ဒါနဲ့ ရှင်က ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့လုပ်နေတာ . . . ဟုတ်လား"

တစ်ဖက်က စာရိုက်လာပြန်သည်။ သူ ပြန်ဖြေချင်စိတ်မရှိ။

"ဟော့ . . . ဟုတ်လို့လားလို့"

သံသယအသံနှင့် စာထပ်ပေါ်လာတော့ သူ စိတ်ထဲက ထ,အော်ချင်သွားသည်။ အသံထွက်ထ,အော်လည်း တစ်ဖက်လူ ကြားမှာမှမဟုတ်ဘဲ။ ဒါကို နောက်စရာလို့ သူထင်နေသလား။

"ဟုတ်တယ် . . . ကျုပ်လည်ပင်းကိုတောင် ကြိုးကွင်းစွပ်ပြီးပြီ။ ခင်ဗျားစာတွေပေါ်လာလို့ ဆင်းလာကြည့်တာ"

"တကယ်လား"

"မယုံရင် မင်း VZO ဝက်ကမ်ဖွင့်လိုက်။ ငါ့ (Account) ဖော်ပြမယ်။ ပြီးရင် မင်းကို ထုတ်တန်းပေါ်က ကြိုးကွင်းကို ကင်မရာနဲ့ရိုက်ပြမယ်"

ထိုမှ တစ်ဖက်က ယုံကြည်သွားဟန်တူသည်။ ခဏငြိမ်သွားသည်။ နောက်မှ . . .

"အခုကော သေချင်သေးလား"

"ငါ . . . ငါ . . ."

ထို ငါ . . . ငါ. . . များကိုတော့ သူ့နှုတ်မှ ရေရွတ်မိခြင်းကြောင့် တစ်ဖက်လူ ဘယ်လိုမှမသိနိုင်ချေ။



"လတ်တလော အဲဒီစိတ်အညစ်က ကင်းလွတ်အောင် ကျွန်မ ပြောတဲ့အတိုင်း တစ်ဆိတ်လောက် လုပ်ကြည့်ပါလား"

'စိတ်အညစ်' ဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် စီရင်ခြင်းကိုပြောမှန်း သူနားလည်သည်။ တစ်ဆိတ်လောက်ဆိုသည့် စကားလုံးကတော့ ခွင့်တောင်းသည့်ဟန်။

သူ ဘာစာပြန်ရိုက်ရမှန်းမသိ။

"ပြောကြည့်ပါ"

ဟိုဘက်က စာနှင့် ချက်ချင်းရိုက်ပြောလာသည်။

"(၁) ရှင်နေတဲ့နေရာက ပြေးလို့ကောင်းတဲ့နေရာဆိုရင် ထပြေးလိုက်ပါ။ အမြန်ဆုံး ညစ်ပြီး ပြေးပစ်လိုက်ပါ။ ဝေးနိုင်သမျှ ဝေးဝေးကိုပေါ့။ ဒါမှမဟုတ် (၂) ရှင်နေတဲ့နေရာက ဘယ်သူ့ကိုမှ အားမနာရဘဲ အော်လို့ကောင်းမယ့်နေရာဆိုရင် ရှင်အော်ဟစ်ပစ်လိုက်ပါ။ ဝရန်တာဘက်ထွက်ပြီး ဖြစ်ဖြစ်ပေါ့။ အသံကုန်အော်နော်"

"အင်း . . ."

ဟု သူစာရိုက်ပြောလိုက်တော့ တစ်ဖက်က . . .

"(၃) အချက် ကျန်သေးတယ်။ ရှင်မပြေးချင်၊ မအော်ချင်ဘူးဆိုရင် နောက်တစ်နည်းပေါ့။ အဲဒီနည်းက ရှင့်ကိုယ်ပေါ်က အင်္ကျီအဝတ်အစား ဘာမှမချွတ်နဲ့။ ဒီအတိုင်းပဲ ရှင်ရေချိုးတဲ့ရေကန်ထဲ ခုန်ဆင်းပစ်လိုက်။ ရေပန်းနဲ့ချိုးတာဆိုလည်း ရေပန်းကို အကုန်ဖွင့်ပြီး အဲဒီအောက်မှာ ရပ်နေလိုက်။ ခေါင်းကို ရေရွှဲရွှဲစိုပါစေနော်။ ဘယ်လိုလဲ အဲဒီသုံးနည်းထဲက ရှင် တစ်နည်းနည်း လုပ်နိုင်မလား"

"သုံးနည်းစလုံး လုပ်မယ်ဗျာ"

"ဒါဆို ချက်ချင်း ထ,လုပ်တော့"

သူ ချက်ချင်း ထ,ရပ်လိုက်သည်။ ပြီးရင် တံခါးဆီပြေး၊ တံခါးဖွင့်ပြီး တဒုန်းဒုန်း ပြေးလွှားတော့သည်။ လှေကားထစ်တွေအတိုင်း အားရပါးရ ညစ်ပြေးတက်ပစ်သည်။ စပရင်ခံဆောက်ထားသည့် တိုက်အကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင် သူ့ခြေအားအောက်မှာ ယိမ်းလှုပ်နေသလို။ သူပြေးတက်ခဲ့သည်မှာ တိုက်ခေါင်မိုးပေါ်သို့ဖြစ်သည်။

ကြယ်ပြာများလင်းပျံနေသော ကောင်းကင်က သူ့ကို လူသားအသစ်တစ်ဦးလို ကြိုဆိုနေသည်။

"အား . . ."

သူ့လည်ချောင်းတွေ တဆတ်ဆတ်ခါအောင် သူအော်ပစ်လိုက်သည်။ ဟိုးဆီက နီယွန်ရောင်လမ်းမများ သူ့ဆီလှမ်းငေးကြည့်နေမလား။

"အား . . ."

ခြေပစ်လက်ပစ်ကို ဆောက်တည်ရာမဲ့စွာ အော်ပစ်လိုက်သည်။ မျက်ရည်ပူတွေ ကျလာသည်။ ဒူးခွေထောက်မိသည်။ သို့သော် အော်ဟစ်ဆဲ။

"အား . . ."

သူ့အသံကြောင့် ညဥ့်ငှက်တချို့ ထ,ပြန်သွားသည်။ လည်ချောင်းထဲ ဓားမြှောင်တစ်ချောင်းထောက်နေသလို နာလာသည်။ သူ့အော်သံ အက်ကွဲတိုးညင်းလာသည်။ ထိုအခါမှ သူပြန်ဆင်းခဲ့သည်။ တဝုန်းဝုန်း ပြေးဆင်းခြင်းပင်ဖြစ်သည်။

အခန်းပြန်ရောက်တော့ ရေချိုးခန်းထဲဝင်၊ ရေပန်းကိုဖွင့်ကာ တစ်ကိုယ်လုံး ရေအောက်ထဲဝင်နေလိုက်သည်။ ဆံပင်တွေကို အပြန်ပြန်အလှန်လှန်သပ်ဖွပြီး ရွှဲရွှဲစိုစေလိုက်သည်။ ငါးမိနစ်လောက် ရေထဲနေပြီးမှ သူပြန်ထွက်ခဲ့သည်။

ရေစိုနေသည့်ခေါင်းကို ပြောင်အောင်မသုတ်နိုင်။ အိပ်ရာထဲဝဲအလိုလို ဝင်ခွေသွားမိတော့သည်။

⁂ ⁂ ⁂



(၂)

"တောင် . . . တောင် . . ."

"တောင် . . . တောင် . . ."

(Chat-Box)ကလေးများ ခုန်ဆွ၍ တက်လာပြန်ပြီ။

ထိုအချိန် သူလည်း အိပ်ရာမှ လူးလူးလိမ့်လိမ့် နိုးလာသည်။ သူ့တစ်ကိုယ်လုံး လေးလံကိုက်ခဲနေသည်။ လက်သီးဆုပ်ကြည့်တော့ အားမပြည့်သလို ခံစားရသည်။ နံဘေးကစောင်ကို ဆွဲခြုံကာ ကွန်ပျူတာရှေ့ ထိုင်လိုက်သည်။

ကွန်ပျူတာထဲတွင် ခုနကမှရိုက်ပို့ထားသော (Flame)ဆိုသော ...းကလေး၏ (Chat- box) များ ပေါ်နေသည်။

"ဟိုင်း . . ."

"ဟေ့လူ . . . ရှင်ရှိသေးလား"

"ရှိသေးရင် စာပြန်ရိုက်ဦး"

Chat- boxထဲတွင် ထိုစာတန်းများကို တွေ့ရသည်။

သူ ကီးဘုတ်ပေါ်လက်ထောက်ဖို့ပြင်တော့ သူ့လက်တွေတုန်...င်နေကြောင်း သူကိုယ့်သူ ပြန်သတိထားမိသည်။ သူ ဖျားနေပါပြီ။

"ကျွန်တော် ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ သူရိုက်လိုက်တော့ . . .

"ဩော် . . . တော်သေးပါရဲ့"

တဲ့။ ပြီးတော့ ဆက်၍စာရိုက်ကာ ပြောသည်က . . .

"ရှင် . . . ဘာလုပ်နေတာလဲ။ ကျွန်မ တစ်ညလုံး ရှင့်ဆီ စာရိုက်နေတာ။ ရှင်ဘာလို့ ပြန်မပြောတာလဲ"

"ကျွန်တော် အိပ်ပျော်သွားလို့ပါ"

"ဩော် . . . တော်သေးတာပေါ့။ ကျွန်မက ရှင်သေသွားပြီ မှတ်နေတာ"

သူ့အတွက် စိုးရိမ်ဖော်တစ်ယောက်တော့ ကောက်ရချေပြီ။

"ရှင် ကျွန်မပြောတဲ့ နည်းသုံးနည်းကို လုပ်လား"

"အင်း . . . ပထမပြေးတယ်၊ နောက် အော်တယ်၊ နောက်ဆုံး တစ်ကိုယ်လုံး ရေထဲမှာ ထိုင်နေပစ်လိုက်တယ်။ ပြီးတော့ အိပ်ပစ်တယ်"

"ဟာ . . . ဒါဆို ရှင်ဖျားနေမှာပေါ့"

ကောင်မလေးက ကြိုမြင်တတ်လေသည်။ သူ ခေါင်းညိတ်ပြဖို့ လုပ်မိသော်လည်း ကောင်မလေး မမြင်နိုင်မှန်း ပြန်သတိရမိသည်။

"ဟုတ်တယ် . . . ကျွန်တော် ဖျားနေပြီ"

"ဆေးတွေရှိလား"

"ရှိတယ်၊ ဗမာပြည်ကယူလာတဲ့ ဆေးတွေ"

ဟိုဘက်က တစ်ချက် ငြိမ်သွားပြန်သည်။ ပြီးမှ . . .

"ရှင်က အခု ဘယ်နိုင်ငံမှာလဲ"

"ဂျပန်–တိုကျို"

သူ တုံးတိတိဖြေလိုက်တော့ ဟိုဘက်က . . .

"ဩော် . . . " တဲ့ . . . ။

"ဘာပဲဖြစ်ဖြစ် ရှင်မသေတာကို ဝမ်းသာပါတယ်"

"ဒီနေ့မသေလည်း နောက်နေ့ကျရင် ကျွန်တော် သေချင်စိတ် ပေါ်လာရင် သေမိမှာပဲ"



ထိုစကားကို သူတကယ် ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို ကောင်မလေးလည်း သိပါသည်။

နှစ်ယောက်သား ပြောစရာစကားမရှိတော့သလို ငြိမ်သွားကြသည်။ ကောင်မလေးက ဘာလို့ငြိမ်သွားမှန်း မသိသော်လည်း သူက ရေချိုးခန်းထဲက ရေကျသံတွေကို နားထောင်နေမိသည်။ သူ ရေပန်းကို ညက ပြန်မပိတ်ခဲ့မိကြောင်း ပြန်သတိရမိသည်။

"ရှင် . . . ကျွန်မစကား နားထောင်နိုင်မလား"

ကောင်မလေးထံမှ စာတစ်ကြောင်း ပေါ်လာသည်။ သူဖတ်ပြီး နားမလည်မိ။ သူနားမလည်မှန်းသိသော ကောင်မလေးထံမှ နောက်ထပ် စာတစ်ကြောင်း ရောက်လာသည်။

"ရှင် မသေရအောင် ကျွန်မ လုပ်ပေးနိုင်တယ်။ ကျွန်မစကားကို နားထောင်ရင်ပေါ့"

သူ စိတ်ပျက်ပျက် ရယ်မိတော့သည်။ ကိုယ့်ဘာသာကိုယ် သေချင်လို့ သတ်သေမယ့်ကိစ္စကို သူက ဘာလုပ်နိုင်မှာမို့လို့လဲ။

"ရှင် ကျွန်မစကားကို ရယ်ချင်နေတာမို့လား"

ကောင်မလေးဦးနှောက်ထဲမှာ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေ ရှိနေလားမသိ။ သူ ဘာဖြစ်နေသည်ကို တွက်ချက်နိုင်နေသည်။

"ကိုယ့်ဘာသာကိုယ် သေချင်နေတဲ့လူတစ်ယောက်ကို ကျွန်မလို ဘာမှမဆိုင်တဲ့ သူစိမ်းတစ်ယောက်က ကယ်နိုင်တယ်ဆိုတော့ ရှင့်အတွက် ဟာသဖြစ်နေပြီပေါ့"

"အင်း . . . မင်းသိနေတာပဲ"

"ဒါပေမဲ့ ရှင် မသိသေးဘူး။ ကျွန်မ ညကပဲ ရှင့်အသက်ကို ဒီနေ့အထိ ဆွဲဆန့်နိုင်ခဲ့တယ်လေ"

"ဟင် . . . "

ကောင်မလေး၏စကားက မှန်နေသည်မဟုတ်လား။ သူ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com

မနက်အထိ အသက်ရှင်နေခဲ့တာ ကောင်မလေးကြောင့်မဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ။ သူကိုယ်တိုင်လည်း မငြင်းနိုင်ပါချေ။

"ဟုတ်ပါတယ်။ ညကတော့ ခင်ဗျားကြောင့် ကျွန်တော် မသေဖြစ်ခဲ့ပါဘူး။ အဲဒီအတွက်လည်း ခင်ဗျားကို ကျေးဇူးမတင်မိဘူး။ ရိုင်းတယ်လို့တော့ မထင်ပါနဲ့။ ကျွန်တော် ခင်ဗျားကို နှောင့်ယှက်သူလို့ပဲ မြင်မိတယ်"

" . . ."

ကောင်မလေးထံမှ လျှာထုတ်ပြုံးပြနေသော အရုပ်ကလေး သူ့ထံရောက်လာသည်။ ပြီးမှ စာရိုက်ပြောလာသည်။

"ရပါတယ်၊ ကျွန်မကလည်း ကျေးဇူးရှင်တို့ ဘာတို့ မဖြစ်ချင်ပါဘူး။ နှောင့်ယှက်သူပဲ ဖြစ်ချင်ပါတယ်။ ရှင့်ကိုယ်ကိုယ်ကိုယ် သတ်မသေအောင် ဆက်နှောင့်ယှက်ဖို့လည်း ကျွန်မ ဆုံးဖြတ်လိုက်ပြီ။ ရှင်သာ ကျွန်မစကားကို ဆယ်ရက်လောက် နားထောင်ကြည့်၊ သတ်သေချင်စိတ် ပျောက်သွားမယ်"

ကိုယ့်ကိုယ်ကိုယ် ဒီလောက် ယုံကြည်မှုပြင်းထန်သော မိန်းကလေးမျိုး သူ ဒီတစ်ခါပဲ တွေ့ဖူးသေးသည်။ သူ့စိတ်ထဲ ဘာမှမတွေးမိဘဲ နေလို့ပျော်သလိုလိုမျိုးတော့ ဖြစ်လာသည်။ သူ ဘာစာမှပြန်မရိုက်တော့။ ကောင်မလေးထံမှ စာထပ်ရောက်လာသည်။

"ဘယ်လိုလဲ ကျွန်မစကားကို (၁၀)ရက်လောက် နားထောင်ကြည့်မလား။ ပြီးမှ အဆင်မပြေရင် ရှင်သေရင် သေကြည့်ပေါ့"

"အင်း . . ."

စိတ်မပါသော်လည်း နှုတ်က အလိုလို 'အင်း' မိသွားသည်။ ထို 'အင်း . . . ဟူ' သည့် အသံကိုတော့ ကောင်မလေး မကြားသိနိုင်ချေ။ သို့သော် ကောင်မလေးက ပျော်သွားသည်ထင်သည်။

ပြုံးနေသည့်အရုပ်လေး သူ့ထံ ပို့လိုက်သည်။

"ရှင့်ရေခဲသေတ္တာထဲမှာ ဘာတွေရှိလဲ"



"ကြက်ဥ၊ မုန်လာဥနီ၊ ပြောင်းဖူး၊ ရေခဲမုန့်နဲ့ ခေါက်ဆွဲ အင်း... ခေါက်ဆွဲကတော့ စားလို့ အဆင်မပြေလောက်တော့ဘူး"

"အင်း . . . အခု၊ ရှင် ကျွန်မစကားကို နားထောင်တဲ့အနေနဲ့ ပြောင်းဖူးတွေကို ချွေလိုက်၊ မုန်လာဥနီသုံးတောင့်လောက်ကို အပိုင်းခပ်ပါးပါးလေးတွေ လှီးလိုက်။ ပြီးရင် ရေနဲ့ရောပြီး ဂတ်စ်အိုးပေါ်တင်လိုက်၊ ပြုတ်ထားလိုက်၊ ကျန်တာ ခဏနေမှ ထပ်ပြောမယ်"

တစ်ဖက်မှ ပြောပြောဆိုဆိုပဲ of line ဖြစ်သွားသည်။ (Account) အမည်၏အစွန်းမှ အစိမ်းလုံးလေးမှာ အနက်ရောင်အဖြစ် ပြောင်းသွားသည်။

သူ ထိုင်နေရာမှထကာ လုပ်စရာရှိတာ လုပ်ဖို့ပြင်သည်။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ရင်ကောကျောကော နာနေသည်။ စိတ်မပါသော်လည်း ကောင်မလေးပြောသည့်အတိုင်း သွားလုပ်နေမိသည်။ ဆုပ်ရင်းကိုင်ရင်း ချွေးတွေဘာတွေထွက်ကာ အဖျားလျော့သွားဟန်တူသည်။ နေသာထိုင်သာရှိလာသည်။

တစ်အောင့်လောက်ကြာတော့ ရိပ်ခနဲ ကွန်ပျူတာထံမှ (Chat-Box) လေး တက်လာတာကို သူတွေ့လိုက်ရသည်။

(Flame) ဆိုသည့်ကောင်မလေး On-line ပေါ် ပြန်တက်လာပြီး သူ့ ကွန်ပျူတာရဲ့ ပြေးထိုင်စဉ်မှာပဲ စာတစ်ကြောင်း ရိုက်ပို့လိုက်သည်။

"ဆားနဲ့ အသားမှုန့်နည်းနည်းထည့်ပြီး သွားမွှေလိုက်။ ပြီးရင် ကြက်ဥနှစ်လုံးလောက် ဖောက်ထည့်လိုက်"

"အင်း . . ."

ပြောသည့်အတိုင်း သူသွားလုပ်လိုက်ရသေးသည်။ နောက်ထပ် မိနစ်ကြာမှ ကောင်မလေးက ထပ်ပြောသည်။

"ရလောက်ပြီ။ ကြွေပန်းကန်လုံးထဲခပ်ထည့်ပြီး ပူပူလေးသောက်လိုက်"

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

သူ ကောင်မလေးပြောသည့်အတိုင်း ကျိုချက်ထားသည့် ဟင်းချို ဟင်းကို ကွန်ပျူတာရှေ့မှာပဲ လာထိုင်သောက်လိုက်သည်။

"ရှင် . . . အစားဟုတ်တိပတ်တိမစားတာ ကြာပြီမို့လား"

ကောင်မလေးက သူ့အကြောင်းကို လှမ်းလှမ်းတွက်ချက်နိုင်နေ သည်။

"အင်း . . ."

"အင်း . . . ဝအောင်စား။ ကောင်းတယ်မို့လား"

တကယ်ကောင်းပါသည်။ ကြက်ဥ၊ မုန်လာဥနီ၊ ပြောင်းဖူးတို့ ရောစပ်ထားသော ဟင်းချိုက သူ့ကိုမြိန်စေပါသည်။ တစ်ပန်းကန်လုံး မော့သောက်ပြီးသောအခါ သူ အင်အားပြည့်သွားသလို ခံစားရသည်။ လက်သီးဆုပ်ကြည့်တော့ အားပြည့်ပြည့်ဖြစ်နေပြီ။ သူ ကောင်မလေး ကို ကျေးဇူးတင်နေမိသည်။

"ကဲ . . . ဒုတိယအနေနဲ့ ကျွန်မစကားကို ဘာနားထောင်ရမလဲ ဆိုတော့ . . ."

"နေပါဦးဗျာ . . . ကျွန်တော်တို့ အရင်မိတ်ဆက်ရအောင်။ စကား ပြောလို့ ပိုအဆင်ပြေအောင်ပေါ့"

"OK . . . OK. OK . . ."

ကောင်မလေးက ထိုသို့ စာရိုက်ပြန်ပြောလေသည်။ ပထမ OK နှင့် နောက်ထပ် OK နှစ်လုံးမှာ တော်တော်ခြားနားနေကြောင်း သူ သတိ ထားမိသည်။

"ရှင့်နာမည်က ခေတ်သစ်နော်"

သူ့အကောင့်မှာလည်း သူ၏အမည်ရင်းဖြစ်သော ခေတ်သစ် ပင်ဖြစ်သည်။ ထို့ကြောင့် ကောင်မလေးက သူ့အမည်ကို သူပြောပြ စရာမလိုဘဲ သိနေခြင်းဖြစ်သည်။



ထို့နောက် သူတို့အသက်အရွယ်တွေကို မေးကြည့်ကြသည်။ ခေတ်သစ်က ကောင်မလေးထက် (၂)လခန့်ကြီးသည်။ အလုပ်အကိုင် တွေကိုမေးကြည့်တော့ ခေတ်သစ်က ကျောင်းသား၊ ခေါက်ဆွဲဆိုင်တစ်ခု မှာ အလုပ်လုပ်နေကြောင်း ပြောပြလိုက်သည်။

"ကျွန်မကလည်း ကျောင်းသူပဲ။ ခရစ်ယာန်ကျောင်းတစ်ခုမှာ ကလေးတွေကို အချိန်ပိုင်း ဂီတသင်ပေးတယ်။ စူပါမားကတ်တစ်ခုမှာ လည်း အချိန်ပိုင်း အရောင်းစာရေးမလုပ်တယ်။ စနေ၊ တနင်္ဂနွေတွေဆို အားကစားကွင်းမှာ သန့်ရှင်းရေးလုပ်တယ်။ နောက်ထပ် ပိုက်ဆံမရတဲ့ အလုပ်သုံးခုလောက်နဲ့ ပိုက်ဆံ ရံဖန်ရံခါရတဲ့ အလုပ်နှစ်ခုလောက်ရှိသေး တယ်"

"ဩော် . . ."

သူ အထင်ကြီးမိသည်။ ကောင်မလေးက တော်တော်အလုပ် လုပ်တာပဲ။ သူ့ကိုယ်သူလည်း သောက်သုံးမကျမှန်း ပြန်သုံးသပ်မိသည်။ ရှက်မိသည်။

"ကဲ . . . မိတ်ဆက်တာတွေ တော်လောက်ပြီ။ ကျွန်မရဲ့ ဒုတိယ စကားကို နားထောင်ဖို့ပြင်တော့"

"ဘာများလဲ"

"စာဖတ်ခိုင်းမလို့ပါ"

"အော် . . . ကျွန်တော်က စာဖတ်ပျင်းတယ်ဗျ"

"သိပါတယ်"

သိလိုက်ပြန်ပြီလား။ ကောင်မလေး ဘယ်လိုပြန်ပြောမလဲ သူ စောင့်နေလိုက်သည်။

"စာဖတ်ပျင်းတာ မဟုတ်ပါဘူး။ ဖတ်ကို မဖတ်တာမို့လား"

"အင်း . . ."

သူ ဝန်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် ရှင်ပျော့ညံ့နေတာပေါ့။ ကဲ . . . ကဲ . . . ဒါတွေထားပါ။ ကျွန်မ ကျောင်းသွားရတော့မယ်။ ရှင်ဖတ်ရမယ့် စာအုပ်တွေ ပြောပြမယ်၊ လိုက်မှတ်ထား"

ကောင်မလေးပြောသည့် စာအုပ်အမည်တွေ သူလိုက်မှတ်ရသည်။ ပြီးလျှင် ဘယ်စာအုပ်ကို ဘယ် website မှာရှာဟု ပြောတာတွေကိုလည်း သူ လိုက်မှတ်ရသည်။

"ကဲ . . . ညမှပြန်တွေ့မယ်။ ရှင် ကျွန်မဖတ်ခိုင်းတဲ့ စာအုပ်တွေ ဖတ်ဖြစ်အောင်ဖတ်နော်"

"အင်း . . ."

"ကဲ . . . ဘိုင့် . . . "

"ခဏ . . . မင်းနာမည်အရင်းကို ပြောဦးလေ"

ကောင်မလေးနာမည် အရင်းမပြောရသေးတာကို သူ မှတ်မှတ်ရရ မေးနိုင်လိုက်သည်။

ကောင်မလေးက လျှာထုတ်ပြောင်ပြနေသည့် အရုပ်လေးကို လှမ်းပို့လိုက်ပြန်သည်။ ပြီးမှ . . .

"ကျွန်မနာမည် ရှင်ပျိုးခင်း"



(၃)

The early bird catches the worm.

(စောစောထတဲ့ငှက်ဟာ တီကောင်ကို ဖမ်းမိတယ်)

သူက ငှက်မဟုတ်။ ထို့ကြောင့် တီကောင်မလို။

သို့သော် ဒီရက်ပိုင်း သူ မနက်စောစောထပြေးရသည်။ ပြီးလျှင် ရေချိုးကာ ဘုရားရှိခိုးရသည်။ ကျောင်းလည်း သွားရသည်။ ကျောင်းမှာလည်း အားသည့်အချိန် အပြင်စာတွေဖတ်ရသည်။ အခန်းပြန်ရောက်လျှင် အားကစားလုပ်ရသည်။

ပြီးလျှင် ညနေစာစားကာ လူစည်စည်နေရာများသို့သွားကာ လူအများ၏ ပြောစကားများကို နားထောင်ရသည်။ အခန်းပြန်ရောက်လျှင် စာဖတ်ရသည်။ ကျောင်းစာရှိလည်း ကျက်ရသည်။ ညအိပ်ခါနီး ကိုယ့်အကြောင်းကို ကျကျနနတွေးရသည်။ ပြီးလျှင် ဒိုင်ယာရီရေးရသည်။

ဒါတွေအားလုံး Flame(ခေါ်) ရှင်ပျိုးခင်းဆိုသော ကောင်မလေး၏ ညွှန်ကြားချက်အတိုင်း သူလုပ်နေရခြင်းဖြစ်သည်။

သူ စိတ်အခြေအနေ ပြန်ကောင်းလာပြီဟု သိပ်စိတ်မချသေးသည့်တိုင် အချိန်ကိုတော့ ကျစ်ကျစ်လစ်လစ် အကျိုးရှိအောင် သုံးနိုင်ရမှန်း သူနားလည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ည(၁၁)နာရီတိုင်း ကောင်မလေးနှင့်သူ On-line မှာဆုံသည်။

"ဘယ်လိုလဲ၊ ကျွန်မပြောသလို ဖုန်းထဲကနေ အမျှဝေခဲ့လား"

ဒီနေ့ သူ့မိသားစု ကားမှောက်ဆုံးတာ ရက်လည်နေ့ဖြစ်သည်။ သူ့ဦးလေးစီစဉ်ပေးသော အသုဘတရားကို သူ ဖုန်းနှင့် အချိန်ကိုက် နားထောင်ကာ အမျှဝေနိုင်ခဲ့သည်။

အဖေနှင့်အမေကို သူမြင်ယောင်ကာ သူ မျက်ရည်ကျမိသည်။ ညီမလေးမျက်နှာကို တွေးမိကာ သူ့ရင်တွေ နာကျင်လာသည်။ ပါးပြင်တွေ စေးကပ်တင်းကြပ်သွားအောင် သူငိုချင်သည်။

"ရှင် ငိုနေတာလား"

တစ်ဖက်က သူငိုနေကြောင်း သိနေပြန်သည်။

"အင်း . . ."

"ငိုပါ၊ ဝအောင်ငို"

သူ ငိုပါသည်။ ဝအောင်တော့ မငိုတတ်။ ငိုလို့ မျက်ရည်ကုန်သည့်အခါ တိတ်လိုက်၊ ပြီးလျှင် အတိတ်ကိုပြန်တွေးမိပြီး ပြန်ငိုလိုက်နှင့် သူ့မျက်လုံးတွေပင် ကျိန်းစက်လာခဲ့သည်။

"ကျွန်တော် ငိုလို့ဝပြီ"

"အင်း . . . သေကော သေချင်သေးလား"

"ကျွန် . . . ကျွန်တော် မသိဘူး"

"အိုခေ . . . အိုခေ အိုခေ"

ကောင်မလေး၏ အိုခေပြောပုံလေးကို သူ့စိတ်ထဲ စွဲနေသည်။ ကောင်မလေးကလည်း အိုခေဆိုသည့် စကားလုံးအကြောင်းကို ပြောပြသေးသည်။

"အိုခေဆိုတဲ့စကားလုံးက ရှင်နဲ့ တကယ်လိုက်တယ်"

"ဘာလို့လဲ"

"OK. ဆိုတာ တကယ်တော့ ' zero - killed ' လို့ ပြောတာရှင့်။ ဟိုးရှေးတုန်းက စစ်ပွဲတွေမှာ တပ်ဖွဲ့တွေမပျက်မဆီးဘဲ ကိုယ့်မြို့ကိုယ့်ရွာ



ပြန်လာနိုင်ရင် zero - killed ဆိုတဲ့ စာတမ်းကြီးတွေရေးပြီး ပြန်ပြန်လာကြတယ်။ သဘောက အသေအပျောက်မရှိဘူးဆိုတဲ့ သဘောပါ"

ကောင်မလေး၏ နေရာတကာ လိုက်သိနိုင်မှုကို သူ ကြိတ်ချီးကျူးမိသည်။

"ရှင့်မှာလည်း သေချင်စိတ် သိပ်မရှိတော့ဘူးဆိုတော့ zero - killed OK. ပေါ့ရှင်"

သူ ဂျပန်နိုင်ငံရောက်ပြီး ပထမဆုံးအကြိမ်အဖြစ် ပြုံးမိတော့သည်။

"ဒါနဲ့ နေပါဦး ရှင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့လုပ်တဲ့ညက တနင်္လာနေ့ညနော်"

ခေတ်သစ် ရက်ပြန်တွက်ကြည့်ရင်း . . .

"အင်း . . . ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ တနင်္လာနေ့ဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှင့် နှလုံးရောဂါ အဖြစ်အများဆုံးနေ့လို့ စာထဲမှာ ဖတ်ရလို့ပါ။ အင်း . . . ဒီလိုတော့လည်း မှန်သားပဲနော်"

ကောင်မလေးက သူ့ဘာသာသူ ဆက်စပ်ကြည့်ပြီး ကျေနပ်နေပုံပေါ်သည်။ သူကတော့ အခုချိန် သူတို့အိမ်က ဈာပနကျင်းပနေပုံကို မြင်ယောင်ကြည့်နေမိသည်။ နောက်မှ ကောင်မလေးရိုက်ထားသည့်စာကို မြင်ကာ သူလည်း စာပြန်ရိုက်လိုက်သည်။

"ဘာလို့ တနင်္လာနေ့က ကိုယ့်ကိုယ်ကိုယ် သတ်သေတာတွေ၊ နှလုံးရောဂါ ဖောက်ပြန်တာတွေ များရတာလဲ"

"ကျွန်မလည်း ဘယ်သိပါ့မလဲ။ အင်း . . . လူတစ်ယောက်ပြောထားတာတော့ သဘောကျစရာကောင်းပါတယ်။ ရုံးဖွင့်ရက်မို့လို့နေမှာပေါ့တဲ့"

သူ လိုက်မရယ်မိပါ။ တချို့ တနင်္လာကျောင်းဖွင့်ရက်တွေမှာ သူလည်း သေချင်စိတ် ပေါ်ဖူးခဲ့သည်ပဲ။ ဂျပန်မှာ ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . အခု ရှင့်ကို ကျွန်မ နောက်ထပ်လုပ်စရာတွေ ညွှန်ကြားမယ်"

သူ နားထောင်နေလိုက်သည်။ ကောင်မလေး ဘာစာရိုက်ပြီး ပြောမလဲဟု မျက်စိနှင့်ကြည့်ပြီး နားထောင်နေလိုက်သည်။

"ရှင် လမ်းမှာ သူတောင်းစားတွေ့တိုင်း ငွေထည့်ရမယ်"

"ကျွန်တော် ဒီရောက်ကတည်းက တစ်ခါမှ သူတောင်းစား မတွေ့သေးဘူး"

"တွေ့မှာပါ။ နိုင်ငံတိုင်းမှာ သူတောင်းစားရှိပါတယ်။ ပြီးတော့ နံနက်ခင်းထပြေးတဲ့အခါ တွေ့တဲ့လူတိုင်းကို ပြုံးပြရမယ်"

"ခင်ဗျားဟာက အခြောက်တိုက်ကြီး"

"ဘာမှမဖြစ်ဘူး၊ ပြုံးပြပါ။ အားလုံးကို အချိုဆုံး ပြုံးပြရမယ်"

"စိတ်ထဲကမပါဘဲ ပြုံးပြနေတော့ ဘယ်လုပ်မလဲ။ ဟန်ဆောင်ရာကျမှာပေါ့"

သူ ပြန်စာဒက တက်လိုက်သည်။ ကောင်မလေးဘက်က လည်း အချေအတင်ပင်။

"ဟန်ဆောင်လည်း ပြုံးဟန်ဆောင်တာ ကောင်းတဲ့အလုပ်ပါ။ အပြုံးဟာ ရှင့်ရဲ့ဘဝမှာ ဘယ်လောက် အထောက်အကူပြုတယ်ဆိုတာ ရှင် တစ်နေ့သိလာမှာပါ။ ကဲ . . . နောက်တစ်ခုအနေနဲ့ ရှင် ဘာဝါသနာ ပါလဲ"

"ဘာမှ ဝါသနာမပါဘူး"

"ထင်ပါတယ်။ ဒါကြောင့် ပျော့ညံ့နေတာ။ ပျော့ညံ့တဲ့သူကို မာပြီး တော်လာအောင် နောက်တစ်ခုအနေနဲ့ ကျွန်မပြောချင်တာက အချို များများ စားပေးပါ"

"ကျန်းမာရေးအတွက် ဘယ်ကောင်းမှာလဲ"

"စိတ်ကျန်းမာရေးအတွက်တော့ ကောင်းတယ်။ အအေးစာတို့ အချိုစာတို့ စားပေးရမယ်။ ကဲ . . . အရေးကြီးဆုံးနဲ့ နောက်ဆုံးတစ်ခု ပြောချင်တယ်"

သူ့မျက်လုံး ကွန်ပျူတာဆီငေးလျက်သား စောင့်နေလိုက်သည်။

"ရှင် ခေါက်ဆွဲဆိုင်က အလုပ်ပြုတ်ပြီမို့လား"

"အင်း . . . ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

"ရှင် ဟိုရက်တွေက မသေအောင် အနိုင်နိုင် ကိုယ့်စိတ်ကို ထိန်းနေရတာ ဘယ်လိုလုပ် သူများအလုပ် သွားလုပ်ပေးနိုင်မှာလဲ။ ရှင်အလုပ် မလာရင် ဂျပန်ကြီးက တစ်ရက်နှစ်ရက်ပဲ စောင့်လိမ့်မယ်။ သုံးရက် လောက်ရှိရင် ရှင့်ကို အော်တိုအလုပ်ဖြုတ်လိုက်မှာပဲ"

ကောင်မလေးပြောပေါက်က ဂျပန်နိုင်ငံအကြောင်း နောကြေနေ ပုံမျိုးဖြစ်သည်ဟု သူခံစားနေရသည်။

"အခု ရှင် ဂျော့ဘလက်စ်ဖြစ်နေပြီမို့လား"

ဟုတ်ပါသည်။ ယခု သူ အလုပ်လက်မဲ့ပါ။

"ဂျပန်ရောက် မြန်မာတစ်ယောက်အနေနဲ့ ကျောင်းတက်ပြီး အလုပ်ပါတွဲမလုပ်တာဟာ မိုက်မဲတာပဲလို့ ကျွန်မယူဆတယ်။ ဂျပန်တွေ နဲ့ပေါင်းပြီး အလုပ်လုပ်ကြည့်ပါ။ သူတို့ရဲ့ အလုပ်ပေါ်အာရုံထား၊ မာန် ထားတဲ့စိတ်တွေကို ရှင်ရွေးယူပါ။ မနက်ဖြန်ကစပြီး အလုပ်ရှာ၊ နောက် သုံးရက်ကြာရင် ရှင်အလုပ်ရတာ ကြားချင်တယ်"

ထိုအချိန် ဖုန်းလာ၍ သူထကိုင်လိုက်ရသေးသည်။ မြန်မာပြည် မှ သူ့ဦးလေး ဆက်ခြင်းဖြစ်သည်။ အသုဘကိစ္စ အဆင်ပြေပြေပြီးကြောင်း နှင့်ပြီး အိမ်ရောင်းဖို့ကိစ္စလာပြောနေသည်နှင့် သူ ဖုန်းပိတ်ချလိုက်ပါ သည်။ သိပ်ချစ်ဖို့ကောင်းတဲ့ အမျိုးတွေပါလား။

"ဒီနေ့အတွက် ညွှန်ကြားချက်တွေကို ပြန်ချုပ်ပြရရင် (၁) သူ တောင်းစားတွေကို ငွေထည့်ပါ။ ပြုံးပြပါ။ အလုပ်ရှာပါ"

"ကောင်းပြီ၊ ကျွန်တော် ခင်ဗျားစကား နားထောင်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . လိမ္မာတယ်။ ကျွန်မစကားသာ များများနားထောင်ရင် အသုံးကျတဲ့လူတစ်ယောက် ဖြစ်လာလိမ့်မယ်။ အင်း . . . ကျွန်မ နောက်တစ်ခု ပြောစရာရှိသေးတယ်"

"ပြောပါ"

"ကျွန်မတို့ နင်နဲ့ငါနဲ့ ပြောရအောင်။ ရှင်ကလည်း ကျွန်မထက် အသက်(၂)လပဲ ပိုကြီးတာဆိုတော့ ရွယ်တူအဖြစ်ပဲ သဘောထားလိုက် ရအောင်နော်"

သူလည်း ဒီလိုပဲဖြစ်ချင်နေပါသည်။ ပါးပြင်မှာ ပြုံးနေသည့် သူ့အပြုံးကို ကောင်မလေး မြင်စေချင်သည်။

"ကျွန်တော်လည်း ရှင်ပျိုးခင်းနဲ့ သူငယ်ချင်းဖြစ်ချင်နေတာပဲ ရှင်ပျိုးခင်းက ကျွန်တော့်ဆရာဆိုတော့ မရိုမသေဖြစ်မှာဆိုးလို့ ကျွန် တော်က စမပြောဖြစ်တာ"

"ဘာ . . . ကျွန်မက ရှင့်ဆရာ ဟုတ်လား"

"အဲ . . . ဟို . . . ကျေးဇူးရှင်လို့ ပြောတာပါ"

ပြန်ပြင်ပြောမှ ပိုဆိုးသွားသည့်ပုံ။ တစ်ဖက်က ရှင်ပျိုးခင်း ဟက် ဟက်ပက်ပက် ရယ်ပြလိုက်သည်။ ရယ်သံကို သူ မကြားနိုင်မှန်းသိ၍ ha . . . ha ha ဟု စာရိုက်ပြီး ရယ်ပြလိုက်သည်။

"ကျွန်မက ကျေးဇူးရှင် မဖြစ်ချင်ဘူးနော်။ နှောင့်ယှက်တဲ့သူ ဖြစ်ချင်တာ"

ရှင်ပျိုးခင်း၏ မှတ်သားဉာဏ်နှင့် စကားပြောစွမ်းရည်ကို သူ မနိုင်ပါ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ သူငယ်ချင်းဖြစ်သွားပြီနော်"

"သူငယ်ချင်း . . . ။ အင်း . . . ကောင်းတယ်။ သူငယ်ချင်း ဆိုတာ မိတ်ဆွေဆိုတဲ့စကားလုံးထက် နုပျိုလတ်ဆတ်ပြီး ရင်းနှီးမှုအား ကောင်းတယ်"

ကောင်မလေးက စကားလုံးကို သရုပ်ခွဲကြည့်သေးသည်။



"ကဲ . . . ဒါဆို ခေတ်သစ် ငါတကျက်တော့မှာမို့ line- out လိုက်တော့မယ်"

"ခင်ဗျား မအိပ်သေးဘူးလား။ တစ်နာရီခွဲနေပြီ"

"ဘာ . . . ခင်ဗျားလဲ။ အဲဒီတောသံကြီးနဲ့ လာမခေါ်နဲ့။ သူငယ် ချင်းဖြစ်နေပြီပဲ နင်နဲ့ငါနဲ့ပြောမှပေါ့"

"ဩော် . . . အင်း . . . နင် မအိပ်သေးဘူးလား"

"ငါက တစ်ညကို အက်ဒီဆင်ထက် နာရီဝက်လောက်ပဲ ပိုအိပ် တတ်တာ"

ထိုမျှပြောပြီး သူမ (Chat-box) မှ အစိမ်းလုံးလေး မည်းသွား သည်ကို သူ နှမြောစွာ တွေ့လိုက်ရသည်။

အိပ်ခါနီး သူ ဒိုင်ယာရီရေးတော့ စာတိုလေးတစ်ကြောင်းသာ ရေးဖြစ်သည်။

ငါပျော်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ပြုံးသည်ဆိုသည်မှာ နှုတ်ခမ်းပါးစွန်းလေးနှစ်ခု အပေါ်သို့ ကွေး ညွတ်သွားခြင်းဖြစ်သည်။ လုပ်ရတာ လွယ်သော်လည်း သဘာဝကျကျ တော့ မလွယ်လှပါ။ သို့သော် စိတ်က ပါပါမပါပါ သူပြုံးနေခဲ့ပါသည်။ သူ့ကို တွေ့တဲ့လူတိုင်းကလည်း သူ့ကို ပြန်ပြုံးပြကြသည်။ အပြုံးသည် ထိုသို့ တန်ပြန်တတ်သော သဘောရှိဟန်တူသည်။

သူတောင်းစားတွေတွေ့ရင်လည်း သူငွေထည့်တတ်လာသည်။ ကျောင်းအားချိန်မှာ သူအလုပ်ထွက်ရှာသည်။ ရှာတုန်းကမတွေ့။ တွေ့ တော့လည်း သူမနက်ခင်း ထပြေးသည့်လမ်းက ဂျပန်အဘွားကြီးတစ် ယောက်ဆီကဖြစ်သည်။ အဘွားကြီးက လမ်းထဲမှာ ကိတ်မုန့်ဆိုင်ဖွင့် သည်။

မနက်တိုင်း လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ရာက သူနှင့် မျက် မှန်းတန်းမိခြင်းဖြစ်သည်။ အဘွားကြီးက ခေတ်သစ်ကို 'ပြုံးနေတဲ့ နိုင်ငံ ခြားသားလေး'ဟု ခေါ်လေသည်။ ဟိုဟိုသည်သည် စကားစပ်မိရာမှ ခေတ်သစ် အလုပ်မရှိမှန်းသိတော့ သူ့တွင် အလုပ်သမားလိုနေသည်မှာ ဆိုကာ အချိန်ပိုင်းအလုပ်သမားဖြင့် ခေတ်သစ်ကို ခန့်လိုက်သည်။



"မင်းအပြုံးတွေက ဆိုင်လာစည့်သည်တွေကို စိတ်ကြည်လင် စေမှာပဲ"

ဟု ဂျပန်အဘွားကြီးက သူ့ကို ချီးကျူးသေးသည်။

အလုပ်ရတာ ခေတ်သစ် အရမ်းပျော်မိသည်။ သူ ဂျပန်စရောက် တုန်းကရသော ခေါက်ဆွဲဆိုင်အလုပ်မှာ မြန်မာပြည်က အကျိုးဆောင် ကုမ္ပဏီတစ်ခု၏ အဆက်အသွယ်ဖြင့်ရခြင်းဖြစ်ပြီး ဒီအလုပ်မှာတော့ သူ ကိုယ်တိုင်ရှာဖွေခြင်းကြောင့် ရသောအလုပ်ဖြစ်သည်။

သေချာစမ်းစစ်ကြည့်တော့ ကောင်မလေးညွှန်ကြားမှုကြောင့် သာ သူ ဒီလိုအလုပ်ရခဲ့ခြင်းဖြစ်ကြောင်း ပြန်တွေးမိသည်။

"ကဲ . . . နင်အခု အပြုံးရဲ့ရလဒ်ကို ခံစားရပြီမို့လား"

ည(၁၁)နာရီတွင် တွေ့နေကျအတိုင်း On- line မှာတွေ့တော့ ကောင်မလေးက အောင်နိုင်သူအသံနှင့် ပြောလာသည်။ သူ မငြင်းသာ တော့ပါ။

"အင်း . . . နင့်အပြုံးက ကောင်းကျိုးပေးသားပဲ"

ကောင်မလေး ပြုံးမိသည်။ သူမအပြုံးကို ခေတ်သစ်မမြင်ရတာ တော့ သနားစရာ။ ကောင်မလေးက စာရိုက်ပြီး မေးခွန်းထုတ်လာပြန် သည်။

"ဒီနေ့ နင် ငါ့စကားကို နားထောင်ခဲ့တာ (၁၀) ရက်မြောက် ပဲ၊ ဘယ်လိုလဲ သေချင်သေးလား"

သူ ခေါင်းယမ်းမိသည်။

"ငါ မသေချင်တော့ပါဘူး။ ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ ငါ ငါ့မိသားစုလေးကို လွမ်းတယ်"

သူ ရင်နာနာနှင့် လက်ခံလိုက်ရသော တကယ့်ဖြစ်ရပ်။ မိသားစု သုံးယောက် ကားမှောက်ပြီးဆုံးသွားခဲ့တာ အခုဆို (၁၀)ရက်မြောက်ခဲ့ ပြီ၊ မိုတွယ်စရာ အသိုက်မြုံလေးကို အမှောင်က ရုတ်ခြည်း ဝါးမျိုသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ အရာရာနှင့်ကင်းလွတ်ကာ လေလွင့်မျောပါနေသလို သူခံစား နေရဆဲ။

"အင်းလေ . . . (၁၀) ရက်ဆိုတာ နှင့်ဒဏ်ရာကိုကုစားဖို့ လုံ လောက်တဲ့အချိန်မှ မဟုတ်သေးတာ"

သူ မျက်ရည်တွေ ကျလာမိပြန်သည်။ သူ စာပြန်မရိုက်သေး ဘဲ ငြိမ်နေတော့ သူငိုနေမှန်း ရှင်ပျိုးခင်းက ခန့်မှန်းမိပြန်သည်။ ထုံးစံ အတိုင်း သူ့ကို ဝအောင်သာငိုခိုင်းပါသည်။ ငိုလို့ဝလောက်မှ သူမက –

"နှင့်မိသားစုအကြောင်း ငါ့ကိုပြောပြလေ။ ငါ နားထောင်ချင် လို့"

သူ့ရင်ကိုဖွင့်ပစ်ရန် သူမ ကြိုးစားခြင်းဖြစ်သည်။

ခေတ်သစ်သတိရသမျှ အတိတ်တွေကို ကောင်မလေးအား စာ ရိုက်ပြီး ပြောပြနေမိသည်။ သူသည် သာမန်မိသားစုတစ်စုမှသာ ပေါက် ဖွားခဲ့ကြောင်း၊ ပျော်ရွှင်စရာကောင်းခဲ့ကြောင်းတွေ ပြောပြဖြစ်ခဲ့သည်။ အထူးသဖြင့် သူပြောပြမိသည်က သူ့ညီမလေးအကြောင်းသာ။

သူ့ညီမလေးမှာ ပါးသေးအစ်အစ်နှင့် အလွန်ချစ်စရာကောင်း ကြောင်း၊ အနွေးဦးထုပ်လေးတွေနှင့် သိပ်လိုက်ဖက်ကြောင်း၊ သို့သော် ခြေတစ်ဖက်မှာ မွေးရာပါ အရိုးပျော့ရောဂါ ခံစားရကြောင်းတွေ သူပြော ပြမိသည်။

"ညီမလေး အမြဲပြောပြောပြနေတဲ့ ပုံပြင်လေးတစ်ပုဒ်လည်း ရှိ တယ်"

"ဟုတ်လား . . . ပြောပြပါဦး၊ နားထောင်ချင်လို့"

သူ ပြောပြလိုက်ပါသည်။ ညီမလေးက ခြေထောက်ဆာနေ သလို ပုံပြင်ထဲကကောင်လေးက လက်တိုနေသည်။ ပေါ့ဆည့်ဖျင်းသော ဖခင်၏လုပ်ရပ်ကြောင့် ထိုလက်တိုနေသော ကလေးလေး သေဆုံးသွား ရသော ရင်နာစရာပုံပြင်လေးဖြစ်သည်။ ပုံပြင်လေးဆုံးတော့ . . .

"နင် . . . နင့်ညီမလေးကို သိပ်ချစ်ပုံပဲ"



"ဒီညီမလေးပဲ ရှိတာကိုး"

"အင်း . . . ရှင့်ကို ပြောပြရဦးမယ်။ တစ်ခါက လူတစ်ယောက် စူပါမားကတ်တစ်ခုထဲကို ဝင်လာတယ်တဲ့။ တစ်ကိုယ်လုံးလည်း ဒိုင်းန မိုက်အနီချောင်းကြီးတွေ ကပ်လို့ပေါ့"

"အသေခံ ဗုံးခွဲသူလား"

"နားထောင်ပါ . . . ဖြတ်မပြောနဲ့။ သူ အဲဒီလို ဒိုင်းနမိုက်တွေ ကိုယ်မှာကပ်ပြီးဝင်လာတော့ စူပါမားကက်တစ်ခုလုံး ဆူညံကုန်တော့တာ ပေါ့။ ကြောက်လန့်တကြား ပြေးကြလွှားကြပေါ့။ ရဲတွေလည်း သေနတ် တွေ တချိန်ချိန်နဲ့ သူ့ကို လာဝိုင်းကြတာပေါ့။ သူကတော့ တောင့်တောင့် ကြီးပဲ ရပ်လို့ပေါ့။

နောက်ဆုံးရဲတစ်ယောက်က သူ့ကို အနောက်ကနေ အလစ် ဝင်ချုပ် ဖမ်းလိုက်နိုင်တယ်။ အဲဒီတော့မှ အားလုံးသိလိုက်ရတာ သူ့ကိုယ် မှာ ကပ်ထားတာက ပေါက်ကွဲစေတဲ့ ဒိုင်းနမိုက်တွေမဟုတ်ဘဲ (ဆော့) အချဉ်ရည်ထုပ်အချောင်းကြီးတွေ ဖြစ်နေသတဲ့"

"အဟား . . ."

"ဘာလို့ ခင်ဗျား ဒီလိုနောက်ပြောင်ရတာလဲ စိတ်ဆိုးမာန်ဆိုး နဲ့ ဝိုင်းမေးကြတာပေါ့"

"အင်းပေါ့ . . ."

"သူက ဘယ်လိုပြန်ဖြေလဲဆိုတော့ ကျွန်တော်က အာရုံလွဲတာ ပါ၊ ကျွန်တော့်ချစ်သူရဲ့ အဆက်ဖြတ်ခြင်းကို ခံရလို့ စိတ်ညစ်နေလို့ အာရုံ လွဲတဲ့အနေနဲ့ လျှောက်လုပ်တာပါ"

ခေတ်သစ် စိတ်ညစ်ညစ်နှင့်ပဲ ရယ်မိတော့သည်။ ကိုယ်ရယ် နေမှန်းသိအောင် ha ha ha ဟု ရိုက်ပြောလိုက်သေးသည်။

"ကဲ . . . ကဲ . . . အိပ်တော့ . . . ငါလည်း လုပ်စရာရှိတာ လုပ်ဦးမယ်"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမ ကွန်ပျူတာကိုပိတ်လိုက်တော့ သူမအနားကို မီချီအဲရောက်လာသည်။ မီချီအဲမျက်နှာက ခပ်ပြုံးပြုံးဖြစ်နေသည်။ ထိုအပြုံးကြောင့် သူမ မလုံမလဲ ဖြစ်လာရသည်။

မီချီအဲက သူမကို 'ပျိုး' ဟုသာ ခေါ်သော်လည်း သူတို့ဂျပန်လေသံအတိုင်း 'ပျိုးစံ' ဟုသာ အသံထွက်နေသည်။

"ပျိုးစံဆီက ဘဝအကြောင်းတွေသင်နေတဲ့ ကောင်လေးနဲ့ပြောနေတာလား"

"အင်း . . . ဆိုပါတော့"

သူမတို့ ဂျပန်လိုပြောနေကြခြင်းဖြစ်သည်။

"အပြင်မှာ မတွေ့ကြဘူးလား"

"ငါလည်း ဂျပန်မှာဆိုတာ သူသိတောင် မသိသေးဘူး"

မီချီအဲက တိုးညင်းညင်းရယ်ပြီး 'လူအ' ပဲဟု ဝေဖန်သည်။

"အချင်းချင်း လမ်းမှာဝင်တိုက်မိတောင် မသိဘဲဖြစ်နေဦးမယ်"

"တိုကျိုက ကမ္ဘာ့လူဦးရေ အများဆုံးထဲကမြို့ပဲ။ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတာဆိုတော့ မတွေ့ချင်သေးဘူး။ အင်း . . . သူကလည်း တွေ့ချင်တယ်လို့မှ မပြောဘဲ"

မီချီအဲကို ဖြေရှင်းချက်ပေးပြီးမှ ပြန်စဉ်းစားမိသည်။ သူ ဘာလို့ ငါ့ကိုတွေ့ချင်တယ်လို့ မပြောသေးတာပါလိမ့်။ ယောကျာ်းလေးဖြစ်ပြီးတော့။

မိန်းမတို့သဘာဝအရ ကြံဖန်စိတ်ကွက်မိသည်။



"နင့် (VZO) အကောင့် ပြောပြပါလား"

"ဘာလုပ်ဖို့လဲ"

"နင့်ကို မြင်ဖူးချင်လို့ပေါ့"

"ဟင့်အင်း . . . မပြောဘူး"

"ဒါဆို နင့်ဓာတ်ပုံလေးဖြစ်ဖြစ် လှမ်းပို့လိုက်ပါလား။ နင် 'ဖေ့စ်ဘွတ်' ကော သုံးလား"

ဟွန်း . . . သူ့ဓာတ်ပုံကျတော့ အရင်မပို့ဘဲ။ ရှင်ပျိုးခင်းမာနကြီးပြနေလိုက်သည်။ မပြောပါ။ မပြပါ။ လုံးဝပဲ။

"ဟော့ . . . ဟော့ . . ."

"ဘာလဲ"

"နင့် ဓာတ်ပုံလေး"

"မပြဘူးဟာ . . . စကားမများနဲ့။ ငါ့စကားနားထောင်ဖို့သာပြင်တော့"

တစ်ဖက်က ခေတ်သစ် ခေါင်းသာကုတ်သွားသည်။ သူ စိတ်ဆိုးနေသလိုပဲ။ နောက်တော့ ခေတ်သစ်ကို အလုပ်မှာ အဆင်ပြေလားမေးသည်။ အလုပ်မှာ အဆင်ပြေသော်လည်း သူက အလုပ်သမားအသစ်မို့ စီနီယာတွေ ပညာပြတာခံရသည်။ ထို့ကြောင့် သူစိတ်ညစ်ရသည်။ သူ ထိုအကြောင်းပြောပြလိုက်တော့ ကောင်မလေးက . . .

www.burmeseclassic.com

www.burmeseclassic.com

"တီထွင်မှုတွေထဲမှာ အကြီးမားဆုံးတီထွင်မှုက ဘာလဲသိလား"

"ဘာလဲ"

"နင့်ကို မေးနေတာလေ"

"ဩော် . . ."

သူ စဉ်းစားကြည့်သည်။ အကြီးမားဆုံးတီထွင်မှုက အာကာသယာဉ်များလား၊ ပဋိသန္ဓေတားဆေးလား၊ နျူကလီးယားလား၊ စက်ရုပ်တွေလား သူ ဝေခွဲမရ။ သူ မသိကြောင်းပြောတော့ ကောင်မလေးက တစ်ခွန်းတည်းဖြေပါသည်။

"သုညတဲ့"

အကြီးမားဆုံးနှင့် အရေးပါဆုံးတီထွင်မှုက သုညဟု သူတစ်ခါမှ မတွေးဖူး။

"ဘာသာရေးအရရော၊ သိပ္ပံပညာအတွက်ကော၊ သင်္ချာဗေဒအတွက်ပါ သုညရဲ့အားက အရေးပါတယ်။ သုညမရှိရင် သင်္ချာဘာသာကြီးတစ်ခုလုံး ရှုပ်ထွေးပျက်စီးသွားနိုင်တယ်။

အိန္ဒိယက ဟိန္ဒူတွေက သုညကို စထွင်ခဲ့တာလို့ ဆိုတယ်။ သုညရဲ့ အရေးပါပုံတွေကတော့ ပြောမဆုံးအောင်ပါပဲ။ နင် စိတ်ညစ်တဲ့အခါ၊ မွန်းကြပ်တင်းကြပ်လာတဲ့အခါ ခေါင်းထဲမှာ သုညကိုထည့်နိုင်သမျှ ထည့်ထားလိုက်"

ခေတ်သစ် နားမရှင်းမိ။ ဒါကိုသိသော သူမက ဆက်ပြောရသည်။

"နင့်ခေါင်းထဲမှာ ဘာမှမတွေးနဲ့လို့ ပြောတာ။ လုံးဝ ဗလာနယ်သက်သက်ကြီးထားပြီး အတွေးတွေကို ကျင်းထုတ်ပစ်လိုက်"

သူ အာရုံစိုက် နားထောင်နေမိသည်။

"ဘာအတွေးမှမရှိဘဲ နေနိုင်သလောက်နေကြည့်ပါ။ ပြီးမှ တွေးချင်ရာကိုပြန်တွေး။ အဲ့ဒီလိုပြန်တွေးတဲ့အခါ နင့်အတွေးဟာ ပိုလတ်ဆတ်ပြီး ကောင်းမွန်နေလိမ့်မယ်"



"လွယ်တော့ မလွယ်လောက်ဘူးနော်"

"လုပ်ကြည့်ပါ . . .။ တကယ်တော့ ဘဝအောင်မြင်ဖို့အတွက် အချက် (၃) ချက်လောက်ပဲ လိုမှာပါ။ (၁) တကယ်အလုပ်လုပ်ဖို့၊ (၂) အပိုတွေ မလုပ်မိဖို့နဲ့၊ (၃) ကိုယ့်ကိုယ်ကိုယ် မလိမ်မိဖို့ပဲ"

သူ သေချာမှတ်သားနေရသည်။ ကောင်မလေးပြောသည့်စကားများ၊ ညွှန်ပြသည့်လမ်းများသည် ဘယ်တော့မှ မမှားခဲ့ပဲ။

"ရှင် ကျွန်မဖတ်ခိုင်းထားတဲ့ စာအုပ်တွေ ဖတ်ပြီးပြီလား"

"သုံးအုပ်တော့ ပြီးပါပြီ"

ဆယ်ရက်ကျော်မှ သုံးအုပ်တည်းပြီးသည့် သူ့စာဖတ်အားကို ကောင်မလေး အပြစ်မတင်မိပါ။ မေတ္တာရှင်မလေး ပေါ်လီယာနာရယ်၊ တခြား စိတ်ခွန်အားကောင်းနိုင်သော၊ ပျော်ရွှင်စွာနေထိုင်နိုင်ရန် ညွှန်ပြပေးနိုင်သော ဝတ္ထုဆယ်အုပ်လောက်ကို သူမ ရွေးဖတ်ခိုင်းခဲ့ခြင်းဖြစ်သည်။

စာတကယ်ဖတ်မဖတ် စစ်ဆေးမေးမြန်းရသေးသည်။ ပြီးတော့ သူ့ကို နောက်တစ်ဆင့် တက်ခိုင်းရတော့မည်။

"ကဲ . . . စာဖတ်တဲ့အကျင့် ရပြီဆိုတော့ အခု နောက်တစ်ဆင့် တက်ပေးမယ်"

"ဘာများလဲ"

"ကဗျာဖတ်ခိုင်းဖို့ပဲ။ လူဟာ ဘဝတိုးတက်ဖို့ကို အချိန်မလစ်ဟင်းအောင် အစွမ်းကုန်ကြိုးစားနေရတဲ့အချိန်၊ အများနဲ့ယှဉ်ပြီး ကိုယ့်ကိုယ်ကိုယ် မောင်းနှင်ရပါများတဲ့အခါ လူဟာ စက်ရုပ်တစ်ရုပ်လို ခံစားချက် နည်းလာတတ်တယ်။ နှလုံးသားတွေ အရည်ထူလာနိုင်တယ်"

"အင်း . . . ဟုတ်တယ်"

"ဒါကြောင့် ကဗျာလေးတွေ ခံစားဖို့လိုအပ်တယ်။ ကဗျာဆိုတာက စာပေအမျိုးအစားထဲမှာ စိတ်ခံစားမှုကို အလွတ်လပ်ဆုံး ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com

နိုင်တဲ့အရာပဲ။ ဒါကြောင့် နှလုံးသားကို နူးညံ့အောင်၊ သိမ်မွေ့အောင် ဒါမှမဟုတ်လည်း လွတ်လပ်စွာခံစားတတ်အောင် ကဗျာလေးတွေ ဖတ်သင့်တယ်လို့ ငါထင်တယ်"

"အင်း . . . နင်ဖတ်ခိုင်းရင် ငါဖတ်မှာပေါ့"

"အေး . . . ဖတ်ခိုင်းတယ်၊ ဖတ်။ ဖတ်တဲ့နေရာမှာလည်း နားလည်တဲ့ကဗျာကော နားမလည်တဲ့ကဗျာကော အကုန်ဖတ်ကြည့်။ နားမလည်လို့သာ ကဗျာမဖတ်ကြေးဆိုရင် နင် ဒီခေတ်ကဗျာတွေ တစ်ပုဒ်မှ ခံစားလိုက်ရမှာမဟုတ်ဘူး။ အမြင်ကို ကျယ်ကျယ်ထား။ ရင်ဘတ်ကိုလည်း ကျယ်ကျယ်ဖွင့်၊ များများခံစား"

နောက် ကောင်မလေးက စာအုပ်ရှာရမည့် website တွေ ပြောပြသည်။ ဘယ်သူ့ကဗျာတွေက ဘယ်လိုကောင်းသည်ဟု ပြောပြသည်။

"ဒါနဲ့ နင် မနက်ခင်းထတော့ နှိုးစက်နဲ့နိုးတာလား"

"အင်း . . . ဟန်းစက်ထဲကို Alarm ပေးထားလိုက်တာလေ"

"ဘာသီချင်းတီးလုံးနဲ့ Alarm ပေးထားတာလဲ"

"ဟိုဂျပန်ကားဟာ . . . Death- note ထဲက ဇာတ်သိမ်းတော့ ထွက်လာတဲ့သီချင်း။ အဲ့ဒါကို ဖြတ်ပြီးထည့်ထားတာ"

"အင်း . . . သိတယ်။ အဲဒီသီချင်းလည်း ကောင်းပါတယ်။ ဒါပေမဲ့ အခု ငါပေးတဲ့အသံတွေနဲ့ နင် နှိုးစက်ကို Alarm ပေးရမယ်။ ရော့ . . . ငါ (music file) တစ်ခု ပို့လိုက်ပြီ။ (G- mail inbox) ဖွင့်ထား"

ကောင်မလေးပို့လိုက်သည့် အသံဖိုင်ကို နားထောင်ကြည့်တော့ သူ စိတ်ညစ်သွားရသည်။ ဘာအသံတွေမှန်း မသိ။ ခြောက်ခြောက်ခြားခြား အော်သံတွေ။ အူး . . . အွား . . . ဝါး . . . စသဖြင့် အသံနက်ကြီးတွေ။ တစ်ချက်တစ်ချက် ရူးထွက်လာသည့် မိန်းမအသံတွေကလည်း ကြောက်စရာကောင်းလှသည်။

"ဘာ အသံတွေလဲဟ"



"ဘူမိဗေဒပညာရှင်တွေဟာ မြေကျင်းတွေ အနက်ကြီးတူးမိတော့ အဲဒီတွင်းအောက်ကနေ ကြားလာရတဲ့အသံတွေလေ။ ငရဲဘုံက အသံတွေပဲဖြစ်မယ်လို့ အများစုက ခန့်မှန်းကြတယ်လေ။ အရင်တုန်းက အဲဒီအကြောင်း အရမ်းနာမည်ကြီးတာ နင်မသိဘူးလား"

"ဟင့်အင်း . . . မသိဘူး"

"ဒါဆို အခုသိလိုက်တော့။ နံနက်တိုင်း အဲဒီငရဲအော်သံတွေနဲ့ နင်နိုးထရမယ်။ ကိုယ့်တစ်နေ့တာအတွက် ငရဲဘုံကို မြင်ယောင်နေရအောင် မကောင်းမှုလုပ်ဖို့ ဝန်လေးအောင်လုပ်ခိုင်းတာပဲ"

"လုပ်ခိုင်းတော့လည်း လုပ်ရုံပေါ့ဟာ"

ဘယ်လိုကောင်မလေးပါလိမ့်။ သူများတွေက ဓမ္မတေးသံလေးတွေ၊ ကြေးစည်သံလေးတွေနှင့် နိုးထဖို့ကြိုးစားကြပြီး သူ့ကျမှ ငရဲအော်သံကြီးနှင့်။ ကောင်မလေးလုပ်ခိုင်းလိုက်ရင် အဆန်းတွေချည်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ထိုသို့နှင့် . . .

ကောင်မလေး၏ညွှန်ပြမှုနှင့် သူ့ဘဝသည် ပြောင်းလဲမှန်းမသိ ပြောင်းလဲလာခဲ့ပြီ။ ကောင်မလေး၏ ဒဿနများ၊ ထောင့်ခွဲအမြင်များ အတွေးအခေါ်များသည် သူ့ကို လွှမ်းမိုးပုံပြင်လာခဲ့သည်။

သူ အရာရာကို ဆင်ခြင်မှုတစ်ဖက်ကိုင်၍ ရှုမြင်တတ်ပြီ။ ဘယ်တော့မှ မှန်မလာနိုင်သော အမှားတွေကိုလည်း သူ ရှောင်ကျဉ်တတ်လာပြီ။ 'ကျန်းမာရေးကို အမြဲဂရုစိုက်ရမယ်။ ကိုယ်က မကောင်းမှုတစ်ခုကို ကာယ ကံမြောက်လုပ်ချင်တယ်ဆိုရင်တောင် ကျန်းမာနေမှဖြစ်မှာ' ဟူသည့် ကောင်မလေးစကားကို ရင်ထဲစွဲနေ၍ ကျန်းမာရေးလိုက်စားခဲ့ရာ ယခု သူ နာစေးချောင်းဆိုးတောင် မဖြစ်ခဲ့တာ အတော်ကြာပြီ။

အပြုံးတစ်ခု၏ စွမ်းအားနှင့် ကျောင်းတွင်၊ လုပ်ငန်းခွင်တွင် မိတ်ဆွေအပေါင်းအသင်းများ ပေါများခဲ့သည်။ စာအုပ်များစွာ ဖတ်ရှုလာသောသူက စကားဝိုင်းများစွာတွင်လည်း အရာရာကို တီးမိခေါက်မိသူအဖြစ် ဝင်ပြောနိုင် ဆိုနိုင်လာသည်။ လူအများက သူ့စကားကို ဂရုစိုက်နားထောင်၍ လေးစားကြရသည်။



ကိုယ် တစ်ခုခုလုပ်သည့်အခါလည်း ဒါဟာ အပိုများဖြစ်နေပြီလား၊ တကယ်ကော လိုအပ်လား သူ သုံးသပ်မြင်တတ်လာသည်။ ကိုယ့်ကိုယ်ကိုယ် မလိမ်မိအောင် ကြိုးစားခဲ့သည်။ သွားလေရာတွင် နှုတ်ဆက်သူများပြားသော သူ့ကို သူတောင်းစားတွေကပင် ခင်မင်ပြုံးပြကြသည်။ စိတ်ညစ်စရာများနှင့် ကြုံသည့်အခါ ခေါင်းထဲတွင် သူညကို ထည့်တတ်နေပြီ။

တစ်ခါတလေ တစ်ယောက်ယောက်နှင့် စကားပြောပြီး ပြန်ပြောသည့်အခါ ကောင်မလေး၏ဟန်အတိုင်း OK...OK OK ဟူသည့် လေသံလေးနှင့်ပင် ပြန်ပြောတတ်ခဲ့ပြီ။ သူ့ပုံစံက ဟိုးတုန်းကနှင့် ဘာမှ မဆိုင်တော့။ ပြောင်းလဲခဲ့ပြီ။ မျက်စိသူငယ်နှင့် အရာရာကို လျှောက်ကြည့် ကြောက်ရွံ့တတ်ခဲ့သော၊ နားစွံစိုးထိတ်ခဲ့ရသော အကြောက်တရားတို့ လွင့်ပါးခဲ့ပြီ။

ဒါတွေဟာ ဘယ်သူ့ကြောင့်လဲ။

"နင့်ကြောင့်ပေါ့ . . . ပျိုးရေ . . ."

သည်နေ့ သူနှင့်ကောင်မလေး သိရှိခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီ။ ပြတင်းပေါက်ကငေးတော့ ချယ်ရီများပွင့်နေတာကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ သူ့မိသားစုကားမှောက်ပြီးသေဆုံးခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ။ မြို့ပြင်ရှိ ကောင်မလေးနေရာပြောပြသည့် ဗုဒ္ဓဘာသာကျောင်းလေးသို့သွားကာ သူ ကုသိုလ်ရေးရာများ လုပ်နေခဲ့သည်။ ဖေဖေ၊ မေမေနှင့် ညီမလေးကိုအာရုံပြု၍ သူ အမျှအတန်းဝေသည်။ ခေါင်းလောင်းထိုးသည်။ ဘုရားရှေ့၌ ဆုတောင်းသည်။

အချိန်တစ်နှစ်ကြာခဲ့ပြီဆိုသော်လည်း သူ့အတွက်တော့ ဟိုဘက်ဆယ်နှစ်နာရီတုန်းက အဖြစ်အပျက်လို ပူနွေးနေကျင်နေဆဲ။ သူ့ဦးလေးဆီ ဖုန်းဆက်ကာ ရန်ကုန်တွင်လည်း ဘုန်းကြီးဆွမ်းကပ်ခိုင်းခဲ့သည်။

သူ ည (၁၁) နာရီတွင် ကောင်မလေးနှင့် ဆုံရမည့်အရေးကိုလည်း ရင်ခုန်နေမိသည်။ သူ ကောင်မလေးနှင့် အွန်လိုင်းတွင် တစ်ရက်လောက် အကြောင်းကြောင်းကြောင့် မဆုံဖြစ်လိုက်လျှင် အလွန်အနေရခက်ခဲ့သည်။

အကြောင်းကြောင်းနှင့် တစ်ယောက်တည်း စကားတွေပြောနေမိသည်မှာလည်း အခါခါ။ တစ်ခါတလေလည်း မုန်လာဥနီရယ်၊ ပြောင်းဖူးရယ်၊ ကြက်ဥတို့ကို ရောပြုတ်ကာ ဟင်းရည်လုပ်သောက်နေမိသည်။ ဘယ်လောက်များ စိုးလိုက်သည့် စွဲလမ်းစိတ်လဲ။

သည်နေ့တော့ ကောင်မလေးကို သူ ထူးခြားတဲ့စကားပြောမည်ဟု ရည်ရွယ်ထားသည်။ နေကိုတွန်းလှည့်၊ ကမ္ဘာပေါ်က စက္ကန့်လက်တံတွေကို အားကုန်ဆွဲရွှေ့ကာ (၁၁)နာရီရောက်အောင် မြန်မြန်လုပ်ချင်နေမိသည်။ ည (၁၁) နာရီရေ . . . မြန်မြန်လာပါ။

ᨖ ᨖ ᨖ



## 11: 05 PM

သူမ ဒီညနောက်ကျသည်။ ငါးမိနစ်နောက်ကျပြီးမှ (Flame) ဆိုသည့်အမည်နှင့် အကောင့်လေးတစ်ခု စိမ်းရောင်ခြယ်အလုံးလေးနှင့် သူ့ရှေ့ရောက်လာသည်။

'ဟိုင်း'၊ 'ဟေး'၊ 'ဟယ်လို' နှုတ်ဆက်စရာမလိုဘဲ ရင်းနှီးပြီးသားမို့ ကောင်မလေးက . . .

"ဘယ်လိုလဲ၊ ကျွန်မပြောတဲ့ဘုန်းကြီးကျောင်း ကောင်းရဲ့လား"

"တိတ်ဆိတ်ပြီးအေးချမ်းလို့ နေလို့အရမ်းကောင်းပါတယ်"

ကောင်မလေးပြောတာ အလိုက်သင့်ပြန်ပြောပြီး ကိုယ်ပြောချင်သည့်စကားကို စ,ရသည်။

"ပျိုး . . . ဒီနေ့ ဘာနေ့လဲသိလား"

"ကာဂါအီဝါ လေယာဉ်ပေါ်က ပြုတ်ကျပြီးသေတာ နှစ်ရက်မြောက်တဲ့နေ့လေ"

"ဟမ် . . . ဘယ်က ကာဂါအီဝါလဲ"

ကိုယ်ပြောချင်ရာလမ်းကြောင်း မရောက်သည့်အပြင် ဘာတွေဖြစ်လာရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့အောက်ထပ်က ဂျပန်ကြီးပါဟာ။ မူးမူးရူးရူးနဲ့ ပြတင်း ပေါက်မှန်ပေါ်က သူ့အရိပ်ကို သူ့မိန်းမရဲ့လင်ငယ်မှတ်ပြီး ပြေးထိုးတာ မှန်ကွဲပြီး သူပါ ကျွံကျသွားတာ။ အောက်မှာက လှေကားထစ်တွေ အဲမှာ ခေါင်းနဲ့ဆောင့်မိပြီး သေတာ။ ဒီနေ့ နှစ်ရက်မြောက်ပဲ"

"ကျွတ် . . . "

ကောင်မလေးမကြားပေမယ့် သူ စုပ်သပ်မိပါသည်။ အရေးထဲ ကာဂါအီဝါက လာရှုပ်နေသေး။

"ပျိုး . . . ဒီနေ့ ငါတို့မွေးနေ့လေ"

"ဘာ . . . "

နားမရှင်းတာလား၊ မသိတာလား မသိ။ ရှင်ပျိုးခင်း ပြန်မေး လာသည်။

"နင်နဲ့ငါ စသိခဲ့တာ တစ်နှစ်ပြည့်ပြီလေ။ ရတုနဲ့တွက်ရင် စ ရတု တိုင်ခဲ့ပြီ"

"အယ် . . . ဟုတ်သားပဲ"

အချိန်ကား မြန်ပါ့သည်။ သူမ အလုပ်တွေကြား ပြေးလွှား ခဲ့ရ၍ တကယ်ပင် မေ့လျော့နေခဲ့ခြင်းဖြစ်သည်။

"ဆရာမကမေ့ပေမယ့် တပည့်က မမေ့ပါဘူးဗျာ။ ဆရာမ ကျေးဇူးကြောင့်၊ လမ်းညွှန်ပြဆောင်မှုတွေကြောင့် တပည့်လေးလည်း ဘဝမှာ ဘယ်လိုနေရထိုင်ရမည်ဆိုတာကိုလည်း သိခဲ့ပါပြီ။ ဒီအတွက် လည်း ကျေးဇူးပါ . . . ဆရာမလေးရယ်"

သူ့စကားကိုကြားကာ တစ်ဖက်မှကောင်မလေး ပြုံးဖြစ်နေ မည်ဟု ထင်သည်။ သူထင်သည့်အတိုင်း ကောင်မလေးက ပြုံးနေ သည်။ ဒီစကားက သူ့ရင်နက်ရှိုင်းသောနေရာတစ်ခုမှ ထွက်လာခြင်း သည်။

"ကဲ . . . ထားလိုက်ပါတော့၊ အဲဒါတွေ"

"ထားလိုက်ပါတယ်ဗျာ။ ကဲ . . . အခု ငါတို့ ကိတ်မုန့်ကိုင် မှုတ်ကြမယ်နော်"



"ဟင် . . . "

ရှင်ပျိုးခင်း နားမလည်ပြန်။

"ငါတို့နှစ်ယောက်စလုံးရဲ့ တွေ့ဆုံခြင်း မွေးနေ့ပွဲလေးဆိုတော့ ငါတို့နှစ်ယောက်လုံး အတူတူ မွေးနေ့ကိတ်မှာ မီးထွန်းပြီးမှုတ်ကြမယ် လေ"

"ဘယ်လိုမှုတ်မှာလဲ"

"နင့် 'ဂျီမေးလ်အင်ဘောက်'ကို ဖွင့်ထား။ ငါ ကိတ်မုန့်ပို့လိုက်မယ်"

သူ သေချာစီမံထားသော ကိတ်မုန့်လေးကို မေးလ်နှင့်ပို့လိုက်ပါသည်။ ရှင်ပျိုးခင်း မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိသည်။ ခဏကြာ မေးလ်တစ်ခု ဝင်လာသည်။ ဖွင့်ကြည့်တော့ ကိတ်မုန့်ပုံလေးတစ်ပုံ။ (Animation) ဖြင့်လုပ်ထားခြင်းကြောင့် ကိတ်မုန့်ပေါ်က ဖယောင်းတိုင်လေးတွေမှာ လင်းလဲ့လင်းလဲ့ ဖြစ်နေသေးသည်။

"ပျိုး . . . အဲဒီပုံရဲ့အောက်မှာ (Play) ဆိုတာပါတယ်။ အဲဒါကို ဝမ်း တူး သရီး လို့ရွတ်ပြီး နှိပ်လိုက်"

သူပြောသည့်အတိုင်း ဝမ်း တူး သရီးရွတ်ပြီး နှိပ်လိုက်တော့ ကိတ်မုန့်ပုံလေးမှ သီချင်းသံလေး ထွက်လာသည်။ Happy birthday to you ဆိုသည့် သီချင်းလေးဖြစ်သည်။

နှစ်ယောက်သား မတိုင်ပင်ရဘဲ လိုက်ဆိုမိကြသည်။ တေးသွားဆုံးဆုံးတော့ ကိတ်မုန့်ပုံလေးဘေးမှ Time ဆိုသည့်စာလုံးလေး ပေါ်လာသည်။ Time ၏နံဘေးမှ ဟိုက်ဖန်(–)အတုံးလေးခံ၍ စက္ကန့်ဂဏန်းလေးများ ပြောင်း‚ပြောင်းသွားသည်။ (60) ကနေ (59), (58) စသဖြင့် လျော့လျော့သွားသည်။

"ပျိုး . . . zero ရောက်တဲ့အခါ ငါတို့ ဖယောင်းတိုင်မီးကို အတူတူ မှုတ်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ကွန်ပျူတာထဲက ဖယောင်းတိုင်ကို အပြင်ကလှမ်းမှုတ်မှာ"

"အေး . . . အဆင်သင့်ပြင်ထား"

ရှင်ပျိုးခင်း အံ့အံ့သြသြနှင့်ပဲ နှုတ်ခမ်းလေးကို ပြင်ထားမိလေသည်။ ရင်ထဲမှာလည်း အလိုလို ပျော်နေမိသည်။

အချိန်တွေကား နီးလာသည်။ 10, 9, 8, 7, - - -

"ပျိုး . . . ရယ်ဒီနော်"

"အင်း . . ."

5, 4, 3, 2, 1, . . . zero.

"ဟူး . . ."

"ဖူး . . ."

သူတို့ ပြိုင်တူမှုတ်လိုက်ကြသည်။ ဖယောင်းတိုင်လေးတွေမှ 'ဝပ်' ခနဲ မီးတောက်လေးတွေ ငြိမ်းပျောက်သွားခဲ့သည်။

"အိုး . . . ချစ်စရာပြကွက်လေး"

သူမ နှုတ်မှ လွှတ်ခနဲရွတ်ကာ ပျော်မိတော့သည်။

သူ (animation software) တစ်ခုချင်းနှင့် ကြိုးစားပမ်းစားလုပ်ထားသော ကိတ်မုန့်လေးဖြစ်သည်။ ဖယောင်းတိုင်မီးကလေးတွေ လှုပ်လီ လှုပ်လဲ့ဖြစ်ဖို့၊ Happy birthday do you သီချင်းလေးဆုံးပြီး တစ်မိနစ်ကြာရင် မီးကလေးတွေငြိမ်းသွားဖို့ကို သူ (၂)ညလောက် အချိန်ကုန်ခံကာ လုပ်ခဲ့ရခြင်းဖြစ်သည်။

"ဘယ်လိုလဲ ငါ့ကိတ်မုန့်လေး ကြိုက်လား"

"အင်း . . . နင် အရမ်းတော်တယ် ခေတ်သစ်။ နင်ဖန်တီးထားတဲ့ ကိတ်မုန့်လေးကို ငါအရမ်းကြိုက်တယ်"

သူမ၏ချီးကျူးသံကြားရတာ သူ့အတွက်တော့ ကမ္ဘာချီသွားပါသည်။ တစ်ချိန်က ပျော့ညံ့သည်ဟု အမြဲပြောခံနေရသောကောင်လေး အခုတော့ ချီးကျူးခံနေရပါပြီ။



"ဆရာကောင်းတပည့် ခေါင်းပန်းလှန်တာပေါ့ဟာ"

"ခေါင်းပန်းပန်တာပါဟာ"

"ပန်းပန်ရင် ငါ အခြောက်ကြီးဖြစ်သွားမှာပေါ့ ကောင်မလေးရဲ့"

သူမ တခစ်ခစ် ရယ်မိသည်။ လျှာထုတ်ပြုံးနေသည့် ချစ်စဖွယ်အရုပ်လေးကိုလည်း ရိုက်ပို့လိုက်သည်။

"ပျိုး . . . နင် မိဘဝတ်ရလား"

"ရသားပဲ"

"ရရင် ဆိုပြစမ်း"

"ဘာလုပ်ဖို့လဲ"

"ဆိုပြဆို ဆိုပြပေါ့။ ဒီမှာ အကြောင်းရှိလို့ပြောနေတာ"

ဘာအကြောင်းလဲ။ အူကြောင်ကြောင်အနေအထားနှင့်ပဲ။ ကိုယ်က မိဘမဖြစ်သေးသော်လည်း မိဘကျင့်ဝတ်ကို ရွတ်ပြလိုက်ရသည်။ ကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ် . . . အစရှိသဖြင့် စာရိုက်ပြီး ရွတ်ပြလိုက်သည်။

"ဆရာကျင့်ဝတ်ကော ရလား"

"ရွတ်ပြရဦးမှာလား"

"အင်း . . ."

အူကြောင်ကြောင်နှင့် ရွတ်ရပြန်သည်။ ပြီးတော့ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များလည်း ရွတ်ရပြန်သည်။ ပါးစပ်နှင့်ရွတ်ရလျှင် တော်တော် အညောင်းမည်ဖြစ်သလို လက်နှင့်ရိုက်တော့လည်း လက်ညောင်းတာပင်။ ရွတ်ပြီးတော့ မေးရပြီ။

"ဘာလုပ်ဖို့ ဒါတွေ ရွတ်ခိုင်းနေတာလဲ"

"မေးစရာရှိလို့"

"ဘာမေးမှာလဲ"

အခုမှ သူ့စကားလမ်းကြောင်း ရောက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူကျင့်ဝတ် ရလားလို့"

"ဟင် . . ."

မိန်းကလေးတို့ အတတ်ပညာအရ သူ့စကားတွေ သိပ်မရိုးမှန်း ရှင်ဖျိုးခင်း သိလာသည်။

"မရဘူး။ ကြားတောင် မကြားဖူးဘူး"

"မကြားဖူးရင် သေချာနားထောင်"

ဟုဆိုကာ စာရိုက်၍ ခေတ်သစ် သေချာရေးပြလိုက်ပါသည်။

"ချစ်သူကျင့်ဝတ်"
ပျော်စရာမျှ၊ ဒုက္ခဝေယူ
ညီတူခွင့်လွှတ်၊ ဦးညွတ်မာန်ခွာ
သစ္စာစောင့်ဖို့၊ ချစ်သူတို့
ကျင့်ဖို့ဝတ်ငါးဖြာ။

ကောင်မလေးဘက်က ငြိမ်နေသဖြင့် သူကပဲ ဆက်ပြောရတော့သည်။

"ဖျိုး . . ."

" . . ."

"ငါရဲ့ပျော်စရာမှန်သမျှ နင့်ကိုပေးမယ်။ ငါ့ဒုက္ခတွေကိုလည်း နင်နဲ့အတူတူ ဝေယူရင်ဆိုင်ချင်တယ်။ နင့်အပြစ်တွေရှိရင်လည်း ငါခွင့်လွှတ်မယ်။ ငါအပြစ်တွေ၊ အမှားတွေ ကြုံလာရင်လည်း နင်ခွင့်လွှတ်ပေး။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ဦးဦးညွတ်ညွတ်၊ လေးလေးစားစား နေကြမယ်။ မာန်မာနတွေလည်း မထားကြပဲလေ။ မငြီးမငွေ့ သစ္စာရှိရှိနဲ့ အတူနေသွားချင်တယ်။ အဲဒီကျင့်ဝတ်ငါးပါးလေးအတိုင်း ငါ နင့်အနားမှာ နေချင်တယ်"

" . . ."



သူမ ငြိမ်သက်နေမိသည်။ ရင်တွင်းမှာတော့ မငြိမ်ပါ။ ယုန်ကလေးတစ်ကောင် ခုန်ပေါက်နေသလို လှုပ်ရှားနေမိသည်။ ဒါ သူ ရည်းစားစကားပြောနေတာပဲ ဟူသည့်အသိက သူ့ခန္ဓာကိုယ်အနှံ့အပြားကို ပူနွေးလာစေသည်။ ပါးကလေးတွေလည်း ရဲလို့။

"ဘာတွေပြောနေတာလဲ . . . ခေတ်သစ်ရဲ့"

"ဘဝနဲ့ဆိုင်တဲ့စကားကို လေးလေးနက်နက်ပြောနေတာပါ . . ဖျိုးရဲ့"

သူမ အကြောင်းရိုက်လို့မရ။ ဟိုဘက်က သေချာအနီးကပ် လေ့ကျင့်ထားပုံ။

"နင် ငါ့ကိုလည်း အပြင်မှာ မမြင်ဖူးသေးဘဲနဲ့။ ငါ့ခြေထောက်တစ်ဖက်က သေးသေးလေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ငါ့ညီမလေးကလည်း လက်တိုတိုလေးပဲလေ။ နင့်ခြေထောက်က သေးသေးလေးဖြစ်နေရင် ငါက ညီမလေးလိုလည်း ချစ်ခင်စောင့်ရှောက်မှာ။ ချစ်သူတစ်ယောက်လိုလည်း ကြင်နာယုယမှာ"

"နင့်မျက်နှာလည်း ငါမမြင်ဖူးသေးဘူးလေ"

"အခု ဓာတ်ပုံ ပို့လိုက်ရမလား"

"မပို့နဲ့ . . . မပို့နဲ့ဟ . . . မကြည့်ချင်ဘူး"

သူမ ဘာကြောင့်မှန်းမသိ ငြင်းဆန်မိသည်။

"ကဲ . . . မကြည့်ချင်လည်း နားထောင်။ ငါ့ရုပ်က နည်းနည်းဖြူဖြူနုနုရှိပေမယ့် ယောကျ်ားပီပီ ချောပါတယ်။ အရပ်လည်းမြင့်တယ်"

"အမ်မာ . . . သူ့ကိုယ်သူ"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေသည့်ကောင်လေးကို သူမ ရယ်ချင်နေမိသည်။

"နေဦး . . . ဖျိုး . . . ငါ့ကို ဘယ်လိုသဘောထားမှာလဲ"

"ဟာ . . . မသိဘူး။ ရည်းစားတွေ ဘာတွေဖြစ်ရင် ချိန်းတွေ့ကြ၊ စိတ်ကောက်ကြနဲ့ အလုပ်ရှုပ်တယ်။ ငါက အလုပ်အားတာမဟုတ်ဘူး။ ငါက အလုပ်တွေ အများကြီးလုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်ဟာ။ ငါတို့ ချိန်းတွေ့လို့လည်း ရမှာမဟုတ်ပါဘူး။ နင်က မြန်မာပြည်မှာ၊ ငါက လျှင်တောထဲမှာ"

ကောင်မလေးက ခေါင်းခါပြီးသာ ရယ်မိတော့သည်။

"ငါက မြန်မာနိုင်ငံမှာပါလို့ နင့်ကို ဘယ်နှခါပြောဖူးလို့လဲ"

"ဟင် . . ."

ခေတ်သစ် ပျာပျာသလဲ ပြန်စဉ်းစားကြည့်သည်။ ဟုတ်သားပဲ။ သူတစ်ခါမှ မပြောခဲ့ဖူး။ ကိုယ့်ဘာသာကိုယ် တစ်ဖက်သတ်ထင်ခဲ့တာ။

"ဒါ . . . ဒါဆို နင်က ဘယ်မှာလဲ။ စင်ကာပူမှာ ကျောင်းတက်နေတာလား"

"မဟုတ်ဘူး။ ဂျပန်–တိုကျိုမှာ"

"ဟာ . . ."

သူ ဝမ်းသာရမလား၊ ဘာဖြစ်ရမလဲမသိ ဖြစ်သွားသည်။ နောက်ဆုံးတော့ ဝမ်းသာဖြစ်သွားပါသည်။

"ဟာ . . . နေနိုင်လိုက်တာ ပျိုးခင်းရာ။ နင်တကယ်ပဲ ငါ့ကို မပြောဘူး"

"အခုပြောပြီပဲ"

"ပြော . . . ပြော . . . နင့်လိပ်စာပြော၊ ငါ အခုလာခဲ့မယ်"

"နီး . . ."

"ဒါဆို ငါ့လိပ်စာပြောမယ်။ နင် အခုလာခဲ့"

"အံမာ . . . လာလိမ့်ဦးမယ် အားကြီးကြီး"

ဘာလိုစကားပြောဟန်လေးမှန်း မသိ။ ခေတ်သစ်ရင်ထဲမှာ ဘယ်လောက် ရစ်ချိတာစကားရှိသည့် လျှင်ကြီးတွေ လှုပ်နေပြီလဲ။

"ဒါဆိုလည်း ငါ့ကိုအဖြေပေးပါ"

"တကယ်စားလို့မရတဲ့ ကိတ်မုန့်ကြီးကို မီးမှုတ်ခိုင်းပြီး ရည်းစားစကားပြောတာ မလွန်ဘူးလား"



"မလွန်ပါဘူးဟာ။ ငါ ဒီစကားပြောဖို့ ရက်ရွေးနေတာ အကြာကြီးရှိပြီ"

" . . ."

ရှင်ပျိုးခင်း ငြိမ်နေပါသည်။ ဒီကောင်လေးကတော့ ဖွတ်ပဲ။ ခပ်တည်တည်နှင့်ပဲ line-out လိုက်ရင် ကောင်းမလား။ မကောင်းပါ။ ကဲ– ကဲ . . . ရင်ထဲရှိတဲ့အတိုင်းပေါ့။ မညာကြေး။ သူမ အားစိုက်ကာ လိုက်လျော့ပေးလိုက်ပါသည်။

"စဉ်းစားပေးမယ်"

အစဉ်အလာကျလွန်းသော စကားဆိုပေမယ့် ခေတ်သစ်ပျော်သွားပါသည်။

"ဘယ်နှစ်ရက်စဉ်းစားမှာလဲ"

"(၇)ရက်"

"များတယ်"

"သေလိုက် . . . ဒါဆိုလည်း"

အဲသည်စာရိုက်ပြီး သူမ လိုင်းအောက်လိုက်တော့သည်။ ပြီးတော့ အိပ်ရာပေါ်တက်၊ နံရံကိုမှီ သီချင်းတစ်ပုဒ်ကို သီဆိုနေလိုက်သည်။ အနားမှာအိပ်နေတဲ့ မီချီအဲရဲ့ဟောက်သံကြီးသာ ထွက်မလာရင် သိပ်ကောင်းမှာပဲ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရယ်
ချစ်တယ်ဆိုတာ . . .
ကမ္ဘာဦးလူ့လိမ်တစ်ယောက် ထွင်ခဲ့တဲ့စကားလို့
နင်ယုံသွားမှာကို စိုးတယ် . . .။



(၆)

ချိုးမွှန်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်။ ချစ်သူကို အဖြေပေးဖို့ စဉ်းစားတော့လည်း ခုနစ်ရက်ပဲပေါ့။ သို့သော် (၆) ရက်မြောက်နေ့မှာပဲ သူ့ပူဆာလွန်း၍ ကောင်မလေးက အဖြေပေးလိုက်ရပါသည်။ ဘယ်လိုတွေးတွေး သည့်အဖြေပဲပေးဖို့ ရင်ဘတ်က တောင်းဆိုနေတော့လည်း ဘယ်တတ်နိုင်မလဲ။ ကောင်မလေး ပေးလိုက်သည့်အဖြေက . . .

"အအိရှိတဲရှ"

တဲ့။ ချစ်တယ်ဆိုတဲ့ အဖြေလေးပေါ့။

"ငါ အရမ်းပျော်တာပဲ . . . ပျိုးရယ်"

သည်လိုနေ့မျိုးကို အမြဲပိုင်ဆိုင်ချင်မိပါသည်။ မပုပ်မသိုးသွားအောင်လည်း နှလုံးသားထဲ ဆေးရည်စိမ်ထားချင်သည်။ ပျိုးလည်း မျက်လုံးလေးမှိတ်ကာ ခံစားကြည့်နေပါသည်။

"နင်ကော မပျော်ဘူးလား . . . ပျိုးရယ်"

ဘယ်လိုများ မေးလိုက်တာလဲ။

"ငါလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

"ငါလည်း ခေးအိစဆွတ် နိ ခရိုမရဲတ"

ထိုစကား၏ မြန်မာလိုအဓိပ္ပာယ်က 'ရဲတွေဝိုင်းထားတယ်'တဲ့။ သို့သော် သူမဘာဆိုလိုမှန်း နားမလည်မိ။

"ဘာပြောတာလဲ . . . ပျိုးရ"

"ရဲတွေဝိုင်းထားတယ်လို့ ပြောတာလေ"

"အေး . . . သိတယ်လေ။ အဲဒါ ဘာကိုဆိုလိုတာလဲ"

"ငါ အဲဒီစကားအကြောင်း နင့်ကို မပြောပြရသေးဘူးလား"

"ဟင့်အင်း . . ."

"အဲဒါ ပုံပြင်တစ်ပုဒ်ဟာ။ မြန်မာပုံပြင်တော့ မဟုတ်ဘူး။ ဂျပန်ပုံပြင်လည်း မဟုတ်ဘူး။ အစ္စရေးပုံပြင်လို့တော့ ပြောကြတာပဲ"

"ငါ့ကိုပြောပြ"

– သူမက စာရိုက်၍ ပုံပြင်လေးကို ပြောပြပါသည်။

"တစ်ခါတုန်းက မြို့တစ်မြို့ရဲ့လမ်းကြားမှာ ခိုးဆိုးဓားပြတွေ ခိုအောင်းလေ့ရှိတယ်။ လမ်းတကာ၊ အိမ်တကာ လှည့်လည်လုပ်ရှားပြီး ညအချိန်ရောက်ရင် အဲဒီလမ်းကြားမှာ သူတို့ရလာတဲ့ပစ္စည်းတွေကို ထုတ်ကြည့်ကြ၊ စစ်ဆေးကြ၊ ရေတွက်ကြတယ်။

ဒီလမ်းကြားအကြောင်းကိုသိတဲ့ အကြံသမားတစ်ယောက်က အရူးတစ်ယောက်ကို မုန့်ကျွေးပြီး ခိုင်းတယ်။ လူဆိုးတွေ လမ်းကြားမှာ အထုပ်ဖြည်ရေတွက်တဲ့အချိန်မှာ အရူးကို 'ရဲတွေဝိုင်းထားတယ်၊ ရဲတွေဝိုင်းထားတယ်' လို့ အော်ပြီး အဲဒီလမ်းကြားက ဖြတ်ပြေးခိုင်းလိုက်တယ်။ ရဲတွေဆိုတဲ့အံလည်းကြားရော သူခိုးဓားပြတွေလည်း ပြေးကြတော့တာပေါ့။ ဒီတော့မှ အကြံသမားက လမ်းကြားထဲ အေးအေးဆေးဆေးဝင်ပြီး သူခိုး၊ ဓားပြ တွေကျန်ခဲ့တဲ့ပစ္စည်းကို အသာလေး သိမ်းသွားတော့တာပေါ့"

"ပိုင်လှချည်လား"



"အင်း . . . ပိုင်တော့ပိုင်ပါတယ်။ ဒါပေမဲ့ မခိုင်ဘူး။ သူက အရူးကို သေချာမချုပ်နိုင်ဘူး။ နောက်တစ်ခါ လမ်းကြားထဲကို ထပ်သွားအော်ခိုင်းတော့ အရူးက မအော်တော့ဘူး။ အရူးက 'သူကျတော့ ငွေညာင်တွေ အများကြီးယူတယ်။ ငါ့ကျတော့ မုန့်လေးတစ်ခုတည်း ကျွေးတယ်မတန်ဘူး' ဆိုပြီး တွေးမိလို့ပေါ့။

ဒါနဲ့ အကြံသမားလည်း နောက်ထပ်အရူးတစ်ယောက်ကို ရှာရပြန်တယ်။ အဲဒီအရူးကိုလည်း မုန့်တစ်ခုကျွေးပြီး လမ်းကြားထဲ ထုံးစံအတိုင်း ဖြတ်အော်ခိုင်းတယ်။ အဆင်ပြေပါတယ်။ ဒါပေမဲ့ ဒီအရူးလည်း တစ်ခါပဲ၊ နောက်တစ်ခါတော့ မအော်ပေးဘူး။ ပထမအရူးလိုလည်း အတွေးဝင်သွားတာလေ။

ဒါ့အပြင် ပထမအရူးနဲ့ ဒုတိယအရူးတို့ ပူးပေါင်းမိပြီး အကြံသမားကို ပညာပေးကြပါရော။ အကြံသမားကို ကုပ်ကထမ်းပြီး အဲဒီလမ်းကြားထဲ ဖြတ်ပြေးပြီး 'ရဲသားတစ်ယောက် ဖမ်းမိထားပါတယ်၊ ရဲသားတစ်ယောက် ဖမ်းမိထားပါတယ်။ အခု သူ့ကို ကျွန်တော်တို့ ထမ်းပြီး ပြေးနေပါတယ်' လို့ အော်ပြီး ပြေးကြတယ်။

လူဆိုးဓားပြတွေကလည်း ရဲက တစ်ယောက်တည်းဆိုတော့ ဘယ်ကြောက်မလဲ။ အုပ်စုလိုက် ထွက်လာကြတာပေါ့။ အကြံသမားကလည်း သူက ရဲမဟုတ်မှန်း တကြော်ကြော် အော်ရှာတယ်။ ဒါပေမဲ့ မရပါဘူး။ လူဆိုးတွေက ဝိုင်းကိစ္စ ရှင်းပစ်လိုက်တယ်"

"အကြံသမား သေသွားပြီပေါ့"

"အင်း . . . အကြံသမားသာသေတာ အရူးတွေက မသေဘူးလေ။ အရူးတွေက ဗိုက်ဆာတဲ့ညတွေဆို အဲဒီလမ်းကြားထဲကို 'ရဲတွေဝိုင်းထားတယ်၊ ရဲတွေဝိုင်းထားတယ်' လို့အော်ပြီး ဖြတ်ပြေးတာတုန်းပဲ။ စားစရာတွေရလာရင် တခြားအရူးတွေကိုလည်း ခေါ်ကျွေးပြီး ပျော်ပျော်ရွှင်ရွှင် အော်ဟစ်နေကြသတဲ့။ ရဲတွေဝိုင်းထားတယ် . . . ရဲတွေ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းထားတယ် ဆိုပြီးလေ။ အခုထိ အဲဒီမြို့က အရူးတွေနဲ့ အောက်ခြေတန်းစားလူတွေက အရမ်းပျော်ရွှင်ရင် 'ရဲတွေဝိုင်းထားတယ်' လို့ အော်နေတတ်တုန်းပဲတဲ့"

"အင်း . . . ပုံပြင်လေးက တစ်ခုခု ပြောချင်နေသလိုပဲ"

"ဟုတ်တယ် . . . တချို့က ဒါ ပုံပြင်မဟုတ်ဘူး။ ဖြစ်ရပ်မှန်တဲ့။ တချို့ကလည်း သရော်စာတဲ့။ ဘာပဲဖြစ်ဖြစ်ပေါ့၊ သူခိုးလက်က ဓားပြလု၊ ဓားပြလက်က အကြံသမားယူ၊ အကြံသမားလက်က အရူးက ရတဲ့ အကွက်လေးက လှတာပေါ့။ ဒါကြောင့် ငါနဲ့ မီချီအဲကဲ အရမ်းပျော်ရင် 'ရဲတွေဝိုင်းတားတယ်' လို့ ထအော်ကြတာ"

" 'ဘခ' တွေမို့လို့ပေါ့" (ဘခ= အရူး)

သူက စာပြန်ရိုက်လိုက်တော့ သူမက 'ဟား . . . ဟား . . .' ဟု ပြန်ရိုက်လေသည်။

"နောက်ပြီး ငါ အရမ်းပျော်နေချိန်ကျရင် ငါ့အဖေကို သတိရချင်တယ်။ ဒါကြောင့် အဲဒီစာသားလေး ရွတ်မိတာ"

"ဘာဖြစ်လို့လဲ"

"ငါ့အဖေကလည်း ရဲလေ။ ငါတို့က အဖေနဲ့သမီး နှစ်ယောက်တည်းရှိတာ။ တစ်ခါတလေ အဖေ့အနား ပြေးပြန်ချင်အောင် လွမ်းတယ်"

သူ ကောင်မလေးကို သနားမိသည်။ ကိုယ့်ကိုယ်ကိုယ်တောင် သနားဖို့မေ့ကာ . . .

"ငါလည်း အဲဒီရဲတွေဝိုင်းထားတယ်ဆိုတဲ့ စကားကို မှတ်ထားပါမယ်။ နှိုးစက်ထဲလည်း ထည့်ထားပါမယ်"

သူက ဂရုစိုက်ပြတော့ သူမ ပျော်မိသည်။

"ပျိုး . . . ငါတို့ အပြင်မှာတွေ့ရအောင်။ ငါ နင့်ကို အရမ်းတွေ့ချင်လို့"

" . . . . . "



ကောင်မလေးက ငြိမ်နေ၍ သူ တတွတ်တွတ် စာရိုက်ပြောရသည်။ နောက်ဆုံးမှ . . .

"ငါ့ကို (၁) ပတ် အချိန်ပေးဟာ။ ငါ့အလုပ်တွေက အများကြီး ပျက်သင့်တာတွေ ပျက်ရမှာဆိုတော့ နောက် (၁) ပတ်တိတိမှာ ငါတို့ တွေ့ကြမယ်လေ"

သူ ဝမ်းသာသွားသည်။ 'ရဲတွေ ဝိုင်းထားတယ်' လို့ပင် ထအော်ချင်သွားသည်။

"ဘယ် . . . ဘယ်မှာ . . . ငါတို့ တွေ့ကြမလဲ ပျိုး။ Fujkyuu land မှာလား၊ Yomiuri land မှာလား၊ disney . . . "

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ဟုဆိုကာ သူမက နေရာလေးတစ်ခု၏ လိပ်စာကို စာဖြင့်ရိုက်ကာ လှမ်းပို့လိုက်သည်။ မြို့လယ်က ဥယျာဉ်လေးတစ်ခုပါ။

"အဲဒီဥယျာဉ်ရဲ့ အနောက်ဖက်ဆုံးမှာ သစ်ပင်ပုလေးတစ်ပင်ရှိတယ်။ အဲဒီအပင်နားမှာ ခုံတန်းလျားလေးရှိတယ်။ အဲဒီခုံတန်းလျားလေးမှာ စောင့်နေ"

ဘယ်နေရာချိန်းချိန်း သူက အရောက်လာမည်ပဲ။ အရမ်းအရမ်း ပျော်နေတော့သည်။

"ခေတ်သစ် . . . နင် ငါ့ကို တကယ်ယူမှာနော်"

"ယူမှာပေါ့ . . . ပျိုးရ"

"ငါက ငါ ပထမဆုံးချိန်းတွေ့တဲ့ ယောကျ်ားနဲ့ပဲ ယူချင်တာ။ နင် ငါ့ကိုမယူရင် ဟို လူဆိုးလမ်းကြားကို ပို့ပစ်မှာ။ ဒါမှမဟုတ် ငါ့အဖေကို လက်ထိတ်ခပ်ခိုင်းမှာ"

ခေတ်သစ် အော်ရယ်မိတော့မည်။ သည်လို ပေါက်ကရပြောသည့် ကောင်မလေးနှင့်တွေ့ဖို့ မစောင့်နိုင်တော့ပါ။

"ငါ အဲဒီနေ့ မုန့်ဝယ်လာခဲ့မယ်။ နင် ဘာမုန့်ကြိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရေခဲမုန့် ကြိုက်တယ်။ ငါလည်း နင့်အတွက် လက်ဆောင်ဝယ်ခဲ့မယ်"

"အေး . . . ဒါနဲ့ ငါတို့ယူပြီးရင် မြန်မာပြည်မှာပဲ နေမှာနော်"

ယူဖို့အဆင့်တွေ ပြောနေသည်မို့ သူ့ရင်ထဲ လှိုက်ခုန်နေသည်။

"အေးပေါ့ . . . ကိုယ့်ပြည်ကိုယ့်ရွာ နေမှာပေါ့ဟ"

"ကောင်းတယ် . . . ဗမာပြည်မှ ငါလုပ်ချင်တာ လုပ်လို့ရမှာ"

"နင်က ဘာလုပ်မှာလဲ"

"သားသမီးတွေကို ရှင်ပြုပေးရမှာ။ ပြီးတော့ ငါးပိရည်နဲ့ ထမင်းစားမှာ။ နောက်ပြီး နင်အနိုင်မကျင့်အောင် ငါ့အဖေနား ကပ်နေမှာ"

"ငါက အနိုင်မကျင့်ပါဘူး . . . ဖျိုးရ"

"နင်မကျင့်လည်း ငါက အနိုင်ကျင့်မှာ"

"အာ . . ."

ရှင်ဖျိုးခင်း ရယ်နေပါသည်။ ခေတ်သစ်ကတော့ ခေါင်းကုတ်နေပါသည်။ ဒီကောင်မလေးကို သူ လိုက်မမီနိုင်ပါ။



(၇)

Kissing Day .

(ရည်းစားဖြစ်ပြီး ခုနစ်ရက်မြောက်နေ့သည် ချစ်သူကိုစနမ်းရန် အသင့်တော်ဆုံး အချိန်ဖြစ်၏။)

ဘယ်စာအုပ်ထဲမှာဖတ်ဖူးသလဲ မမှတ်မိတော့ပေမဲ့ သူ့မှတ်စုထဲ ကူးမှတ်ထားသဖြင့် မှတ်မိနေသည်။ သည်နေ့ အခွင့်အရေးရလျှင် သူမ၏ ဘယ်ဘက်ပါးပြင်လေး မည်သည့်ရနံ့မွှေးသည်ကို စမ်းသပ်ကြည့်ရမည်။

ရေမိုးချိုးရင်း သီချင်းအပိုင်းအစတွေ ညည်းမိသည်။ ဆပ်ပြာကို နှစ်ခါထက်မနည်း တိုက်မိသည်။ မနေ့က မွတ်နေအောင်လျှော်ထားသည့် အဖြူရောင်အင်္ကျီကို နံနက်စောစောကပဲ ကျော့နေအောင် မီးပူတိုက်လိုက်သည်။ လျှော်ဖွပ်နှင့်ရထားသော ရေမွှေးပုလင်းကို ခန္ဓာကိုယ်ချောင်ကြိုချောင်ကြားအနှံ့ ဖြန်းလိုက်သည်။ နာရီကြည့်တော့ (07: 45 AM)။ စောပါသေးသည်။ ချိန်းထားသည့်နေရာက နာရီဝက်နှင့်ရောက်အောင် သွားနိုင်သည်။

"အိုး . . . ဟုတ်သားပဲ။ မေ့နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

သူမအတွက် လက်ဆောင်ဝယ်သွားဖို့ သူ မေ့နေခြင်းဖြစ်သည်။ ဘာလက်ဆောင်ဝယ်ရမလဲ စဉ်းစားမရသေး။ ကိုယ့်ဆီမှာ ရှိပြီးသား ပစ္စည်းထဲက ပေးရင် ကောင်းမလား။ ဒါ ပေါ့ပျက်ပျက်ဖြစ်သွားမလား။ အပြေးအလွှား စဉ်းစားရသည်။

ဆိုင်ရောက်မှ ကြည့်ကျက်ဝယ်လျှင် အဆင်ပြေမည်။ ဒါဆို အချိန်နောက်ကျနေဦးမည်။ အင်း . . . မြန်မြန်ဝယ်ရမည်ပေါ့။ သူ အဝတ်အစား သွက်သွက်လဲကာ ထွက်ခဲ့တော့သည်။

ဆိုင်တစ်ဆိုင်သို့ သူရောက်ခဲ့သည်။

ဆိုင်ထဲမှာ အရုပ်တွေ အများကြီးရှိနေသည်။ သူ အရုပ်တော့ ကြိုက်လောက်မည်ဟု သူခန့်မှန်းကြည့်သည်။ အရုပ်လေးတွေကိုကြည့်ပြီး ဈေးနှုန်းလည်း ကြည့်ရသေးသည်။ ဈေးနည်းနေရင် မကောင်း၊ ဈေးများနေရင်လည်း သူဆူနေဦးမည်။ သူမက သူ့အတွက် ဆရာဆိုလျှင်လည်း မမှား၊ အုပ်ထိန်းသူဆိုလည်း မလွဲ။ သူ့ မိသားစုမရှိခင်ကတည်းက သူမ၏ လမ်းညွှန်မှုအောက်မှာ သူ့ဘဝ နွေးထွေးလုံခြုံခဲ့သည်မဟုတ်လား။ အခုဆို ဘူမဟာ သူ၏ချစ်သူပင်ဖြစ်ခဲ့ပြီ။ ထိုအတွေးနှင့် သူ ပြုံးမိသေးသည်။

ဟို အရုပ်လေးလှသည်။ သည်အရုပ်လေးလည်း ချစ်စရာကောင်းသည်ပဲ။ ရွေးချယ်ရတာ မပြတ်မသားဖြစ်နေသည်။ လိုချင်တာတွေ အကုန်လုံးဝယ်ရရင်လည်း ဆိုင်ကြီးသာ ပခုံးပေါ်ထမ်းတင်သွားရုံရှိတော့မည်။

သူ ဆုံးဖြတ်မရဖြစ်နေမှန်းသိသော အရောင်းဝန်ထမ်း ဂျပန်မလေးက သူ့အနားမှာ ရစ်သီရစ်သီလုပ်နေသည်။ အရုပ်ကလေးတွေအကြောင်း ရှင်းပြရန်ဖြစ်မည်။ သူ လက်ကာပြလိုက်သည်။ ရှင်းပြနေလျှင် အချိန်ကုန်မည်။ ကိုယ့်ဘာသာကိုယ် ဆက်ရွေးမည်။

တစ်နေရာမှာတော့ ခြေစင်းထိုင်နေသည် ကလေးအရုပ်လေးတစ်ရုပ်ကို တွေ့သည်။



"ဘီလီကင်"

သူ ထိုသို့ ရေရွတ်လိုက်မိသည်။ သည်အရုပ်လေး၏အမည်မှာ ဘီလင်ကင် (Billiken) ဖြစ်ကြောင်း သူသိသည်။ ၁၉၁၁ ခုနှစ်တွင် အမေရိကန်ကနေ ဂျပန်ကိုဝင်ရောက်လာသော အရုပ်လေးဖြစ်သည်။ ထို အရုပ်လေး၏ ခြေဖဝါးကိုကုတ်ပြီး လိုရာဆုတောင်းလျှင် ဆုတောင်းပြည့်တတ်သည်ဟု ဂျပန်တွေက ယုံကြည်ကြသေးသည်။

ထိုအရုပ်ကလေးကို သူဝယ်ခဲ့သည်။

နောက် တက္ကစီငှားကာ ကောင်မလေးနှင့်ချိန်းဆိုထားရာ ဉယျာဉ်ကလေးသို့ သွားသည်။ တက္ကစီပေါ်မှာ သူ အတွေးတွေ ဝေနေသေးသည်။ ကောင်မလေး၏အသံလည်း မကြားဖူး၊ ရုပ်လည်း မမြင်ဖူး၊ ကွန်ပျူတာလက်ရေးလေးပဲ ဖတ်ဖူးတာကို ဘာကြောင့် သူစွဲလမ်းမိသွားတာလဲ။

နောက် ကောင်မလေးက ဘယ်လိုရုပ်ရည်မျိုးရှိလိမ့်မလဲဟု တွေးမိပြန်သည်။ တရုတ်မင်းသမီး (Lu Yi Fei) လောက်လှလျှင် အလွန်ပျော်မိမည်ဖြစ်ပြီး တခြားချွတ်ယွင်းချက်တွေရှိလျှင်လည်း ဝမ်းမနည်း။ လက်တွဲဖို့သာ သူရှေ့တိုးမည်ဖြစ်သည်။ တွေးရင်း၊ စဉ်းစားရင်း သူ အမြန်ရောက်ချင်လာသည်။ ရောက်လည်း ရောက်တော့မှာပါ။

သို့သော် ရောက်ခါနီးမှာတော့ . . .

"ဟိုရှေ့မှာ လူတွေ ဘာဖြစ်နေတာလဲမသိဘူး"

တက္ကစီသမား ဂျပန်ကြီးကပြောမှ သူလည်း ရှေ့ကိုလှမ်းကြည့်မိသည်။ လူတွေတင်မကပါ ကားတွေပါ ပိတ်ဆို့နေသည်။ ဘာဖြစ်တာပါလိမ့်ဟု စူးစမ်းမိစဉ်ပဲ လမ်းဖြတ်သွားသည့်လူတစ်ယောက်က သူ့အဖော်တစ်ယောက်ကို လှမ်းအော်ပြောတာ ကြားလိုက်ရသည်။

"ကားတိုက်မိတာဗျ . . . လူတစ်ယောက်"

အရေးထဲ။ နိမိတ်မကောင်းလိုက်တာဟု သူ ရေရွတ်မိသည်။ နာရီကိုကြည့်တော့ ကိုးနာရီထိုးတော့မည်။ တက္ကစီမောင်းသူကို တခြားလမ်းက ပတ်မောင်းခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်ထဲက သူမချိန်းဆိုရာ ခုံတန်းလျားလေးဆီရောက်တော့ ကိုးနာရီထိုးဖို့ လေးမိနစ်လိုသေးသည်။ 8 : 56 AM.

ခုံတန်းလျားလေးမှာ သူမ မရောက်သေးပါ။ ကြေးဝါရောင် မီးခြစ်ကလေးတစ်လုံးကိုတော့ တွေ့သည်။ အဖုံးဖွင့်လိုက်လျှင် မီးတောက် ပြီးသားဖြစ်နေမည့် မီးခြစ်လေးဖြစ်သည်။

ဘီလီကင်အရုပ်လေးကိုပိုက်ကာ ခုံတန်းလျားလေးမှာ သူထိုင် သည်။ မျက်နှာက အလိုလို ပြုံးနေမိသည်။ လေ့ကျင့်ထားသော အပြုံး မျိုးမဟုတ်ဘဲ မသိစိတ်ထဲက ပြုံးနေသော အပြုံးမျိုးဖြစ်သည်။

ကစားနေကြသော ကလေးငယ်များ၊ မိသားစုများကိုကြည့် သည်။ သစ်ရွက်ဝါတွေ ကြွေနေတာကို ကြည့်သည်။ တစ်ယောက် ယောက် လက်ကလွှတ်ပြီး လေထဲတလွင့်လွင့်တက်နေသည့် ပူဖောင်း လေးကို ကြည့်သည်။ ဘာသဘောမှမရှိဘဲ ကောင်းကင်မှာကပ်နေသည့် တိမ်လွှာတို့ကို ကြည့်သည်။

နာရီကိုပြန်ငုံ့ကြည့်တော့ (9 : 15)။ သူ့အပြုံးသည် မှဲ့မသွား ပါ။ ကောင်မလေးက အလုပ်တွေ အများကြီးလုပ်နေသူမှန်း သူသိပြီး သားဖြစ်သည်။ ဟိုကြည့်သည်ကြည့် ကြည့်သည်။ ပိုင်ရှင်မဲ့စွာကျန်ခဲ့ သည့် မီးခြစ်လေးကို အဖုံးဖွင့်လိုက်ပိတ်လိုက် လုပ်နေလိုက်သည်။ ဘယ် လောက်ကြာသွားပြီလဲ။ နာရီကိုငုံ့ကြည့်တော့ (9 : 36)။ သူ့အပြုံးသည် ပျောက်ရှမသွားခဲ့ပါ။

နည်းနည်းညောင်းနေပြီဖြစ်၍ ဆောင့်ကြောင့်ထိုင်သည့်ပုံစံ ပြောင်းထိုင်လိုက်သည်။ လုပ်စရာမရှိဖြစ်နေသဖြင့် ဖိနပ်ကြိုးကို ပြန်ချည် နေလိုက်သည်။ မကြည့်မိဖို့ကြိုးစားလျက်က နာရီကို ငုံ့ကြည့်လိုက်မိ သည်။ (10: 10)။ သူ့အပြုံးသည် ပျောက်ကွယ်မသွားပါ။

မီးခြစ်လေးကို အဖုံးဖွင့်လိုက်တော့ မီးတောက်ကလေး ထွက် လာ သည်။ မီးညွန့်မီးတောက်လေးကို ကြည့်ရင်း သူ့ရင်ဘတ်က နာကျင်



မှုတစ်မျိုးနှင့် အောင့်လာသလိုလို။ မီးတောက်။ Flame။ သူ့ဘဝ မှောင် မိုက်ချိန်တုန်းက အလင်းပေးခဲ့တဲ့ မီးတောက်။

"ဟင် . . . "

နံနက်ခင်းတုန်းက သူ မော့ကြည့်ခဲ့သည့် ကောင်းကင်၏ တိမ် လွှာတွေ နေရာတွင် ကြယ်ပြာတွေ အစားထိုးလာပြီ။ အိုး . . . သူ မလို ချင်လိုက်တာ။ ညမှိုးချုပ်တာ မြန်လှချည်လား။

ဥယျာဉ်စောင့်က လာပြောမှ သူထွက်ခဲ့သည်။

အခန်းပြန်ရောက်တော့ ကွန်ပျူတာရှေ့မှာ ထိုင်စောင့်နေမိသည်။ ညနာရီ၏လက်တံများက တရွေ့ရွေ့နှင့် (၁၁) ဂဏန်းဆီ ရောက်ခဲ့ပြီ။ သူမကိုမတွေ့။ Flame ဆိုသည့် အကောင့်အမည်လေးဘေးမှာ အစိမ်း လုံးလေး လင်းမလာ။ သူ ဘယ်လိုအိပ်စက်ရမလဲ။ အိပ်စက်နည်းတွေ လည်း သူမ ခိုးယူမိးရှို့ခဲ့ပြီထင်။

"သြော် . . . သူ ရုတ်တရက် အရေးကြီးကိစ္စတွေ ပေါ်လို့နေ မှာပေါ့။ တစ်ခါတလေ ဒီလိုပဲဖြစ်တတ်တာပဲ"

သူ တစ်ခါတလေဟု ထင်ခဲ့သည်။

"ငါတစ်နေကုန် လာစောင့်နေတာနော် . . . ပျိုး"

ဟု သူ (of- line message) ချန်ခဲ့သေးသည်။

နောက်တစ်နေ့ကို သူ ပုံမှန်ဖြတ်သန်းကြည့်သည်။ ညရောက် ရင် ပြန်တွေ့ရမှာပဲဟူသည့် အတွေးနှင့် သူ နေထိုင်ကြည့်သည်။ စိုးထိတ် မိသည့်အတိုင်း ည(၁၁)နာရီမှာ Flame ဆိုသည့်အကောင့်လေး ပေါ် မလာပါ။

သူ နားမလည်စွာ ပေါက်ကွဲမိသည်။ ဘာကြောင့်လဲ၊ ဘာတွေ လဲ။ လာခြင်းကောင်းစွာနှင့် သူ့ရင်ကို ဝင်လာခဲ့သောမိန်းကလေး အခု ဘယ်မှာလဲ။ သူ ကြေကွဲစွာနှင့် ညတိုင်း စောင့်မျှော်ပါသည်။ ပေါ်မလာ ခဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘဝတွေ ပက်ကြားအက်တုန်းက သူမ မိုးစက်ဖြူဖြူလေးတွေ ရွာချပေးခဲ့သည်။ ချောက်ထဲကျနေစဉ် ကောက်ရိုးထက်ခိုင်သော (သို့) မပြတ်တောက်သော ရွှေရောင်ကောက်ရိုးလေး သူ့လက်တစ်ကမ်းသို့ ပေးခဲ့သူ။ ခလုတ်တွေတိုက်၊ ဆူးချွန်တွေပေါ် လက်တွေထောက်မိစဉ် မီးတုတ်တစ်ခု ထွန်းလင်းပေးပြီး ဒီလမ်းကနေ ဒီလိုသွားလို့ ညွှန်ပြခဲ့ သူ။ ကျိန်စာအစင်းစင်းကို ဖယ်ရှင်းပေးခဲ့သူ။ ထိုသို့ သူမအား နတ်သမီး အဖြစ် သူမြင်သည်။

တောင်ပံမဲ့နေသော နတ်သမီးသည် သူ့မျက်ဝန်းရှေ့တွင် အလျှံ တဝင်းဝင်းနဲ့ ပျံသန်းပြသည်။ သူ မက်မောချစ်ခင်ခဲ့သည်။ ယခု နတ် သမီးသည် အကြောင်းမဲ့ကွယ်ပျောက်သွားခဲ့ပြီ။ ကမ္ဘာပေါ်ရှိ ရေချိုးအိုင် တွေ 'စုပ်' ခနဲ ခမ်းသွားသလို သူ စိတ်နှင့်ခန္ဓာ ခြောက်ကပ်သွားသည်။ လှမ်းခုန်ဖမ်းဆုပ်သောလက်၌ အတိတ်ဟူသည့်အကွာရောသာ ကျန်ခဲ့ သည်။ အတိတ်ကိုပိုက်လို့ စိတ်အလိုလိုက်ကာ သတိရခြင်း၌ နေထိုင်ခဲ့ သည်။

"အူး . . . အွား . . . အွား . . . အား . . ."

"ရဲတွေ ဝိုင်းထားတယ် . . . ရဲတွေ ဝိုင်းထားတယ်"

ငရဲဘုံက အော်သံရယ်၊ အူကြောင်ကြောင်ပုံပြင်ထဲက စကား လုံးလေးတွေကို နှိုးစက်ထဲမှာ ထည့်သွင်းထားသည်။ သူ နံနက်တိုင်း ထိုအသံများနှင့် သူမကို အမှတ်ရရင်း နိုးထသည်။



သူမ၏ အဆုံးအမများသာ ပျော်ဝင်မနေခဲ့ရင် သူလည်း သေခ လိမ့်မည်။ ညတိုင်း သူ မပျက်မကွက် စောင့်သည်။ သို့နှင့် တစ်ညမှာ တော့ . . .

"ဟင် . . ."

Flame ဆိုသည့်အကောင့်လေး စိမ်းရောင်ခြယ်အလုံးလေးနှင့် ပေါ်လာခြင်းမဟုတ်ပါ။ သူ့ 'ခေတ်သစ်' ဆိုသည့်အကောင့် ဖွင့်မရတော့ ခြင်းဖြစ်သည်။

"ဟင် . . ."

(Password) မှားတာများလား။ သေချာပြန်ရိုက်သည်၊ မရ။ (Coonection) ကြောင်နေတာများလား။ သူ အမျိုးမျိုး စမ်းကြည့်သည်။ သို့သော် ဘယ်လိုမှဖွင့်မရ။ စိတ်ပေါက်ပေါက်နှင့် တစ်ညလုံး ဖွင့်သည်။ လုံးဝမရတော့။

ထိုသို့ သူ့အကောင့်လေး ပျက်စီးသွားခြင်းသည်လည်း သူမ နှင့် ပိုဝေးသွားသည့် အကြောင်းတရားပင်။

နှမြောဝမ်းနည်းစွာနှင့် သူ ညတွေမှာ ငိုမိသည်။ ပျော့ညံ့သည် ဟု အပြစ်တင်သည့်အသံလေးနှင့် သူရောက်လာရင်ကောင်းမှာ။ မရေရာ စွာ မျှော်လင့်မိသည်။ စိတ်ထိန်းမရတော့ အခန်းထဲက ပြေးထွက်ကာ လှေကားတွေအတိုင်း တစ်ဟုန်ထိုးတက်ပြေးတက်ကာ တိုက်ခေါင်မိုးပေါ် သွားသည်။ စိတ်ရှိလက်ရှိ အော်သည်။

ပြီးလျှင် အပြေးပြန်ဆင်းကာ ရေချိုးခန်းထဲ ဝင်သည်။ ခေါင်း တွေရွှဲနေအောင် ရေကိုလောင်းပစ်သည်။ ရေပန်းအောက်မှာ ထိုင်၍ သူ ငိုပြန်သည်။ နောက်ပြီး ရေစိုစိုနှင့် ခုတင်ပေါ်မှာဒီအတိုင်း အိပ်ပျော် သွားသည်။ မနက်ရောက်တော့ ဖျားသည်။ မုန်လာဥနီ၊ ကြက်ဥ၊ ပြောင်း ဖူးတို့ကိုရောကာ ဟင်းချိုလုပ်သောက်သည်။ ပျိုးရယ် . . . သူ့ရင်တွေ ကွဲကြေသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ချိန်းဆိုဖူးသော ဥယျာဉ်ကလေးဆီ ညနေတိုင်းသွားသည်။ ခုံတန်းလျားလေးမှာ ထိုင်သည်။ ခုံတန်းလျားလေးပေါ်မှာ ပိုင်ရှင်မဲ့မီးခြစ်လေးကို အရင်လိုတွေ့ပြန်သည်။ မီးခြစ်လေးကို အဖုံးဖွင့်လိုက်၊ ပိတ်လိုက်နှင့် တဖျောက်ဖျောက်ကစားရင်း အလွမ်းတွေနှင့် နေသားကျမိသည်။

မီးခြစ်အဖုံးကိုဖွင့်တော့ မီးတောက်ကလေး လင်းလာသည်။ မီးတောက် . . . မီးတောက် . . . Flame ။ သူ့ကို နွေးထွေးလင်းလက်မှု ပေးခဲ့သော မီးတောက်လေး။ အခု မရှိတော့ပြီ။ ကျန်ခဲ့ပြီ အဝေးမှာ။ ဟောင်းနွမ်းစွာ ကျန်ခဲ့ပြီ။ တစ်ချိန်က မီးတောက် . . .။

Old flame = ဟောင်းနွမ်းသော မီးတောက်၊

(သို့သော်)

Old flame ၏ အဓိပ္ပာယ်က 'ရည်းစားဟောင်း' တဲ့။

ငါ့ရဲ့ ရည်းစားဟောင်းကလေးရယ်။

ဘဝမှာ သူမ မရှိသောအခါ နေညိုချိန်တို့ မြန်ခဲ့သည်။

သူမကို မပေးဖြစ်ခဲ့သော ဘီလီကင်အရုပ်ကလေး သူ့နံဘေးမှာ ရှိသည်။



သူ့ကိုမှီရင်း သူလို့ဆွေးနေရှာသည်။

ထိုအရုပ်ကလေး၏ခြေဖဝါးကိုကုတ်ရင်း သူ့ရင်အနက်ရှိုင်းဆုံး ထောင့်ချိုးကနေ ဆုတောင်းလိုက်ပါသည်။

"ငါတို့ ပြန်ဆုံပါရစေသား"

ထိုစကား . . .

ရည်းစားဟောင်းကလေး ကြားစမ်းပါစေ။

ကြားနိုင်ပါစေ။ သူ ကြားပေးပါလေ။

ပင်လယ်ပြင်မှ လှိုင်းတစ်စသည် သူ့နှလုံးသားကို ကျောက်ဆောင်ဟု မှတ်ထင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)



## (၁)

"ပျိုးရယ် . . ."

"ခေတ်သစ်ရာ . . ."

ရင်နာစရာ ပြန်ဆုံခြင်းအဖြစ် သူတို့ ယူကျုံးမရဖြစ်ကြရသည်။

"ငါလည်း အဲဒီနေ့က ဥယျာဉ်နားမှာပဲ ရေခဲမုန့်လိုက်ရှာနေခဲ့တာ။ ရေခဲမုန့်ရလို့ ဝမ်းသာပြီး လမ်းဟိုဘက်ဖြတ်ကူးတော့ . . . ငါ . . ငါ ကားတိုက်မိတာ။ ဆေးရုံမှာ တစ်လလောက်ကြာခဲ့တယ်။ ဆေးရုံကဆင်းတော့ ငါ့ Flame ဆိုတဲ့အကောင့်က ဘာလို့လည်းမသိဘူး ဖွင့်မရတော့ဘူး။ တခြားအကောင့်အသစ်တစ်ခုလုပ်ပြီး နင့်အကောင့်ဆီ invite လုပ်တော့လည်း မရဘူးဖြစ်နေခဲ့တာ"

"ငါ့အကောင့်လည်း ဘာလို့မှန်းမသိ ပျက်သွားတယ်လေ။ ပျိုးရာ . . . လေးနှစ်ကြီးတောင်"

ပြီးစွန်းရှုပ်ထွေးစွာ ကံကြမ္မာသည် လည်နေခဲ့၏။ သူတို့နှစ်ယောက် မျက်ရည်တွေ ပြိုကျနေသည်။ ပြောချင်သည့်စကားလုံးကများပြီး ပြောထွက်သည့်စကားလုံးက နည်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ ဆေးရုံကဆင်းပြီး စနေနေ့တိုင်း အဲ့ဒီဥယျာဉ်လေးထဲက ငါချိန်းဆိုခဲ့တဲ့ခုံလေးမှာ ငါ လာထိုင်စောင့်နေခဲ့ပါတယ်ဟာ"

"ဟင် . . ."

သူ ပိုကြေကွဲသွားသည်။

"ငါလည်း တနင်္ဂနွေနေ့တိုင်း အဲဒီနေရာမှာ လာထိုင်စောင့်နေခဲ့တာ"

ဝေးစေတော့သည်။ တနင်္ဂနွေဟာ စနေမဟုတ်သလို စနေဟာ တနင်္ဂနွေမဟုတ်ခဲ့။ အခု သူတို့တည်ရှိနေပုံလိုပဲ ကျောချင်းကပ် ဝေးခဲ့ရပြီ။

မျက်ရည်တွေ အထပ်ထပ်စိုလိုက်၊ ခြောက်လိုက်ဖြစ်အောင် ငိုမိကြသည်။ ထိုစဉ်မှာပဲ သူတို့နှာခေါင်းများ ရှူ့လိုက်ကြသည်။ အနံ့ခံ အာရုံကို သေချာ အသုံးချကြည့်၏။

"ညှော် . . . ညှော်နံ့ရတယ်နော်"

"အေး . . . ဟာ . . . ဟိုမှာ . . . ဟိုမှာ"

ဂိုဒေါင်၏နံရံနားတွင် အမှိုက်တွေ မီးလောင်နေသည်။

"ဟိုလူဆိုးတွေ ဆေးလိပ်သောက်ပြီး ပစ်ချခဲ့ရာက လောင်တဲ့မီး ဖြစ်မယ် . . . ပျိုး"

"အေး . . . ပိုအရေးကြီးတာက အခုမီးလောင်နေတဲ့ လမ်းကြောင်းက ဓာတ်ဆီပေပါပုံးကြီးဆီ ဦးတည်နေတာမို့လား"

"ဟင်"

သူမပြောမှ သူကြည့်မိသည်။ ဟုတ်သည် . . .။ အမှိုက်တွေ တဖျောက်ဖျောက် ရွှေ့လျားကူးခတ်လောင်မြိုက်နေပုံက အရှိန်ပြင်းပြီး အခန်းထောင့်က ဆီပေပါပုံးကြီးဆီ ဦးတည်နေသည်။ လုံးဝ အန္တရာယ်။

"ခေတ်သစ် . . . ကြိုးမြန်မြန်ဖြတ်တော့"

"အေး . . ."



လက်က နောက်ပြန်အနေအထားနှင့် အသုံးပြုရသည်။ ထက်နက်က ကပ်ကြေး။ ထင်သလောက် မလွယ်။

အမှိုက်တွေက သစ်ရွက်ခြောက်များ၊ စက္ကူစုတ်များ၊ ပလတ်စတစ်များမို့ လောင်ရလွယ်နေသည်။

"အောက်ကအထုံးရဲ့ အပေါ်ကြိုးကို ဖြတ်နော်"

"အင်း . . . ဖြတ်နေတယ်"

ကတ်ကြေးကို လက်နှင့်ထိန်းပြီး ကျောကုန်းနှင့်တွန်းတိုက်ကာ ခဲရာခဲဆစ် ဖြတ်နေရသည်။ ဘာလို့မရရမှာလဲ။ ရေခဲနဲ့တောင် မီးမွှေးလို့ရသေးတာပဲ။ မာန်သွင်းပြီး အားစိုက်ဖြတ်သည်။ မီးလောင်ရာနေရာကိုတော့ မကြည့်အား။ သူ မကြည့်အားသည့်နေရာကို ကောင်မလေးက ကြည့်နေရသည်။

"ခေတ်သစ် . . . အရမ်းနီးလာပြီ"

". . ."

ကတ်ကြေးက လက်ကောက်ဝတ်တွေကို ရှကုန်သည်။ သွေးတွေထွက်လာသည်။ မထူးတော့။ ကျိတ်မှိတ်ကာ ကြိုးရောအသားပါ ရောပြီး တိုက်ဖြတ်နေရသည်။

မီးတောက်သာ ဆီပေပါဆီရောက်ပြီး ပေါက်ကွဲလို့ကတော့ သူတို့ အရိုးတခြား အသားတခြား ဖြစ်တော့မည်။ ရိုးမြေကျပေါင်းရပါစေဟု အရင်ဘဝက သူတို့ဆုတောင်းမိလားမသိ။

မီးတောက်က ဆီပေပါပုံးအခြေနားသို့ ရောက်လာပြီ။ ရှင်ပျိုးခင်း မျက်လုံးစုံမှိတ်ထားလိုက်သည်။

"ပြတ်ပြီ"

"ဒါဆို ဆောင့်ဆွဲလိုက်တော့"

သူမပြောသလို သူလည်း ဆောင့်ဆွဲလိုက်သည်။ တစ်စစီလိုက်ဖြတ်နေဖို့ အချိန်မရတော့သဖြင့် သူမလည်း ဆောင့်ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် တစ်ဟုန်ထိုးပြေးကာ ဂိုဒေါင်တံခါးကိုကန်ဖွင့်၍ အပြင်ကိုခုန်ထွက်ကာ မြေမှာ ဝပ်လိုက်ကြသည်။

. . . . . . . .

. . . . . . . .

. . . . . . . .

. . . . . . . .

တော်သေးသည်။ ဘာပေါက်ကွဲသံမှ ထွက်ပေါ်မလာ။

မီးကပဲ ငြိမ်းသေသွားတာလား။ သူတို့စိုးရိမ်သလို ဆီပေပါပုံးထဲမှာ ဆီတွေမရှိတော့တာ ကြာပြီဖြစ်၍လားမသိ။

စိတ်ချရအောင် မြေမှာခဏလောက် သူတို့ ငြိမ်ဝပ်နေသေးသည်။ အန္တရာယ်မရှိတော့မှန်း သေချာလောက်မှ သူတို့ ထရပ်နိုင်ကြတော့သည်။

မျက်နှာချင်းဆိုင် ရပ်မိကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် အခုမှ သေချာကြည့်ကြသည်။ ရင်တွေ ခုန်နေသည်။ အလိုလို ပြုံးလာသည်။

သူမ ပါးမို့မို့ပေါ်မှာကပ်နေသည့် မြေမှုန်လေးတွေကို သူ သပ်ချပေးလိုက်သည်။ ပြီးနောက် . . .။

ရည်းစားဖြစ်ပြီး လေးနှစ်ကြာမှ ချစ်သူဘယ်ဘက်ပါးပြင်လေးက မည်သည့်ရနံ့မွှေးသည်ကိုသိရတာ ရင်နင့်စရာ။

ရတုနှင့်တွက်လျှင် ပိုးရတုတောင် တိုင်ခဲ့ချေပြီ။

ⵋ ⵋ ⵋ



ကွဲနေတဲ့လမင်းကို
အက်ကြောင်းမရှိ ပြန်ဆက်ပြည့်တယ်
ချယ်ရီတွေ လွှယ်လွှယ်ပွင့်တောတယ်
ချိန်ကိုက်ထားတဲ့ သော့ခလောက်လေး
သွေးအေးမနေနဲ့တော့လေ . . .



www.burmeseclassic.com

www.burmeseclassic.com

(၂)

"ချီးယား . . . ချီးယား"

"ချီးယား . . ."

ခွက်ချင်းတိုက်ကာ ချီးယားလိုက်ကြသည်။ ပြီးတော့ သံပြိုင်ဆုတောင်းလိုက်သည်။

"ဘာလုပ်လုပ် အောင်မြင် . . ."

"ဟေး . . . ဟေး . . ."

သူတို့ သိပ်ကို မြူးတူးနေကြပါသည်။ လမ်းတွေ့သည့်ဆိုင်က ဘီယာတွေ ဖာလိုက်ဝယ်လာသည်။ ကားပေါ်တွင်ပဲ အောင်ပွဲခံသည်။

ငွေထုပ်တွေကို တစ်ယောက်နှင့်တစ်ယောက် မြှောက်ပေးလိုက်ကြ၊ ဖမ်းလိုက်ကြနှင့် ကစားနေကြသေးသည်။

ဂျမ်းက စိတ်ရှည်လက်ရှည်နှင့် ငွေတွေကို တစ်ထုပ်ချင်း ထိုင်ရေတွက်နေသည်။ ဆရာကြီးက မိန့်မိန့်ကြီးပြုံးကာ မိန့်ခွန်းချွေသည်။ ဆရာကြီးက ခါတိုင်းလည်း မူးလာရင် စကားကြီးစကားကျယ်တွေ ပြော



တတ်သည်။ အခုလည်း ပြောတော့မည်။ မူးတာကတော့ အားလုံး မူးနေကြပါပြီ။

"တွေ့လား . . . ဒီလိုငွေမျိုး မင်းတို့ တခြားမှာ သွားရှာကြည့်လှယ်မလား။ တစ်လ (၂)သိန်းရတဲ့အလုပ်တောင် (၁)နှစ်လုပ်မှ သိန်းနှစ်ဆယ်ဆိုတဲ့ နှစ်နောက်မှာ သုညခြောက်လုံးစာပဲရမယ်။ သိန်းနှစ်ဆယ်ဆိုတာ တကယ့်သူဌေးအိမ်က အိမ်သာခွက်ဖိုးတောင် မရှိဘူး။

အခုကြည့်စမ်း . . . ဒီမှာ ရာချီရနေပြီ။ ဘာမှမပင်ပန်းဘူး။ ငါတို့ အိမ်ပြန်ရောက်ရင် ကားနံပါတ်လဲလိုက်။ ပြီးရင် . . . အေ့ . . . လွတ်လွတ်လပ်လပ် သုံးစမ်း။ ကဲစမ်း . . . အေ့ . . . လူ့ဘဝရဲ့အရသာကို အခွံချွတ်ပြီး ခံစားပစ်လိုက်စမ်း . . . အေ့ . . ."

လူဆိုးတွေက သူတို့ဆရာ၏မိန့်ခွန်းကို မူးမူးတွေတွေနှင့် မှတ်သားနေကြသည်။ ဆရာကြီးက ဗလကြီးကို လှမ်းမှာသေးသည်။

"ဗလကြီး . . . မင်းက ကားမောင်းနေတုန်းဆိုတော့ မသောက်နဲ့ဦး . . . ကြားလား"

"ဟုတ်ကဲ့ . . . ဆရာကြီး"

ထိုသို့ပြန်ပြောလိုက်သည့် ဗလကြီး၏သောနားမှာက ပုလင်းခွံအပြားနှစ်ပြားလောက်ရှိသည်။ ဗလကြီးက နံနက်ကတည်းက ခိုးကစ်နေတာ ဘယ်သူမှမသိ။

ဆရာကြီးက ဆက်ဩဝါဒပေးသည်။

"ဘဝဆိုတာ ငွေပဲ။ ငွေမရှိရင် 'ပင်အပ်' ကနေ 'ဒုံးပျံ' အထိ ဘာမှမဝယ်နိုင်ဘူး။ ငွေရှိရင် ရွှေငွေရတနာ၊ အာဏာ၊ မိန်းမ၊ လေယာဉ်ပျံ၊ ကား၊ ပခုံးကိုနှိပ်ပေးတဲ့ စက်ရုပ်မ ကြိုက်တာဝယ်လို့ရတယ်။ အေ့ . . . အေး . . . ငွေရှာတဲ့နေရာမှာလည်း ဒီလိုဖြတ်လမ်းနည်းနဲ့ ဉာဏ်သုံးပြီး လုပ်ရှားတော့ . . . အေ့ . . . မအိုခင်၊ မနာခင် လိုချင်တာလေးတွေ ရတာပေါ့ကွ . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ဆရာကြီး"

"ဆရာကြီးပြောတာ မှန်တယ်"

"ဘဝမှာ ဆရာကြီးသာ ကြည်ညိုစရာအကောင်းဆုံး"

ကုလားချိုင်းမွေးကေနှင့်လူဆိုးက ဘဝတွေဘာတွေနှင့် ချီတွေ နေသေးသည်။

ကားမောင်းသည့် ဗလကြီးကလည်း သူ့ဆရာစကားကို ထောက်ခံရင်း လက်က အောက်ထဲနှိုက်နေသည်။ အောက်ထဲတွင် သောက်လက်စ ပုလင်းပြားလေး ရှိနေသည်မဟုတ်လား။ ပုလင်းပြားထဲတွင် လက်နှစ်လုံးခန့် ကျန်သေးသည်ကို ရေမရော၊ ဆိုဒါမကျဘဲ မော့ချပစ်လိုက်သည်။ မျက်နှာကြီး ရှုံ့မဲ့သွားသည်။ အမြည်းမရှိတော့ ကိုယ့်လက်ခုံကိုယ် လျှာနှင့်လျက်ကာ ဆားဓာတ်ယူလိုက်ရသည်။

"အေ့ . . ."

လေက ပျို့တက်လာသည်။ သိပ်ကောင်းနေပြီ။

ဂီယာချိန်းကာ ရှေ့ကိုကြည့်တော့ လမ်းက နှစ်ခွဖြစ်နေသလို။ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာကြည့်မှ လမ်းက တစ်လမ်းတည်း ပြန်ဖြစ်သွားသည်။

သူ့ရေချိန်မှာ ရီဝေသည့်အဆင့်ထက် ဟိုးဘက်ကို လွန်ကဲနေချေပြီ။ ထိုအချိန်မှာပဲ . . .

"အား . . . အွား . . . အူး . . . ပွး . . . အင်း . . ."

"အွား . . . ဝေါ . . . ဝါး . . . အင်း . . ."

"အား . . . အား . . ."

အသံတွေ ထွက်လာသည်။ လိုဏ်ဂူထဲက ဖြတ်စီးလာသလို အသံနက်ကြီးတွေကော။ စူးနေအောင်ခြစ်အော်နေသည့် မိန်းမတစ်ယောက် အသံကော၊ လေပူလေပွေတွေ အော်ပြီးပြေးလာသည့် အသံတွေကော၊ ကြောက်မက်ဖွယ်ခံစားနေရသည့်အသံတွေကော တဖြည်းဖြည်း ထွက်လာသည်။



"ဘာ . . . ဘာအသံတွေလဲ"

"ဘယ် . . . ဘယ်ကအသံတွေလဲ"

"ဟာ . . . ကြောက် . . . ကြောက်စရာကြီး"

ဘာမှန်းမသိသည့် အသံကြီးကြောင့် တစ်ကားလုံး ကြောင်တုန်ကြောက်ကုန်ကြသည်။ မူးပြီးမေးနေသည့်မျက်လုံးတွေ ပြူးပြီးဆန့်တုန် ကြသည်။ နေ့ခင်းကြောင်တောင်ကြီး နာနာဘာဝတွေ အုပ်လိုက်မိုးပြီး လိုက်လာသည့်အလား။

"အူး . . . ဝါး . . . အား . . ."

"ဒါ . . . ဒါ မိန်းမအသံကြီးဗျ"

". . . ."

". . . . ."

အသက်ရှူသံတွေတိတ်ကာ ကြောက်လန့်နေကြတုန်း ခုနက အသံတွေ ရပ်သွားပြီး . . .

"ရဲတွေဝိုင်းထားတယ် . . . ရဲတွေဝိုင်းထားတယ်"

ဟူသည့်အသံတွေ ထွက်လာတော့သည်။

"ဟာ . . . ရဲတွေလိုက်လာပြီတဲ့ . . . မောင်း . . . အမြန်မောင်း"

"မောင်း . . . မြန်မြန်"

မူးမူးနှင့် ဆင်ခြင်ဉာဏ်လည်း မသုံးနိုင်တော့ဘဲ ဖွတ်မောင်းခိုင်းတော့သည်။ နောက်ကိုလည်း လှည့်တော့ လှည့်ကြည့်ကြပါသေးသည်။

"ရဲတွေဝိုင်းထားတယ် . . . ရဲတွေဝိုင်းထားတယ်"

ကြောက်ကြောက်မူးမူးနှင့် ဗလကြီး ဂီယာချော်ထိုးမိသည်။ မျက်လုံးက လမ်းကို နှစ်ခွမြင်နေသည်။ ခေါင်းတစ်ချက်ယမ်းပြီး ပြန်ကြည့်တော့ လမ်းက နှစ်ခွကနေ သုံးခွ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်အချိန်ပဲ မြင်ကွင်းထဲဝင်လာတာက . . .

"ဟာ . . . ဘာကြီးလဲ။ အကောင်မည်းမည်းကြီး"

"အား . . ."

" . . . . "

ကားက ဦးတည်ရာကစခွဲကလျားဖြစ်ကာ လမ်းဘေးသစ်ပင်ဆီကို တည့်မတ်စွာ . . .။

ᄌ ᄌ ᄌ



(၃)

လိမ္မော်ရောင်နေအလင်းကို ပြေပြေလေးလမ်းထားသောလမ်းမေ ရေခဲမြို့၏အပြန်လမ်းလိုမျိုး ဝန်းကျင်မှာ အေးစိမ့်သာယာနေသည်။

"ငါ့ကို ချစ်သူကျင့်ဝတ် ပြန်ရွတ်ပြ"

"အင်း . . . ရွတ်ပြမယ်။ နားရွက်နဲ့ကော ရင်ဘတ်နဲ့ပါ နားထောင်"

သူ ရွတ်ပြလိုက်ပါသည်။ သည်ကျင့်ဝတ်ငါးပါးအတိုင်း သူမအနားမှာ မပျက်မကွက်နေဖို့ အခုထိ သူစောင့်ထိန်းနိုင်နေပါသည်။

"ဗျို့ . . . ငါ ဒီကျင့်ဝတ်လေးအတိုင်း နင့်အနားမှာ ငါနေသွားမှာကို . . . ယုံလား"

"မယုံဘူး"

"ဘာလို့လဲ"

"အခြောက်မကို ငမ်းလို့"

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

ခေတ်သစ် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပြန်သည်။ သည်အခြောက်မကိစ္စကို နောက်မှ သေချာရှင်းပြရဦးမည်။

ခေတ်သစ် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည့် အမူအရာလေးကိုကြည့်ပြီး ရှင်ပျိုးခင်း လွင်လွင်လေး ခေါင်းမော့ရယ်ပါသည်။

ထိုလမ်းအတိုင်း ရှေ့နည်းနည်း လျှောက်ပြီးသော အခါမှာတော့ -

"ဟိုရှေ့မှာ ဆူညံဆူညံနဲ့ ဘာအသံလဲဟ"

"ဘုရားပွဲတော့ မဟုတ်လောက်ဘူး"

ရှေ့ဆီတွင် လူတွေ ရုံးစုရုံးစု ဖြစ်နေသည်။ လူတွေတင်မကကားတွေပါ ရုံးစုရုံးစုဖြစ်နေသည်။ ရဲတွေလည်း တွေ့သည်။

သူတို့ စူးစူးစမ်းစမ်းနှင့် အနားရောက်သွားမှ . . .

"ဟာ . . . ဟိုလူဆိုးတွေ"

သူတို့ကို လေဆိပ်မှာ ပစ္စည်းလုသည့်လူဆိုးတွေ။ ယခု သစ်ပင်အောက်မှာ လက်ထိပ်တွေနှင့် ချုပ်နှောင်ခံထားရသည်။

လူဆိုးငါးယောက်၏ကားမှာ သစ်ပင်နှင့်ဝင်ကျုံးကာ မှောက်နေခြင်းဖြစ်သည်။ ရဲလည်းမဟုတ်ဘဲနှင့် လူဆိုးတွေအားမှာရပ်ကာ လူဆိုးတွေကို ကြိမ်းမောင်းနေသည့် လူတွေကိုကြည့်မိတော့ . . .

"ဟာ . . . လက်တိုလက်ရှည်နဲ့ ကိုတက္ကစီတို့ပါလား"

လောင်းကစားသမားနှစ်ယောက်နှင့် ရန်ကုန်မြို့၏ အကောင်းဆုံး တက္ကစီသမားတို့ဖြစ်နေသည်။

သူတို့ကလည်း ခေတ်သစ်နှင့် ရှင်ပျိုးခင်းကို မြင်သွားကာ . .

"ဟား . . . ဟိုမှာ ပိုင်ရှင်တွေလာပြီ။ လာ . . . လာ . . . ဒီမှာ မင်းတို့ကို လုယက်တဲ့အကောင်တွေ ဖမ်းထားပြီ"

အခြေအနေက ဘယ်လိုကြောင့် ဒီလိုဖြစ်ရမှန်း ရှင်ပျိုးခင်းတို့ နားမလည်ချေ။ ကိုတက္ကစီက အရင်ရှင်းပြသည်။



"ကျုပ်ကားက ဘီးပေါက်လို့ အသစ်လဲပြီး ဘီးအဟောင်းကို နောက်ဖုံးထဲ ထည့်ထားတာ။ သိတဲ့အတိုင်း ကျုပ်ကားနောက်ဖုံးကလည်း ချောင်တော့ ကားခုန်တဲ့အချိန်မှာ ပွင့်ထွက်သွားပြီး ကားဘီးကလည်း လမ်းပေါ် လိမ့်ကျသွားတယ်။ ဒီလူဆိုးတွေက အဲဒီဘီးလုံးကိုရှောင်ရင်း လမ်းဘေးထိုးကျသွားတာပဲ"

ကားမောင်းသည့်ဗလကြီးမှာ မူးပြီး ကားဘီးလုံးကို 'အကောင်မည်းမည်းကြီး'ဟုထင်ကာ ရှောင်လိုက်ခြင်းဖြစ်သည်။ အခုတော့ ကားဦးခေါင်းက သစ်ပင်ကြီးကို ပြေးဆောင့်ထား၍ ချိုင့်နေရှာပြီ။

ကိုတက္ကစီက သူနှင့်ပက်သက်တာ ရှင်းပြအပြီးမှာပဲ လက်တိုကလည်း သူ့အပိုင်းကို ရှင်းပြလာသည်။

"ကျုပ်တို့လည်း မီးပွိုင့်မှာ ဆိုက်ကားသမားတွေနဲ့ လောင်းကစားပြီးလို့ သွားသောက်ဖို့ ပြန်လာတာ။ ဒီနေရာရောက်တော့ ဒီကားကြီးက သစ်ပင်ကို ပြေးဆောင့်တာတွေ့တော့တာပဲ။ ကားနံပါတ်ကြည့်လိုက်တော့ မင်းတို့ကို လုယက်သွားတဲ့ လူဆိုးကား ( . . . /၅ . . . ၃) ဖြစ်နေတာနဲ့ ဆွဲစိထားလိုက်တာ"

လက်ရှည်ကလည်း လက်ထဲမှာ ကိုင်ထားသည့်ဖုန်းကို သူတို့ဆီ လာပေးရင်း . . .

"မင်းတို့ဖုန်းက ဘာအသံတွေ ထွက်နေမှန်းမသိဘူး။ သရဲအော်သံလိုမျိုးတွေကော၊ ရဲတွေဝိုင်းထားတယ်ကော လျှောက်အော်နေတယ်"

ခေတ်သစ် သူ့ဖုန်းကိုသူ သဘောပေါက်စွာ လှမ်းယူလိုက်သည်။

တစ်ချိန်က သူ့ကို ကောင်မလေးတစ်ယောက်က နှိုးစက်မှာ ငရဲဘုံမှအော်သံတွေ ထည့်ခိုင်းခဲ့ဖူးသည်မဟုတ်လား။ သူ ဒီအချိန်ထိ သူ့ဖုန်း(alarm) မှာ ထိုအသံတွေ ထည့်ထားဆဲ။ 'ရဲတွေဝိုင်းထားတယ်' ဟူသည့် စကားလုံးမှာတော့ အစ္စရေးသရော်စာပုံပြင်ထဲက အရှုးတွေ၊



www.burmeseclassic.com

www.burmeseclassic.com

အောက်ခြေသိမ်းလူတွေပျော်ရင် အော်သည့်စကားလုံးဖြစ်သည်။

သူ့ကောင်မလေး ပျော်ရင်လည်း ထိုစကားလုံးလေးကို အမြဲအော်တတ်သည် မဟုတ်လား။ ထို့ကြောင့် သူလည်း ထိုစကားလုံးလေးကို ဖုန်း (alarm) အဖြစ် သူကိုယ်တိုင် အော်ပြီးထည့်ထားသည်။

ယခု ဖုန်းထဲမှထွက်လာသည်မှာ ဤအသံများပင်ဖြစ်သည်။

ဒါကို နားလည်သောကောင်မလေးကလည်း သူ့ကို တအံ့တသြ ကြည့်နေသည်။

"နင် အခုထိ အဲဒါတွေနဲ့ အိပ်ရာနိုးတုန်းပေါ့"

"အိပ်ရာကနိုးယုံတင် ဘယ်ကမလဲ။ ဂျပန်မှာဆို ဒီအချိန်ဆို ကျောင်းကနေပြီး ကိတ်မုန့်ဆိုင်ဝင်ရတော့မယ့် အချိန်လေ။ အဲဒါကြောင့် (alarm) ပေးထားတာ။ ခုနကမြည်နေတာ အဲဒါကြောင့်ပေါ့"

"သြော် . . ."

အခုတော့ ရှုပ်နေတာတွေအားလုံး ရှင်းသွားပါသည်။

လူဆိုးအဖွဲ့လည်း ခုနက ဖုန်းထဲကထွက်လာသည့် အသံတွေကြောင့် ကြောင်ကုန်သွားခြင်းဖြစ်သည်။

ထိုအချိန် သူတို့အနားသို့ လူကြီးလူကောင်းတစ်ယောက် ရောက်လာသည်။ သူ့ဘာသာသူ ဖုန်းကိုင်ကာ စကားပြောနေခြင်းဖြစ်သည်။

"ဟဲလို . . . သမီးလား။ အေး . . . အခု ဒီနားမှာ ယာဥ်တိုက်မှု ဖြစ်နေလို့ . . . သမီးရဲ့။ ယင်ကောင်တွေတိုက်တာ မဟုတ်ဘူးလေ။ ကားတိုက်တာကို ပြောတာ။ ကားက ထီးရောင်းတဲ့ကား သာသာလောက်ပါ။ အင်း . . . ကားတိုက်ခံရလို့ သစ်ပင်ကြီးတော့ တော်တော်နာမှာပဲ"

ဘာတွေလာပြောနေမှန်းမသိ။ ထိုလူကြီးကိုမြင်တော့ သစ်ပင်အောက်တွင် လက်ထိတ်ခတ်ကာ အဖမ်းခံထားရသော လူဆိုးအဖွဲ့မှ ဂျမ်းက . . .



"ဆရာကြီး . . . အဲဒီလူပေါ့။ သူ့သမီး သဘာဝတော်ခဲ့မြစ်တောမှာ။ စိန်ဘယက်တွေ၊ ရတနာတွေ ပါလာမှာလို့ ပြောတဲ့လူ အဲဒီလူပဲ"

ဆရာကြီးလည်း ဂျမ်းညွှန်ပြတဲ့လူကို ကြည့်လိုက်သည်။ ကြည့်ပြီး ချက်ချင်းပဲ ကြေကွဲသွားပါသည်။ အနီးတွင် လမ်းကြိတ်စက်ရှိလျှင် ကိုယ်တိုင်တက်မောင်းကာ ဂျမ်းကို ကြိတ်ပစ်လိုက်ချင်ပါသည်။

"မင်း မသိဘူးလား။ အဲဒါ ဂေါက်ကြီးကွ။ မြို့လယ်ခေါင်က အရူး။ လူတိုင်းသိတယ်၊ မင်းမသိဘူးလား"

"ဗျာ . . ."

ဂျမ်း အူကြောင်ကြောင်ဖြစ်သွားသည်။ အရူးကြီးကို အရှိန်အဆန်ကြည့်ကာ ဘာမှနားမလည်နိုင်အောင် ဖြစ်နေတော့သည်။

ရဲတွေ လုပ်စရာရှိတာလုပ်သည်။ ကားနံပါတ်မှတ်သည်၊ ပစ္စည်းတွေစစ်သည်။ ထိုအထဲက အသက်ကြီးကြီး ရဲအရာရှိတစ်ယောက်က ရှင်ပျိုးခင်းကို မြင်သွားကာ . . .

"ဟာ . . . သမီးက ရဲအုပ်ကြီးအောင်မျိုးဝင်းရဲ့သမီး ရှင်ပျိုးခင်း မဟုတ်လား"

"ဟုတ်ပါတယ်ရှင့်။ ဦးလေးက ဦးလေးသိန်းဋ္ဌေးမဟုတ်လား"

ရဲအရာရှိနှင့် ရှင်ပျိုးက အသိအကျွမ်းတွေဖြစ်နေသည်။

"ဟာ . . . သမီးရယ်၊ သမီးဖေဖေက သမီး ခုရက်ပိုင်းပြန်လာမှာဆိုလို့ မျှော်လို့။ ဘာလို့ လာကြိုရအောင် ကြိုမပြောတာလဲ"

"ဖေဖေတို့ ပိုအံ့သြသွားအောင်လို့ပါရှင့်"

"ဟုတ်တယ် . . . ဟုတ်တယ် . . . ကိုအောင်မျိုးဝင်း သိပ်ဝမ်းသာမှာ။ ဒီလူဆိုးတွေကလည်း သမီးအိတ်ကိုမှ လာလုရတယ်လို့။ ကဲ—လာ ဦးလေးတို့နဲ့ တစ်ပါတည်းလိုက်ခဲ့"

ရဲအရာရှိကြီးက သူမအဖေလက်အောက်က တွဲဖက်အရာရှိဖြစ်သည်။ ယခု ဒါကြောင့် တစ်ခါတည်း ပြန်လိုက်ခဲ့ရန် ခေါ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ခေတ်သစ်ကို ကြည့်ရသည်။ ခေတ်သစ်က ချိုငြိမ်စွာပြုံးရင်း သူမကို ကြည့်နေပြီးသားဖြစ်သည်။ ပြီးမှ ခေတ်သစ် ခေါင်းညိတ်ပြလိုက်သည်။

"လိုက်သွားပါ . . . ပျိုး။ နင့်အဖေ မျှော်နေရောပေါ့"

သူ့မှာ အဖေမရှိတော့ပေမယ့် သူ ကိုယ်ချင်းစာပေးနိုင်ပါသည်။

"အင်း . . . ကျေးဇူးပဲ"

သူ့ခွင့်ပြုချက်ရမှသာ သူမလည်း သွားချင်ပါသည်။ လေးနှစ်မျှ ဝေးထားရသော ချစ်သူနှစ်ယောက် အခု ခေတ္တပြန်ခွဲရမှာကိုပင် စိုးထိတ်နေကြရှာသည်။

"ဒါဆို ငါလိုက်သွားတော့မယ်နော်။ ငါတို့ မနက်ဖြန် on-line မှာ ပြန်တွေ့ကြမယ်"

အပြင်မှာတွေ့ချင်ပေမယ့် သူမ၏သဘောကို သူ လိုက်လျောပေးလိုက်ပါသည်။

"အင်း . . . ငါ့အကောင့်က (Billiken) တဲ့"

သူမကို မပေးခဲ့ရသော အရုပ်ကလေး၏အမည်။ ရှင်ပျိုးခင်းကလည်း သူ့အကောင့်ကို ပြောပြပါသည်။

"ငါ့အကောင့်က (Old-flame) တဲ့။ နံနက်ပိုင်း(၉)နာရီ တွေ့မယ်နော်"

"အင်း . . . အအိရှိတဲရ ခေးအိစဆွတ် နိ ခခိမရဲတအိလု"

သူက ဦးအောင်ပြောတော့ သူမ ရယ်မောလိုက်မိပါသည်။ ရယ်မောလိုက်သည့် သူမနှုတ်ခမ်းသားလေးတွေက အိစက်လှပနေပါသည်။

သူမလည်း ပြန်ပြောလိုက်သည်။

"အအိရှိတဲရ ခေးအိစဆွတ် နိ ခခိမရဲတအိလု"

သည်တစ်ခါ မလွဲတော့ပါ။



မနက်ဖြန် အင်တာနက် (Connection) ကောင်းရန်၊ မြေအောက်ကြိုးများ ပြတ်မနေစေရန်တော့ ပိုင်းဝန်းဆုတောင်းပေးကြရန် လိုမည်ထင်ပါသည်။

တရွေ့ရွေ့ဝေးသွားပြီဖြစ်သော ကောင်မလေးလိုက်ပါသွားသည့် ကားကိုကြည့်ကာ သူ့ရင်တွင်း၌ မီးညွန့်လေးတစ်စင်း လင်းပနေရှာသည်။

⁂ ⁂ ⁂

သူဝေး

**January, 2012**

**01:22 PM**

BURMESE CLASSIC .com

www.burmeseclassic.com